# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိကိုယ်ကို ယဉ်ကျေးအောင်ဆုံးမ**

မြောင်းတူးရေယူသမားတို့သည် အလိုရှိရာရေကို ဆောင်ယူကြကုန်၏။ လေးသမားတို့သည် မြားကို ဖြောင့်ကုန်၏။ သစ်သမားတို့သည် သစ်ကိုလိုတိုင်း ရအောင်ရွေကုန်၏။ ကောင်းသောအကျင့်ရှိသော သူတော်ကောင်းတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကုန်၏။

ဒဏ္ဍဝဂ် (ဓမ္မပဒ - ၁၄၅)


၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက် | ၂၀၂၀ ပြည့်နှစ်၊ မတ် ၁၅ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၉)၊ အမှတ် (၁၆၇)


# Coronavirus Disease 2019 (COVID-19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်ကုစားရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၁၄

Coronavirus Disease 2019 (COVID–19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ရုံးချုပ်)၌ ကျင်းပသည်။

အစည်းအဝေးသို့ စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ လုပ်ငန်းကော်မတီအဖွဲ့ဝင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်း၊ လုပ်ငန်းကော်မတီအတွင်းရေးမှူး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦးနှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၅* ❊



Coronavirus Disease 2019 (COVID–19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

သတင်းစဉ်

# မြစ်ကြီးနား-မန္တလေး ရထားလမ်းပိုင်း၌ လေအိတ်ရထားတွဲဆိုင်း စတင်ပြေးဆွဲမည်ဖြစ်၍ ကျန်ရထားထွက်ချိန်များ အနည်းငယ်ပြောင်းလဲမည်

မြစ်ကြီးနား မတ် ၁၄

မြစ်ကြီးနား–မန္တလေး ရထားလမ်းပိုင်းတွင် မြန်မာ့မီးရထားမှ အသစ်တိုးချဲ့ပြေးဆွဲမည့် ကိုရီးယားလေအိတ်ရထားတွဲဆိုင်းများကို မတ် ၂၀ ရက်တွင် စတင်ပြေးဆွဲတော့မည်ဖြစ်သောကြောင့် ပုံမှန်ပြေးဆွဲလျက်ရှိသော ရထားအချို့၏ ထွက်ချိန်များ အနည်းငယ် အပြောင်းအလဲဖြစ်မည်ဟု မြစ်ကြီးနားဘူတာ ရုံပိုင်ချုပ်ထံမှ သိရသည်။

မြစ်ကြီးနားဘူတာ ရုံပိုင်ချုပ် ဦးခင်သော်က “မတ် ၂၀ ရက်မှာ ကိုရီးယားလေအိတ်ရထားကို မန္တလေးမှ ရော၊ မြစ်ကြီးနားမှ ရော စတင်ပြေးဆွဲသွားမှာ ဖြစ်ပါတယ်။ ရထားအချိန်က မွန်းလွဲ ၁ နာရီခွဲမှာ ပြေးဆွဲမှာ ဖြစ်ပါတယ်။ မတ် ၂၀ ရက်ကစပြီး မန္တလေး–မြစ်ကြီးနား လမ်းပိုင်းမှာ လက်ရှိပြေးဆွဲနေတဲ့ ရထားတွေကို ကျွန်တော်တို့ အချိန်စာရင်း အနည်းငယ် ပြောင်းလဲလိုက်တာ ဖြစ်ပါတယ်”ဟု ပြောကြားသည်။

လက်ရှိအချိန်တွင် မြစ်ကြီးနား–မန္တလေး လမ်းပိုင်း၌ မြစ်ကြီးနားဘူတာမှ နံနက် ၄ နာရီ ၄၅ မိနစ် ထွက်ခွာသည့် မြစ်ကြီးနား–နဘား လော်ကယ်ရထား၊ နံနက် ၈ နာရီ ၁၅ မိနစ်ထွက် အထူးမြန်ရထား၊ နံနက် ၈ နာရီ ၄၅ မိနစ်ထွက် ဒုတိယအမြန်ရထား၊ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်ထွက် တရုတ်နိုင်ငံထုတ်

*စာမျက်နှာ ၃ ကော်လံ ၁* ❊

အမှိုက်ကင်းကွာ ဒို့ကျေးရွာ၊ ကျေးရွာသန့်ရှင်း ရောဂါကင်း

စာ » ၆

ကုလသမဂ္ဂဝန်ထမ်းများ နေအိမ်မှ အလုပ်လုပ်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တိုက်တွန်း

စာ » ၁၄

ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရန် နှာခေါင်းစည်း တပ်ဆင်နည်းကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ထုတ်ပြန်

စာ » ၁၄




No.501, Pyay Road, Kamaryut Township, Yangon, Myanmar. Tel : +95(01)2304270~2, Fax : +95(01)537176, Email : contact@apq-electric.com
No.31/D, Block 900, 78 Road, between 42nd and 43rd Road, Mahar Aung Myay Township, Mandalay. Tel : +95 (02) 4033449, www.apq-electric.com

# အရေးပေါ်အခြေအနေကို ကုသိုလ်စိတ်ဖြင့်

ယနေ့ကမ္ဘာကို ကိုင်လှုပ်နှိုးလိုက်သော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) နိုင်ငံတကာသို့ လျင်မြန်စွာ ပျံ့နှံ့ကူးစက်သည့် သတင်းများ ကြေညာလိုက်သည်နှင့် လူ့အဖွဲ့အစည်းတစ်ခုလုံး တုန်လှုပ်သွားလေသည်။

ထိုရောဂါကူးစက်မှုက လွန်စွာမြန်ဆန်လွန်းပြီး သံသယဖြစ်ဖွယ်လူနာများ၊ ရောဂါပိုးကူးစက်ရရှိထားသူများ၊ ရောဂါစတင် ဖြစ်ပွားသူများနှင့် အသက်ဆုံးရှုံးရမှုများက တစ်ဆက်တည်းလိုလို ဖြစ်ပေါ်လာသည်။ ယင်းဖြစ်ပွားမှုများက မမျှော်လင့်ဘဲ ရုတ်တရက်ပင် အရှိန်အဟုန်ဖြင့် ပြန့်ပွားခြင်းဖြစ်ပေရာ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုပေးနိုင်သည့်လူအင်အား၊အကူအထောက်အပံ့ကိရိယာအင်အား၊ စမ်းသပ်စစ်ဆေးနိုင်မှုစနစ်နှင့် အနေအထား အစရှိသည်တို့ နိုင်ငံအသီးသီးတွင် မနိုင်မနင်း ဖြစ်ခဲ့ကြပေသည်။

မူလဖြစ်ပွားရာ တရုတ်နိုင်ငံသာမက အခြားသော နိုင်ငံများမှာပါ ဖြစ်ပွားမှုက ကြီးကျယ်လာသည့်အတွက် မိမိတို့နိုင်ငံအလိုက် တားဆီးကန့်သတ်မှုများ၊ သတိပေးကြေညာမှုများ၊ ပညာပေးလှုံ့ဆော်မှုများ၊ လိုအပ်လျှင်လိုအပ်သလို အရေးပေါ်ဥပဒေထုတ်ပြန်မှုများ၊ နိုင်ငံအတွင်းအရေးပေါ်အခြေအနေ ကြေညာမှုများစသည်ဖြင့် အရေးတယူ ဆောင်ရွက်ကြလေသည်။ နိုင်ငံအလိုက် ဖြစ်ပွားမှုအနေအထားအရ အချို့နိုင်ငံများတွင် လှုပ်သာရှားသာ ရှိသော်လည်း အချို့နိုင်ငံများတွင်မူ အတော်ပင် တင်းတင်းကျပ်ကျပ် ကိုင်တွယ်ထားသည်ကို တွေ့ရပေသည်။

သတင်းများထုတ်ပြန်သည့်အခါ သတင်းများပေါ်မူတည်၍ နိုင်ငံသားတို့၏ တုံ့ပြန်မှုအမျိုးမျိုးကိုလည်း တွေ့ရပါသည်။ တရားဝင်ထုတ်ပြန်သည့် သတင်းများသာမက ပုံကြီးချဲ့သတင်းများ၊ အတုအယောင်သတင်းများ၊ တာဝန်မဲ့သတင်းများကလည်း အလျှိုလျှိုပေါ်လာတတ်သည်ဖြစ်ရာ အချို့သော လူတို့အကြား အစိုးရိမ်ကြီးမှုမှသည် ဆောက်တည်ရာမရ ဖြစ်ကြသည်ကိုပင် တွေ့ရပါသည်။

နိုင်ငံ ကြီးသည်၊ ငယ်သည်မဟူ ထိုသို့သော သတင်းများဖြစ်ပေါ်သည်နှင့် တစ်ပြိုင်နက် အပြင်ထွက်ခွင့်များ ပိတ်လိမ့်မည်၊ အိမ်အတွင်းလုံလောက်သည့် စားရေရိက္ခာ ဖြည့်ဆည်းထားကြရန်လိုသည်၊ ပိုပိုလျှံလျှံ ပြေးဝယ်ထားမည်ဟု ယူဆကာ ဆိုင်များတွင် အလုအယက်တိုးဝှေ့ဝယ်ယူကြ၊ သိမ်းဆည်းသိုလှောင်ကြသည်တို့လည်းရှိ၊ အချို့က ကုန်ဈေးနှုန်းတွေ တက်တော့မည်၊ မရှိမဖြစ်လိုအပ်သည်များကို သိုမှီးထားခြင်းဖြင့် ဈေးကောင်းရကာ စီးပွားဖြစ်မည်ဟု တွက်ချက်သူများလည်းရှိ၊ အချို့ကမူ မရှိသူများ၊ မတတ်နိုင်သူများတော့ဖြင့် ဒုက္ခတွေ့ကြပေလိမ့်မည်၊ မည်သို့သွားရောက်ကူညီရပါမည်နည်းဟု လည်းကောင်း၊ အချို့က ဆရာဝန်၊ သူနာပြု၊ ဆေးရုံသန့်ရှင်းရေးဝန်ထမ်းစသည့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ မနိုင်ဝန် ထမ်းနေရသည့်အတွက် များစွာ ပင်ပန်းခက်ခဲနေပြီ၊ မည်သို့အားပေးကူညီရလျှင် သင့်တော်မလဲဟု လည်းကောင်း စသည်ဖြင့် အမျိုးမျိုး တွေးဆကြံစည်မိကြသည်။

နိုင်ငံအချင်းချင်းကြားတွင်လည်း မိမိနိုင်ငံအတွင်းသို့ အခြားသော နိုင်ငံများမှ ရောဂါပိုးများဝင်ရောက်မလာအောင်၊ မိမိနိုင်ငံသားတို့ကို မထိခိုက်အောင် ဘယ်လိုကာကွယ်တားဆီးကြမလဲ၊ နိုင်ငံအတွင်း အရေးပေါ်ထုတ်ပြန်မှုများကို မိမိတို့ပြည်သူများ လိုက်နာစရာတို့ကို လိုက်နာကြအောင်၊ ရှောင်ကြဉ်စရာကို ရှောင်ကြဉ်ကြအောင် ဘယ်လိုလုပ်မလဲ၊ ဟိုနိုင်ငံနှင့် သည်နိုင်ငံလိုအပ်နေမှုများကို မည်သို့ ကူညီပို့ဆောင်ပေးကြမလဲ စသည်ဖြင့် နိုင်ငံရေးခေါင်းဆောင်များ၊ ဆိုင်ရာဆိုင်ရာ ကျွမ်းကျင်သူများ၊ ပညာရှင်များက လူသားထုကို ထိခိုက်နစ်နာမှုအနည်းဆုံးဖြစ်အောင် ဘယ်လိုလုပ်ကြမလဲ စသည်ဖြင့် ဆွေးနွေးကြ၊ တိုင်ပင်ကြ၊ အဖြေရှာနေကြပေသည်။

အများအတွက် စိုးရိမ်စိတ်ဖြင့် ဝိုင်းဝန်းကူညီကာကွယ်ပေးလိုသည့်စိတ်ထားမွန်ဖြင့် တုံ့ပြန်ကြသူများရှိသကဲ့သို့ ပွဲလန့်တုန်း ဖျာခင်းလိုသူများ၊ လူအများ စိုးရိမ်ပူပန်မှု မများ များအောင် ဖန်တီးလိုသူများ၊ တောမီးလောင်နေစဉ် လက်ခမောင်းခတ်ချင်ကြသူများက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အမြတ်အမျိုးမျိုးထုတ်ရန် နည်းလမ်းရှာနေသည်လည်း ရှိချေ၏။

လူတို့သည် ပြင်ပဝန်းကျင်ရှိ အဖြစ်အပျက် အရာဝတ္ထုတို့နှင့် မိမိတို့၏ အာရုံခြောက်ပါးတို့ ထိခိုက်မိသည့်အခါ ပုံစံအမျိုးမျိုးဖြင့် တုံ့ပြန်ကြလေ့ရှိ၏။ နဂိုမူလစိတ်ခံပေါ်တွင် တည်မီကာ တုံ့ပြန်ကြသည်ဖြစ်ရာ အချို့က ရုတ်ချည်း၊ အချို့က တွေးတွေးဆဆ၊ အချို့က မဆင်မခြင်၊ အချို့က ပညာဉာဏ်ဖြင့် ချင့်ကာချိန်ကာ။ တွေ့ကြုံရမှုများပေါ်မူတည်ကာ လောဘ ဒေါသစိတ် အစရှိသည့် အကုသိုလ်စိတ်များ ဖြစ်ပေါ်တတ်သကဲ့ သို့ စာနာစိတ်၊ မေတ္တာစိတ်၊ ကရုဏာစိတ်၊ ကူညီလိုစိတ်၊ မုဒိတာစိတ်၊ ခွင့်လွှတ်စိတ် အစရှိသည့် ကုသိုလ်စိတ်များဖြင့် တုံ့ပြန်ကြသည်လည်းရှိ၏။

ထိုကုသိုလ်စိတ်၊ လူကြီးလူကောင်းစိတ်ထားဆိုသည်မှာ တွေးတွေးဆဆရှိသည့် ပညာဉာဏ်ကို အခြေပြုခြင်းဖြစ်ပါသည်။

ယခုကဲ့သို့ အန္တရာယ်များလှသော ကူးစက်ပြန့်ပွားမှုကပ်ရောဂါ ကမ္ဘာအနှံ့ဖြစ်ပွားနေသည်ဖြစ်ရာ၊ မိမိတို့နိုင်ငံတွင်းသို့ ယနေ့ချိန်ထိ မရောက်သေးသော်လည်း မမျှော်လင့်ဘဲ ရောက်ရှိလာပါက ဆိုးရွားသည့် အခြေအနေများဖြစ်လာနိုင်သည်ကို သတိထားကြရန် လိုပါမည်။ အကြောက်လွန်စရာမလိုသော်လည်း မျက်စိကန်း တစ္ဆေမကြောက် မဖြစ်ကြရန်လည်း လိုပါသည်။ အရေးပေါ်အခြေအနေများကို စနစ်တကျ တုံ့ပြန်နိုင်ကြရေး၊ စိတ်ချယုံကြည်ရသော သတင်းများကိုသာ ချင့်ချိန်တွေးဆ ယုံကြည်နားထောင်ကြရေး၊ စည်းကမ်းများကို လိုက်နာကာ နားလည်ကျွမ်းကျင်သူတို့၏ ညွှန်ကြားမှုများအတိုင်း ရှောင်ရန် ဆောင်ရန်တို့ကို နားလည်ကျင့်ဆောင်နိုင်ရေး၊ မိမိတို့ တစ်ကိုယ်တည်းအတွက်သာမက အများအတွက်ကိုလည်း စာနာကာ အများနှင့်အတူ ပူးပေါင်းလက်တွဲဆောင်ရွက်နိုင်ရေး စသည်တို့က အရေးကြီးမည်ဖြစ်ပါကြောင်း။

## ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် ဝါရှင်တန်မြို့ အခြေစိုက် United States Institute of Peace အဖွဲ့နှင့် တွေ့ဆုံ

**နေပြည်တော် မတ် ၁၄**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ အခြေစိုက် United States Institute of Peace (USIP) ၏ အကြီးတန်းအကြံပေး Ms. Priscilla Clapp နှင့်အဖွဲ့ကို မတ် ၁၂ ရက်က နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ၊ ကမ္ဘာလှည့်ခရီးသည်များအတွက် အတွေ့အကြုံသစ်များရရှိစေရန် ဆွဲဆောင်မှုရှိသော ခရီးစဉ်ဒေသအသစ်ဖော်ဆောင်မှု၊ COVID–19 တားဆီးကာကွယ်ရေးနှင့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှု၊ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရာတွင် ဘေးကင်းလုံခြုံအဆင်ပြေစွာ အပန်းဖြေအနားယူနိုင်ရန် ဆောင်ရွက်နေမှုများနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့အခြေစိုက် United States Institute of Peace (USIP) ၏ အကြီးတန်းအကြံပေး Ms. Priscilla Clapp နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

## မတ္တရာမြို့နယ်ရှိ သစ်တောကြိုးဝိုင်းမြေများမှ ပယ်ဖျက်မည့် လယ်မြေ ၆၇ ဒသမ ၀၂ ဧကအား ကွင်းဆင်းစစ်ဆေး

**မတ္တရာ မတ် ၁၄**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်အတွင်းရှိ တောင်ခေါင်းကြိုးဝိုင်းနှင့် ချောင်းသဘော့ကြိုးဝိုင်းရှိ လယ်မြေ ၆၇ ဒသမ ၀၂ ဧကအား သစ်တောကြိုးဝိုင်းမြေမှ ပယ်ဖျက်ပေးနိုင်ရေးအတွက် မြေပြင်ကွင်းဆင်း စစ်ဆေးခြင်းကို မတ် ၁၃ ရက်က ပူးပေါင်းအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။



မတ္တရာမြို့နယ်ရှိ တောင်ခေါင်းကြိုးဝိုင်းနှင့် ချောင်းသဘော့ကြိုးဝိုင်းတို့၌ ၂၀၁၃ ခုနှစ် စာရင်းကောက်ယူခဲ့သည့် သစ်တောမြေအတွင်း နှစ်ကာလအတန်ကြာ တရားမဝင်အခြေချနေထိုင်သည့်စာရင်းများအရ လယ်မြေ ၆၇ ဒသမ ၀၂ ဧကအား သစ်တောကြိုးဝိုင်းမြေအဖြစ်မှ ပယ်ဖျက်ပေးနိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏(၁/၂၀၂၀) ဆုံးဖြတ်ချက်အရ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်း၊ မြို့နယ်သစ်တောဦးစီးဌာနက ဝန်ထမ်းများ၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီတို့ ပူးပေါင်းပါဝင်သောအဖွဲ့က အဆိုပါကြိုးဝိုင်းများသို့ မြေပြင်ကွင်းဆင်းစိစစ်ခဲ့ကြသည်။

### ရှင်းလင်းပြောကြား

ထို့နောက် စကားပင်ကျေးရွာအုပ်စု ချောင်းသဘော့ကျေးရွာ၌ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းဖြင့် ဒေသခံပြည်သူများအတွက် သစ်နှင့်သစ်မဟုတ်သော သစ်တောထွက်ပစ္စည်း အစရှိသည့် သစ်တောနှင့် သစ်ပင်ဆိုင်ရာအခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်၍ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်နှင့် ဝင်ငွေအခွင့်အလမ်းများရရှိကာ ဆင်းရဲနွမ်းပါးမှုများ လျော့နည်းစေရန်နှင့် သစ်တောဖုံးလွှမ်းသည့်ဧရိယာ ဖွံ့ဖြိုးတိုးတက်လာပြီး ရေရှည်တည်တံ့စေရန်နှင့် စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရန် ပြည်သူပူးပေါင်းပါဝင်သော သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုစနစ်ကို မြှင့်တင်ရန် စသည်တိုကို ဒေသခံကျေးလက်နေပြည်သူများ သိရှိနားလည်နိုင်စေရန် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းနှင့် မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူးတို့က အသေးစိတ် ရှင်းလင်းပြောကြားခဲ့ကြကြောင်း သိရသည်။

### ပယ်ဖျက်ပေးနိုင်ရန် ဆောင်ရွက်

ထို့နောက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြင်ဦးလွင်ခရိုင်၊ မန္တလေးခရိုင်၊ ကျောက်ဆည်ခရိုင်၊ မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်တို့မှ သစ်တောကြိုးဝိုင်းမြေ ၃၃၆၀ ဒသမ ၃၃ ဧကနှင့် သာသနာ/အများပိုင်မြေ ၁၂၆ ဒသမ ၂၄ ဧက စုစုပေါင်း ၃၄၈၆ ဒသမ ၅၇ ဧကအား နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ ပယ်ဖျက်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ပဲခူးမြစ်ကူး သန်လျင်တံတားအမှတ် (၃) တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁၄**

ရန်ကုန်မြို့ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာရေး၊ ကုန်စည်စီးဆင်းမှုတွင် အဓိကအရေးပါသည့် ရန်ကုန် - သန်လျင် - သီလဝါ အထူးစီးပွားရေးဇုန်တို့ကို အလွယ်တကူ ဆက်သွယ်သွားလာနိုင်သည့် ပဲခူးမြစ်ကူး သန်လျင်တံတားအမှတ်(၃) တည်ဆောက်ရေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ကြည့်ရှုစစ်ဆေးသည်။

ထို့သို့ ကြည့်ရှုစစ်ဆေးစဉ် တံတားတည်ဆောက်ရေး ရှင်းလင်းဆောင်ရွက်သူများက တည်ဆောက်ရေးစီမံကိန်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှုများ၊ စီမံကိန်းစီမံခန့်ခွဲမှုအဖွဲ့ (PMU)၏ ဆောင်ရွက်နေမှုများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ယခုတည်ဆောက်နေသည့် တံတားပြီးစီးသွားပါက ဒေသ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ယာဉ်ကြောပိတ်ဆို့မှု လျော့နည်းသက်သာစေပြီး လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့လာမည်ဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်နှင့် ရေကြောင်းသွားသင်္ဘောများ ဘေးအန္တရာယ်ကင်းရှင်းရေးကို အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သာကေတဘက်ခြမ်းနှင့် သန်လျင်ဘက်ခြမ်းတို့၌ တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရေလယ်တိုင် ဘိုးပိုင်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် သန်လျင် - သီလဝါ အထူးစီးပွားရေးဇုန်လမ်းမကြီးတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပဲခူးမြစ်ကူး သန်လျင်တံတားအမှတ်(၃)သည် လက်ရှိ အသုံးပြုနေသည့် ရန်ကုန် -သန်လျင် အမှတ်(၁)တံတား၏ အနီးတွင်တည်ရှိပြီး ပင်မတံတား အရှည် ၁၉၂၈ မီတာ၊ သာကေတဘက်ခြမ်း ချဉ်းကပ်တံတား ၅၄၇ မီတာ၊ သန်လျင်ဘက်ခြမ်း ချဉ်းကပ်တံတား ၁၈၈ မီတာနှင့် ယာဉ်သွားလမ်းအကျယ် ၂၄ မီတာရှိ လေးလမ်းသွားတံတားဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သာကေတမြို့နယ် ထူပါရုံရပ်ကွက် ရောဝဏ်လမ်းမကြီးပေါ်၌ နတ်မောက်မြို့နယ်အသင်း (ရန်ကုန်) အဆောက်အဦသစ်ကို ကြည့်ရှုစစ်ဆေးပြီး နတ်မောက်မြို့နယ်အသင်း (ရန်ကုန်) အဆောက်အဦအသစ်တွင် ထားရှိရန် ဗိုလ်ချုပ်အောင်ဆန်း၏ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများကို တာဝန်ရှိသူများထံ ပေးအပ်သည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ပဲခူးမြစ်ကူး သန်လျင်တံတားအမှတ်(၃) တည်ဆောက်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

***❊ ရှေ့ဖုံးမှ***

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက COVID-19 ကြောင့် တိုင်းပြည်၏ စီးပွားရေးအပေါ် ဆိုးကျိုးသက်ရောက်စေနိုင်သည့် အခြေအနေများကို ကုစားရန်အတွက် ကော်မတီကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း အလေးအနက်ထား၍ ပြောကြားသည်။

ထို့နောက် COVID-19 ပြဿနာကြောင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များ ရေတို၊ ရေရှည်စီမံကိန်းများ ချမှတ်၍ တုံ့ပြန်ရန် နည်းလမ်းများကို အစည်းအဝေးတက်ရောက်လာသူများက အသေးစိတ်ဆွေးနွေးကြပြီး အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍတို့ပူးပေါင်း၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

**သတင်းစဉ်**



မြစ်ကြီးနား-မန္တလေး လမ်းပိုင်း၌ ပြေးဆွဲမည့် လေအိတ်ရထားအား တွေ့ရစဉ်။

***❊ ရှေ့ဖုံးမှ***

လေအိတ်တွဲဆိုင်းရထားနှင့် ညနေ ၄ နာရီထွက် မန္တလာရထားစသည်ဖြင့် ရထားအစီးရေ ငါးစင်း နေ့စဉ်ပြေးဆွဲပေးလျက်ရှိရာ မတ် ၂၁ ရက်မှစ၍ တရုတ်နိုင်ငံထုတ် လေအိတ်တွဲဆိုင်းရထားထွက်ချိန်ကို နံနက် ၁၀ နာရီခွဲသို့ ပြောင်းလဲမည်ဖြစ်ကြောင်း၊ ကျန်ရထားချိန်များမှာမူ များစွာ ပြောင်းလဲမည်မဟုတ်ဘဲ လမ်းခရီးတွင် ရထားဆုံခြင်း၊ ကျော်ခြင်း စသည့် အချိန်များအတွက်သာ အနည်းငယ် ပြောင်းလဲခြင်းဖြစ်ကြောင်း ရုံပိုင်ချုပ်က ဆက်ပြောသည်။

အသစ်ပြေးဆွဲမည့် ကိုရီးယားနိုင်ငံထုတ် လေအိတ်အဲကွန်းတွဲဆိုင်း ရထားအမှတ်(၃၂)သည် နေ့စဉ် မြစ်ကြီးနားဘူတာမှ မွန်းလွဲ ၁ နာရီခွဲတွင် ထွက်ခွာပြီး မန္တလေးဘူတာသို့ နံနက် ၇ နာရီ ၄၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်ကာ လမ်းခရီးတွင် ဘူတာခုနစ်ခုသာ ရပ်နားပေးမည်ဖြစ်ကြောင်း၊ ရထားတွင် စားသောက်တွဲတစ်တွဲ၊ အထက်တန်းတွဲဆိုင်း ၁၀ တွဲ ပါဝင်ပြီး ရိုးရိုးတန်းတစ်တွဲတွင် ထိုင်ခုံ ၄၀ ခန့်သာ ပါဝင်မည်ဖြစ်ကာ ရထားလိုက်ဝန်ထမ်းများကို နေရာချထားပြီးမှသာ ကျန်ထိုင်ခုံများကို ခရီးသည်များအတွက် ရောင်းချပေးမည် ဖြစ်ကြောင်း၊ လက်မှတ်ခန့်မှန်းထားမှာ မြစ်ကြီးနားမှ မန္တလေးအထိ အထက်တန်း တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှင့် ရိုးရိုးတန်း တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ ဖြစ်ကြောင်း သိရသည်။

အဆိုပါ အသစ်ပြေးဆွဲမည့် လေအိတ်အဲကွန်းရထားသည် ခရီးသည်များ လွတ်လပ်စွာ စီးနင်းနိုင်သော်လည်း အလုံပိတ်အဲကွန်းရထားဖြစ်၍ အနံ့ပြင်းသော အစားအစာနှင့် ကုန်ပစ္စည်းများ သယ်ဆောင်ခြင်း မပြုရန် မေတ္တာရပ်ခံလိုကြောင်းလည်း ရုံပိုင်ချုပ်က ပြောကြားသည်။

**မျိုးမြင့်စိုး(ပြည်နယ်/ပြန်ဆက်)**

# အမျိုးသမီးများနှင့် ကျေးလက်နေပြည်သူများအတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းစီမံကိန်း နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် မတ် ၁၄**

အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနနှင့် Finn Church Aid (FCA) အဖွဲ့တို့သည် အမျိုးသမီးများနှင့် ကျေးလက်နေ ပြည်သူများအတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် မတ် ၁၃ ရက်က နားလည်မှုစာချွန်လွှာ (MoU) လက်မှတ် ရေးထိုးကြကြောင်း အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ သိရသည်။

အမျိုးသမီးများနှင့် ကျေးလက်နေပြည်သူများအတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရေး နားလည်မှု စာချွန်လွှာကို အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခွန်အေးနိုင်နှင့် Finn Church Aid (FCA)အဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Henry Braun တို့က လက်မှတ်ရေးထိုးကြခြင်း ဖြစ်သည်။

အဆိုပါစီမံကိန်းကို အမေရိကန်ဒေါ်လာ တစ်သန်းဖြင့် ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။

စီမံကိန်းကို ဆင်းရဲနွမ်းပါးသည့် အမျိုးသမီးများနှင့် လူငယ်လူရွယ်များအတွက် ရည်ရွယ်ပြီး စီမံကိန်းဒေသရှိ ပြည်သူများ ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်လာနိုင်ရန်အတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ အမျိုးသမီးများအတွက် ကိုယ့်အားကိုယ်ကိုးအဖွဲ့များ ဖြစ်လာစေရန် ဖွဲ့စည်းပေးခြင်း၊ သင်တန်းဆင်းများအတွက် တစ်ပိုင်တစ်နိုင်လုပ်ငန်းငယ်များ တည်ထောင်လုပ်ကိုင်နိုင်ရန် စက်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ရင်းနှီးငွေများ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း သိရသည်။

**ကေတာ**

## (၁၈)ကြိမ်မြောက် ဆရာဝန်တင်ရွှေ စာပေဆုကြေညာ

**ရန်ကုန် မတ် ၁၄**

စာရေးဆရာကြီး ဆရာဝန်တင်ရွှေ အထိမ်းအမှတ် စာပေဆုများကို ၂၀၀၁ ခုနှစ်မှ စတင်၍ ချီးမြှင့်ခဲ့ရာ ယခုနှစ်အတွက် "စာပေဂုဏ်ဆောင်ဆုနှင့်အတူ စာမူဆုတစ်ဆု အပါအဝင် ၂၀၁၈ ခုနှစ်ထုတ် စာအုပ်သုံးအုပ်ကို ဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဆရာဝန်တင်ရွှေစာပေဆု ချီးမြှင့်ခံရသည့် စာအုပ်များမှာ ၂၀၁၈ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်များအနက်မှ ဆရာမကြီး ကြူကြူသင်း ရေးသားပြီး ကောင်းကင်မေစာပေတိုက်မှ ထုတ်ဝေသော "မှတ်မိနေတယ်" စာအုပ်၊ ဒေါက်တာမေမိုးနွယ် ရေးသားပြီး Myanmar Book Centre စာအုပ်တိုက်မှ ထုတ်ဝေသော "သွယ်လျကျန်းမာ တစ်သက်တာ" စာအုပ်နှင့် Dr. Aung Than Batu ရေးသားပြီး MMA Publishing House မှ ထုတ်ဝေသော "A Concise History of Medical Education in Myanmar (1886 to 2015)" စာအုပ်တို့ဖြစ်ပြီး စာမူဆုအနေဖြင့် ဆရာကြီးဦးသိန်းခိုင်(ဘဏ်)ရေးသားပြုစုသော "ငွေကြေးဆိုင်ရာစီးပွားရေးရာ"စာမူဆုနှင့် ဆရာဝန်တင်ရွှေ စာပေဂုဏ်ဆောင်ဆုအဖြစ် "ဆရာကြီး ဒေါက်တာမောင်မောင်ညို"တို့ကို ဂုဏ်ပြုချီးမြှင့်မည် ဖြစ်သည်။

စာပေဆုအခမ်းအနားကို မကြာမီကျင်းပမည်ဖြစ်ပြီး စာပေဆုများနှင့် စပ်လျဉ်း၍ သိရှိလိုပါက တင်ရွှေစာပေ ဖုန်းနံပါတ် ၀၉-၅၁၁၇၆၃၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၁၄**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# တောင်သာမြို့နယ်ရှိ အသေးစားရေနံချက်လုပ်ငန်း (Mini Refinery) စမ်းသပ်လည်ပတ်

**နေပြည်တော် မတ် ၁၄**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျောဇီကျေးရွာအနီးရှိ MCCM Co, Ltd ၏ အသေးစား ရေနံချက်လုပ်ငန်း (Mini Refinery) စမ်းသပ်လည်ပတ်နေမှုကို ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင်နှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်တို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ စက်ရုံရှင်းလင်းဆောင်၌ စက်ရုံတာဝန်ခံက စက်ရုံတည်ဆောက်ထားမှုနှင့် စမ်းသပ်လည်ပတ်မည့် အစီအစဉ်များ၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ဒုတိယစက်ရုံမှူး ဒေါ်ဖြူဖြူအောင်က အသေးစားရေနံချက်လုပ်ငန်း (Mini Refinery) အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် MCCM Co, Ltd ၏အသေးစားရေနံချက်စက်ရုံကို မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်းမှ နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီပေးနေမှုများကို ရှင်းလင်းတင်ပြကြရာ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြမှုများအပေါ် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က စက်ရုံမှထွက်ရှိသော စက်သုံးဆီများကို အရည်အသွေးပြည့်ဝပြီး ဈေးကွက်အတွင်း ယှဉ်ပြိုင်နိုင်အောင် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်နိုင်ရေးဆောင်ရွက်ရန်၊ လုပ်ငန်းဆောင်ရွက်ရာတွင် မီးဘေးအန္တရာယ်မဖြစ်ပေါ်ရေး အလေးထားဆောင်ရွက်ရန်၊ စက်ရုံမှ စွန့်ပစ်ပစ္စည်းများကို သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိအောင် သက်ဆိုင်ရာဌာနများ၏ သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန်နှင့် ဒေသဖွံ့ဖြိုးရေးအတွက် လူမှုရေးတာဝန်သိမှု CSR အစီအစဉ် ဆောင်ရွက်သွားရန်မှာကြားပြီး စက်ရုံအတွင်းရှိ Digital Control System ဖြင့် ထိန်းချုပ်မောင်းနှင် လည်ပတ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

MCCM Co, Ltd ၏ အသေးစားရေနံချက်စက်ရုံသည် ပြည်တွင်းရေနံလက်ယက်တွင်းများမှ ထွက်ရှိသော ရေနံစိမ်းများကို တစ်ရက်လျှင် ဂါလန် ၃၀၀၀၀ ချက်လုပ်ကာ ကုန်ချောအဖြစ် ဓာတ်ဆီဂါလန် ၄၅၀၀၊ ဒီဇယ်ဆီဂါလန် ၁၉၅၀၀ နှင့် မီးထိုးဆီဂါလန် ၅၄၀၀ ခန့် ချက်လုပ်ပေးနိုင်သော စက်ရုံဖြစ်သည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ဒေသတွင်း လူမှုရေး၊ စီးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေး၊ လယ်ယာကဏ္ဍနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများတွင် စက်သုံးဆီကို သင့်တင့်သောဈေးနှုန်းဖြင့် အသုံးပြုနိုင်ရန်ရည်ရွယ်၍ ရေနံလက်ယက်တွင်းများမှ ထွက်ရှိသော ရေနံစိမ်းများကို ထုတ်လုပ်မှုနည်းစဉ်စနစ်တကျဖြင့် ဒေသန္တရရေနံချက်လုပ်ခြင်း လုပ်ငန်းလိုင်စင်များ ခွင့်ပြုပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၄၁၁ ဦး၊ ပဲခူးတိုင်းဒေသကြီးအတွင်း သုံးဦး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း နှစ်ဦး၊ ရောဝတီတိုင်းဒေသကြီးအတွင်း ၁၇ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း ၄၅ ဦး စုစုပေါင်း ၄၇၈ ဦးကို လိုင်စင်စိစစ် ခွင့်ပြုပေးထားပြီး အသေးစားရေနံချက်လုပ်ငန်း (Mini Refinery)ကို MCCM Co, Ltd အား ပထမဦးဆုံးအကြိမ် စမ်းသပ်လည်ပတ်ခွင့် ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**




မန္တလေးတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင်နှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်တို့ တောင်သာမြို့နယ် ကျောဇီကျေးရွာအနီးရှိ MCCM Co, Ltd ၏ အသေးစား ရေနံချက်လုပ်ငန်း (Mini Refinery) စမ်းသပ်လည်ပတ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

# မြန်မာနိုင်ငံကုန်စည်ပြပွဲနှင့် ဆွေးနွေးပွဲများဆိုင်ရာ လုပ်ငန်းအသင်း၏ တတိယအကြိမ်မြောက် နှစ်ပတ်လည်အခမ်းအနားကျင်းပ

**ရန်ကုန် မတ် ၁၄**

မြန်မာနိုင်ငံကုန်စည်ပြပွဲနှင့် ဆွေးနွေးပွဲများဆိုင်ရာ လုပ်ငန်းအသင်း၏ တတိယအကြိမ်မြောက် နှစ်ပတ်လည် အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ Novotel Hotel ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် MECA အသင်းဥက္ကဋ္ဌ ဦးမျိုးသန့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ မြန်မာကုန်သွယ်မြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နေဉ်မူတာကပေါ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

" ကျွန်တော်တို့ MECA ဟာ ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှာ မှတ်ပုံတင်ခဲ့ပြီးတော့ ပြည်တွင်းမှာရှိတဲ့ Exhibition နဲ့ပတ်သက်တဲ့ ဝန်ဆောင်မှုပေးတဲ့ လုပ်ငန်းရှင်များပါဝင်တဲ့အသင်းဖြစ်တာကြောင့် ယနေ့မှာ တတိယအကြိမ်နှစ်ပတ်လည်ကို ကျင်းပတာပါ။ ၂၀၁၉ ခုနှစ်ကစလို့ ကုန်သွယ်စက်မှုအသင်းချုပ်ရဲ့ ညီနောင်အသင်းလည်း ဖြစ်ခဲ့ပြီး နိုင်ငံတကာအသင်းအဖွဲ့တွေမှာလည်း အသင်းဝင်နိုင်ငံတစ်ခုအဖြစ် ရပ်တည်လာခဲ့ပါပြီ။ ဒေသတွင်းနိုင်ငံတွေမှာ စက်မှုလုပ်ငန်းကနေ တိုင်းပြည်ရဲ့ GDP ကို ရှာဖွေပေးနေတာကြောင့် ကျွန်တော်တို့အသင်းအနေနဲ့လည်း စက်မှုလုပ်ငန်းအပါအဝင် ကုန်စည်ပြပွဲတွေက တစ်ဆင့် ရင်းနှီးမြှုပ်နှံသူတွေ များများဝင်ရောက်အောင် နိုင်ငံတော်နဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်" ဟု မြန်မာနိုင်ငံ ကုန်စည်ပြပွဲနှင့် ဆွေးနွေးပွဲများဆိုင်ရာ လုပ်ငန်းအသင်းဥက္ကဋ္ဌ ဦးမျိုးသန့်က ပြောသည်။

"အသင်းသားတွေရဲ့ အတွေးအမြင်တွေဟာ MICE Industry ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အထောက်အပံ့ကောင်းတွေရရှိမယ်လို့ မျှော်လင့်ပါတယ်။ မြန်မာနိုင်ငံရဲ့ MICE Industry ဟာ အရှိန်အဟုန်မြင့် ဖွံ့ဖြိုးတိုးတက်လာမယ်လို့ ယုံကြည်ပါတယ်။ ဒေသခံတွေ ဝင်ငွေတိုးပွားပြီး အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ရရှိစေပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက် အထောက်အပံ့ကောင်းတစ်ခုလည်း ဖြစ်ပါတယ်"ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ပြောသည်။

MICE Tourism နှင့်ပတ်သက်၍ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ ထုတ်ပြန်ချက်အရ အာရှ၊ ပစိဖိတ်နိုင်ငံနှင့် မြို့တော်အများစုမှာ MICE Tourism ကို ဦးတည်ဆောင်ရွက်လျက်ရှိပြီး စီးပွားရေး၊ လူမှုရေးနှင့် အသိပညာအကျိုးကျေးဇူးများရရှိကာ မြန်မာနိုင်ငံတွင် MICE Tourism ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၅ ခုနှစ်မှစ၍ နေပြည်တော်တွင် ဖွံ့ဖြိုးရန်ဆောင်ရွက်ခဲ့ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့အား ၂၀၁၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့တို့ ပူးပေါင်း၍ ဥရောပနှင့် အာရှမှခရီးသွားလုပ်ငန်းရှင် ၅၉ ဦး ပါဝင်သောအဖွဲ့ကို ၂၀၁၅ ခုနှစ် မေလတွင် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် နိုင်ငံတကာသဘာဝအခြေခံ ညီလာခံကြီးကို ၂၀၁၅ခုနှစ်တွင် မြန်မာနိုင်ငံ၌ကျင်းပနိုင်ခဲ့ကြောင်း ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ဆက်လက်ပြောကြားသည်။

**သန်းထိုက်၊ ဓာတ်ပုံ – သန်းစိုး**




# Mandalay Smart Pay စနစ်ဖြင့် ငွေပေးချေနိုင်မည့် အစီအစဉ် မန္တလေးမြို့တွင် စတင်အသုံးပြု

**မန္တလေး မတ် ၁၄**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ မြို့တော်အတွက်ပေးဆောင်ရမည့် အခွန်အခများကို Mandalay Smart Pay (MSP Wallet) စနစ်ဖြင့် ငွေပေးချေနိုင်မည့် အစီအစဉ်ကို ဒေသခံပြည်သူများ စတင်အသုံးပြုနိုင်ရန် မတ် ၁၄ ရက်က မန္တလေးကွန်ဗင်းရှင်းစင်တာတွင် MSP Account များ ဖွင့်လှစ်၍ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါအစီအစဉ်ကို စင်ကာပူနိုင်ငံအခြေစိုက် မြန်မာနိုင်ငံသားပိုင် 2C2P ကုမ္ပဏီ၏ နည်းပညာအကူအညီဖြင့် ရတနာပုံဘဏ်တို့ ပူးပေါင်းဆောင်ရွက်ပေးသည့် ငွေသွင်းငွေလွှဲခြင်းများအတွက် အခကြေးငွေ ဖြတ်တောက်မှုလုံးဝမရှိသော ငွေပေးချေနိုင်သည့်စနစ်တစ်ခုဖြစ်ကြောင်း သိရသည်။

"မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ဒီ MSP စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရတာက စည်ပင်ကိုပေးဆောင်ရမယ့် အခွန်အခတွေအပြင် ငွေအကြွေရှားပါးမှုကြောင့် အပိုဝန်ဆောင်ခတွေ ပေးနေရတဲ့ အခက်အခဲတွေကိုလည်း တိတိကျကျ မှန်မှန်ကန်ကန်နဲ့ ၂၄ နာရီ အချိန်ပြည့် QR Code ကနေတစ်ဆင့် ငွေလွှဲခ လုံးဝမပေးရဘဲ ပေးချေနိုင်ဖို့ ရည်ရွယ်ပြီး ဆောင်ရွက်တာဖြစ်ပါတယ်။ နောက်ပိုင်းမှာ စည်ပင်အခွန်အခတစ်ခုတည်းသာမကဘဲ မန္တလေးမြို့မှာရှိတဲ့ အရောင်းအဝယ်လုပ်ငန်းတွေအားလုံးမှာ အသုံးပြုလို့ရအောင် လုပ်ငန်းရှင်တွေကို ဒီ MSP စနစ်ကို သုံးစွဲဖို့ တောင်းဆိုတဲ့အခါမှာ သူတို့အားလုံးကလည်း စိတ်အားထက်သန်စွာ ပါဝင်လာကြတာကို တွေ့ရပါတယ်။ နိုင်ငံတကာမှာလည်း ဒီ Smart Pay အစီအစဉ်ကို အသုံးပြုနေတာဖြစ်တဲ့အတွက် ကျွန်တော်တို့နိုင်ငံမှာလည်း ရှိသင့်နေပါပြီ။ ဒါ့အပြင် ကျန်းမာရေးအနေနဲ့ ကြည့်မယ်ဆိုရင်လည်း ငွေစက္ကူကိုင်တွယ်ရာကနေ ဝမ်းရောဂါကစပြီး အခု COVID–19 ရောဂါ စတဲ့ကူးစက်ရောဂါမျိုးစုံ ဖြစ်ပွားနိုင်တဲ့အတွက် ဒီရောဂါတွေ ကူးစက်မှုမရှိအောင် ကာကွယ်ချင်တဲ့အတွက် ဆောင်ရွက်တယ်ဆိုတာကို ကျွန်တော့်အနေနဲ့ အသိပေးချင်ပါတယ်" ဟု မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်က ပြောသည်။

အဆိုပါအစီအစဉ်ကို စတင်အသုံးပြုခြင်းနှင့်ပတ်သက်၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးရဲမြတ်သူက "ဒီစနစ်ကိုအသုံးပြုဖို့ ပြီးခဲ့တဲ့နှစ် မေလကစပြီး 2C2P ကုမ္ပဏီနဲ့ MoU ရေးထိုးခဲ့တာပါ။ အခု ပထမအဆင့်အနေနဲ့ စည်ပင်ရဲ့အခွန်အခတွေပေးချေဖို့ ဒီနစ်ကို စတင်အသုံးပြုခဲ့ပေမယ့် နောက်ပိုင်းမှာ စည်ပင်နဲ့ပတ်သက်တဲ့ ကား၊ ဆိုင်ကယ် အပ်နှံခတွေ ဈေးကောက်တွေကအစ ဒီစနစ်နဲ့ ပေးချေနိုင်ဖို့ ဆက်လုပ်သွားမှာပါ။ ဒါ့အပြင် အခြားဌာနဆိုင်ရာတွေနဲ့ အရောင်းဆိုင်တွေမှာလည်း ဒီစနစ်နဲ့ ဝယ်ယူနိုင်ဖို့ သက်ဆိုင်ရာ ကုမ္ပဏီတွေကိုခေါ်ယူပြီး ချိတ်ဆက်ပေးနေပါတယ်။ MSP စနစ်ကို ဒီနေ့ကစပြီး အသုံးပြုလို့ရပါပြီ " ဟု ပြောသည်။

Mandalay Smart Pay အစီအစဉ်ဖြင့် ငွေပေးချေနိုင်မည့် ရှင်းလင်းပွဲသို့ လာရောက်သည့် မန္တလေးမြို့ OWAY Grand Hotel မှ မမီမီအောင်က "ဒီ MSP စနစ်ကိုအသုံးပြုပြီး အခွန်အခတွေ၊ အရောင်းအဝယ်တွေကို ငွေပေးချေလို့ရတဲ့အတွက် လူကိုယ်တိုင် သွားစရာမလိုတော့ဘူး။ ဒါကြောင့် လုယက်မှုအန္တရာယ်တွေ၊ ကူးစက်ရောဂါဖြစ်ပွားမှု အန္တရာယ်တွေကို ကာကွယ်နိုင်မှာပါ။ ဒီစနစ်ကိုသုံးဖို့ အစပိုင်းမှာ play store ကနေ download ရယူပြီးရင် ဖုန်းနံပါတ်နဲ့ နာမည်ကို ထည့်သွင်းပြီး အကောင့်ကုတ်ကနေ Confirm လုပ်ပြီး သုံးလို့ရပါတယ်။ ငွေသွင်းတာကတော့ ကျပ် ၅၀၀၀ ကနေ သိန်းဂဏန်းအထိ ဖြည့်သွင်းလို့ရပါတယ် " ဟု ပြောသည်။

အဆိုပါ MSP အစီအစဉ်ဖြင့် အသုံးပြုနိုင်ရန် ငွေဖြည့်သွင်းခြင်း အကောင့်ဖွင့်ခြင်းများကို မန္တလေးမြို့တော်အတွင်းရှိ မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူးရုံးများနှင့် အခွန်ကောက်ခံသည့် စည်ပင်ဝန်ထမ်းများ၊ ရတနာပုံဘဏ်အားလုံးနှင့် ရောဝတီဘဏ်ခွဲများ၊ မြန်မာ့ရှေ့ဆောင်ဘဏ်ခွဲများတွင် ငွေဖြည့်သွင်းနိုင်ပြီး အခြားဘဏ်များနှင့် စူပါမားကတ်များ၊ စတိုးဆိုင်များ၊ ကုန်စုံဆိုင်များတွင်လည်း အလွယ်တကူ ဖြည့်သွင်းဝယ်ယူနိုင်ရန် ကြိုးစားလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ အမျိုးသားအဆင့် ငါးမွေးမြူရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း စတင်ဆောင်ရွက်ခြင်းအခမ်းအနား တက်ရောက်

**နေပြည်တော် မတ် ၁၄**

အမျိုးသားအဆင့် ငါးမွေးမြူရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (National Aquaculture Development Plan– NADP) စတင်ဆောင်ရွက်ခြင်းအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2) ၌ ကျင်းပသည်။




အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ရေသတ္တဝါမွေးမြူရေးကဏ္ဍသည် အရေးကြီးအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ အမျိုးသားပို့ကုန်မဟာဗျူဟာ(NES) (2014-2019) တွင် ရေသတ္တဝါ မွေးမြူရေးကဏ္ဍကို စီးပွားရေးဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင်များ ဖန်တီးမှုအတွက် တွန်းအားအဖြစ် အလေးထားဖော်ပြခဲ့ပါကြောင်း၊ စီမံကိန်းဖော်ထုတ်ရေးဆွဲရန် လိုအပ်သည့် သုတေသနများ ဆောင်ရွက်ခြင်း၊ လုပ်ဆောင်ချက်များ ရေးဆွဲချမှတ်နိုင်ရေးတို့တွင် သက်ဆိုင်သူများအားလုံးပါဝင်သည့် ဆွေးနွေးညှိနှိုင်းခြင်းများကို လုပ်ငန်းစဉ် အဆင့်ဆင့်ဆောင်ရွက်ခဲ့ပြီး ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များ ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတစ်ဝန်းလုံးနှင့် ရေသတ္တဝါ မွေးမြူရေးကဏ္ဍတွင် ပတ်သက်ဆက်နွယ်သူများ၏ သန္နိဋ္ဌာန်များနှင့် မျှော်မှန်းချက်များကို ဤစီမံကိန်းတွင် ကိုယ်စားပြုဖော်ပြထားကြောင်း၊ အမျိုးသားအဆင့် ငါးမွေးမြူရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (NADP)ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကျေးလက်ဒေသနေ လူထုအသိုင်းအဝိုင်းမှ ထုတ်လုပ်လျက်ရှိသည့် အခြေခံကုန်စည်များကို တန်ဖိုးမြှင့်တင်ရန်သာမက မြင့်တက်လာသည့် ဝင်ငွေပမာဏနှင့် အကျိုးအမြတ်ကိုလည်း ယခုကဏ္ဍတွင် ပံ့ပိုးပါဝင်နေကြသည့် သက်ဆိုင်သူများအကြား တန်းတူညီမျှ မျှဝေခံစားခွင့်ရရှိအောင် ကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အသား၊ ငါးနှင့် ရေထွက်ပစ္စည်း ရောင်းဝယ်ဖောက်ကားခြင်း လုပ်ငန်းဆောင်ရွက်ကြသည့် လုပ်ငန်းရှင်များအနေဖြင့် အစားအသောက်ဘေးအန္တရာယ် ကင်းရှင်းမှုဆိုင်ရာ သတ်မှတ်ချက်များကို လိုက်နာကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီးနှင့် ဂျာမနီသံရုံး ကောင်စစ်ဝန်တို့က အမျိုးသားအဆင့် ငါးမွေးမြူရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ လွှဲပြောင်းပေးအပ်သည်။ (ဓာတ်ပုံ)

မြန်မာနိုင်ငံ၏ ငါးမွေးမြူရေးလုပ်ငန်းကဏ္ဍ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အဆိုပါကဏ္ဍ၌ ပါဝင်သက်ဆိုင်သူများအတွက် ခြုံငုံအကျိုးသက်ရောက် တိုးတက်ရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ ဥရောပသမဂ္ဂနှင့် ဂျာမနီနိုင်ငံ အစိုးရတို့၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာ့ရေသတ္တဝါမွေးမြူရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (MYSAP)နှင့် မြန်မာ့လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (CESD)က အမျိုးသားအဆင့် ငါးမွေးမြူရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (NADP)ကို ရေးဆွဲခဲ့သည်။ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) ၏ မျှော်မှန်းချက်၊ မြန်မာ့စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ် ADS ၏ အခြေခံစည်းမျဉ်းများ၊ အမျိုးသားပို့ကုန်မဟာဗျူဟာ (NES) နှင့် အခြားအမျိုးသားအဆင့် စည်းမျဉ်းမူဘောင်များ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာနိုင်ငံ၏ ငါးမွေးမြူရေးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒနှင့် ဥပဒေမူဘောင်ဆိုင်ရာ အထောက်အပံ့များပေးရန် ရည်ရွယ်၍ အမျိုးသားအဆင့် ငါးမွေးမြူရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း(NADP)ကို ချိန်ညှိရေးဆွဲထား၍ စီမံကိန်းကို ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ငါးနှစ်တာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများအသုံးပြုသူများ၏ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်

နေပြည်တော် မတ် ၁၄

**လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ အသုံးပြုသူများ၏ အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။**



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ အသုံးပြုသူများ၏ အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက လူ့စွမ်းအားဆိုင်ရာ စီမံကိန်းများကို စနစ်တကျရေးဆွဲ အကောင်အထည်ဖော်နိုင်ရန် တိကျမှန်ကန်ပြီး ယုံကြည်ကိုးစားလောက်သည့် စာရင်းအင်းအချက်အလက်များရရှိရန် လိုအပ်ကြောင်း၊ စီမံကိန်းများ အောင်မြင်နိုင်ရန် မူလအခြေပြုသည့် စာရင်းအင်းအချက်အလက်များအပေါ်တွင် မူတည်ပါကြောင်း၊ ဝန်ကြီးဌာနများအလိုက် သက်ဆိုင်သည့် အညွှန်းကိန်းများကို လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ လက်စွဲစာအုပ်တွင် တစ်စုတစ်စည်းတည်း တွေ့မြင်နိုင်ပါကြောင်း၊ နိုင်ငံ၏ လူ့စွမ်းအားဆိုင်ရာ မှတ်တိုင်တစ်ခုဖြစ်၍ လက်စွဲစာအုပ်ကို ရေရှည်ထုတ်ဝေနိုင်ရေးအတွက် အညွှန်းကိန်းနှင့် သက်ဆိုင်သည့် ဌာနဆိုင်ရာများနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းတို့မှ ကိုယ်စားလှယ်များ ပါဝင်သည့် လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ ပုံမှန်ပြုစုထုတ်ပြန်နိုင်ရေး အထောက်အကူပြုလုပ်ငန်းအဖွဲ့ (Core Working Group) ကို အသစ်ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း၊ စာရင်းအင်းများ ပြည့်စုံမှန်ကန်ရေးသည် အရေးကြီး၍ ဒုတိယသမ္မတ ဦးဆောင်သည့် စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်သွေးပြည့်ဝရေး ကော်မတီကို ဖွဲ့စည်းခဲ့ပါကြောင်း၊ လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ ဖော်ထုတ်အသုံးပြုရေးလုပ်ငန်း စီမံကိန်းအရ မိမိတို့ဝန်ကြီးဌာနက ဦးတည်ဆက်သွယ်ရာဌာနအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ကိုယ်စားလှယ်များက လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ လက်စွဲစာအုပ် ရေရှည်တည်တံ့စေရေးအတွက် ဆွေးနွေးသုံးသပ်အကြံပြုချက်များရယူကာ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို လျာထားကြသည်။

"လူဦးရေနှင့် ဖွံ့ဖြိုးမှုစီမံကိန်း ရေးဆွဲရေးလုပ်ငန်းစဉ်အတွက် လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ ဖော်ထုတ်ရေးဆိုင်ရာ လုပ်ငန်းစီမံကိန်း" ရလဒ်အရ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက ၁၉၉၇ ခုနှစ်မှစတင်၍ လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာအုပ်ကို ပြုစုထုတ်ဝေခဲ့ပြီး နိုင်ငံတော်တွင် ပြောင်းလဲဖြစ်ပေါ်နေသည့် စီးပွားရေး၊ လူမှုရေးအခြေအနေများကို မူဝါဒချမှတ်သူများ၊ စီမံကိန်းရေးဆွဲသူများနှင့် စီမံခန့်ခွဲကြီးကြပ်သူများက အချိန်နှင့်တစ်ပြေးညီ လေ့လာသုံးသပ်ကာ ထိရောက်မှုရှိသောမူဝါဒများကို ချမှတ်နိုင်မည်ဖြစ်၍ အညွှန်းကိန်းများ၏ အရေးပါမှုကို ပိုမိုအလေးထားပြီး နားလည်သဘောပေါက်စေရန် ရည်ရွယ်ချက်ဖြင့် ယနေ့အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်သည်။

**သတင်းစဉ်**

# ပြည်တွင်း ဆန်စပါးဈေးကွက် တည်ငြိမ်ရေး အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၁၄**

ကမ္ဘာတစ်ဝန်း COVID-19 ရောဂါ ဖြစ်ပွားလျက်ရှိပြီး ယင်းအခြေအနေများကြောင့် ပြည်တွင်း၌ ဆန်စပါး ဈေးကွက်တည်ငြိမ်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဆန်စပါးစိုက်ပျိုးထွက်ရှိမှု၊ ဆန်စပါးလက်ကျန်နှင့် ပြည်ပတင်ပို့မှုများဆိုင်ရာ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ Myanmar International Trade Center ၌ ကျင်းပသည်။ (ဓာတ်ပုံ)



အစည်းအဝေးတွင် ပြည်တွင်းဆန်လက်ကျန်နှင့် နွေစပါးစိုက်ပျိုးထွက်ရှိမှု၊ ဈေးကွက်ဝယ်လိုအားကို အလျဉ်မီအောင် ဖြည့်တင်းပေးနိုင်မှု၊ ဒေသတစ်ခုတွင် ဆန်လိုအပ်ပါက အရေးပေါ်ပို့ဆောင်မည့်အစီအစဉ်၊ ဆန်ပြည်ပတင်ပို့မှုကို ဈေးကွက်အပေါ်မူတည်၍ နိုင်ငံတော်က ထိန်းကျောင်းဆောင်ရွက်သွားမည့်အစီအစဉ်၊ နိုင်ငံတော်အရန်ဆန် ထားရှိမှု၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ကုန်စည်စီးဆင်းမှု လျင်မြန်သွက်လက်ရေးနှင့် ဈေးကစားမှုမရှိအောင် ဆောင်ရွက်သွားမည့်အစီအစဉ်များကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုး၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်း၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦး၊ မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးတိုးအောင်မြင့်နှင့် တာဝန်ရှိသူများက ဆွေးနွေးကြသည်။

### တိုက်ရိုက်ရောင်းချမည်

ထို့ပြင် ဆန်စပါးအသင်းအဖွဲ့များအနေဖြင့် လိုအပ်ပါက ရပ်ကွက်များ၊ စက်မှုဇုန်များနှင့် စက်ရုံများသို့ လက်ကားဈေးဖြင့် တိုက်ရိုက်ရောင်းချပေးမည်ဖြစ်ပြီး လက်ရှိအခြေအနေအရ ပြည်တွင်းရှိ ဆန်လက်ကျန် ပမာဏမှာ ပြည်သူများ လုံလောက်စွာ စားသုံးနိုင်သည့်အပြင် ပိုလျှံမှုရှိကြောင်း အဆိုပါအစည်းအဝေးမှ သိရသည်။

**သတင်းစဉ်**

# အမှိုက်ကင်းကွာ ဒို့ကျေးရွာ၊ ကျေးရွာသန့်ရှင်း ရောဂါကင်း

*အေးအေးကြူ (ကျေးလက်ဦးစီး)*

ယခုအခါ လူဦးရေ တိုးတက်များပြားလာခြင်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့် နေထိုင်စားသောက်မှုပုံစံများ ပြောင်းလဲလာခြင်းနှင့်အတူ စွန့်ပစ်အမှိုက်ထွက်ရှိမှုသည်လည်း တစ်နှစ်ထက်တစ်နှစ် မြင့်တက်လျက်ရှိသည်။ စွန့်ပစ်အမှိုက်များစွာထဲမှ တစ်မျိုးဖြစ်သည့် ပလတ်စတစ်အမှိုက်များကြောင့် ပင်လယ်သမုဒ္ဒရာများနှင့် အဏ္ဏဝါဂေဟစနစ်ကို ပျက်စီးစေပြီး လူသားတို့၏ ကျန်းမာရေးကိုလည်း ခြိမ်းခြောက်လျက်ရှိသည်။ ကမ္ဘာပေါ်တွင် နှစ်စဉ် ပလတ်စတစ်အိတ် အလုံးရေ ၅၀၀ ဘီလီယံခန့် အသုံးပြုလျက်ရှိပြီး ပလတ်စတစ်အိတ် တန်ချိန် ကိုးသန်းခန့်သည် ပင်လယ်သမုဒ္ဒရာများအတွင်း အမှိုက်များအဖြစ် ပျံ့နှံ့မျောပါလျက်ရှိသည်။ ကမ်းရိုးတန်း ၁၉၂ နိုင်ငံမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများ၏ ၆၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းကြားသည် ပလတ်စတစ် စွန့်ပစ်ပစ္စည်းများ ဖြစ်ကြသည်။ ယင်းပမာဏအတိုင်းသာ ပလတ်စတစ်များကို ဆက်လက်အသုံးပြုနေပါက ၂၀၅၀ ပြည့်နှစ်တွင် ပင်လယ်သမုဒ္ဒရာများအတွင်း ငါးများထက် ပလတ်စတစ်အမှိုက်များက ပိုများလာနိုင်ကြောင်း စစ်တမ်းများက ဖော်ပြထားသည်။

### ပလတ်စတစ်အမှိုက်များ၏ ဆိုးကျိုးများ

မြန်မာနိုင်ငံအတွင်း ပလတ်စတစ်ကို ယခင်က မြို့ပြများ၌သာ အသုံးပြုခဲ့သော်လည်း နောက်ပိုင်းတွင် လူဦးရေ အများဆုံးနေထိုင်သည့် ကျေးလက်ဒေသများတွင်လည်း ပလတ်စတစ်ပစ္စည်းများကို တွင်တွင်ကျယ်ကျယ်သုံးစွဲလာကြကြောင်း တွေ့ရှိရသည်။ ပလတ်စတစ်ပစ္စည်းများကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းသည် ကျေးရွာများ၏ သန့်ရှင်းသာယာလှပမှုကို ထိခိုက်ပျက်စီးစေသည့်အပြင် စားကြွင်းစားကျန်များကို ပလတ်စတစ်အိတ်များနှင့် ပလတ်စတစ်ပစ္စည်းများထဲတွင် ထည့်၍ စွန့်ပစ်ကြခြင်းကြောင့် ရောဂါပိုးမွှားများနှင့် ဗက်တီးရီးယားပိုးမွှားများ ပေါက်ပွားကာ လူတို့၏ ကျန်းမာရေးကိုပါ ထိခိုက်စေနိုင်ပါသည်။

ထို့အပြင် ပလတ်စတစ်ပစ္စည်းများသည် မြစ်ချောင်းများနှင့် ပင်လယ်သမုဒ္ဒရာများအတွင်း ရောက်ရှိသွားလျှင် အဏ္ဏဝါဂေဟစနစ်ကိုလည်း ပျက်စီးစေနိုင်သည်။ အထူးသဖြင့် ပလတ်စတစ်အိတ်များသည် ဂျယ်လီငါးနှင့်တူသောကြောင့် ပင်လယ်လိပ်များသည် ၎င်းတို့၏ အစားအစာအဖြစ် လွဲမှားစားသုံးမိသဖြင့် သေဆုံးကြရခြင်းများ ဖြစ်လေ့ရှိသည်။

ပလတ်စတစ်အိတ်များကြောင့် လယ်ကွင်းများတွင် အမိုးနီးယားဓာတ်ငွေ့ထွက်ရှိမှု မြင့်တက်လာစေနိုင်သလို ရွှံ့ညွှန်တောများ၌လည်း ပလတ်စတစ်အမှိုက်များကြောင့် အောက်ဆီဂျင်ဓာတ်ငွေ့ကို လျော့ကျစေပြီး သက်ရှိများ ပေါက်ဖွားမှုကိုလည်း ကျဆင်းစေနိုင်သည်။

ထို့ကြောင့် ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝမြင့်မားလာစေရေး၊ ကျေးလက်နေ ပြည်သူလူထု ပျော်ရွှင်ကျန်းမာစွာ နေထိုင်နေရေးတို့အတွက် ကျေးရွာဝန်းကျင် သန့်ရှင်းသာယာလှပရေးကို ရည်ရွယ်၍ "ကျေးရွာစွန့်ပစ်အမှိုက် စီမံခန့်ခွဲရေးစနစ်" ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

### အမှိုက်စီမံခန့်ခွဲမှုစနစ်၏ ရည်ရွယ်ချက်

ကျေးရွာစွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုစနစ် ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်မှာ ကျေးရွာများတွင် ကျေးရွာလူထုအား အခြေပြုသည့် စွန့်ပစ်အမှိုက် စီမံခန့်ခွဲရေးစနစ်ကို ကျင့်သုံးဆောင်ရွက်တတ်လာစေရန်၊ အဖွဲ့အစည်းများဖြင့် ပူးပေါင်း ဆောင်ရွက်တတ်သော အလေ့အကျင့်ကောင်းများ ရရှိလာစေရန်၊ ကိုယ်ထူကိုယ်ထ ဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်မှု အားကောင်းလာစေရန်၊ ထိရောက်ကောင်းမွန်သော စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်ဖြင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ထိခိုက်နိုင်စေမှု အလားအလာများကို လျှော့ချပေးနိုင်စေရန်၊ စွန့်ပစ်အမှိုက်များကို ပြန်လည်တီထွင် သန့်စင်အသုံးပြုသည့်စနစ်ဖြင့် သဘာဝသယံဇာတ အရင်းအမြစ် ထုတ်ယူသုံးစွဲမှုကို လျော့နည်းစေရန် စသည့် ရည်ရွယ်ချက်များဖြစ်သည်။

> **"လိုအပ်သော ရန်ပုံငွေများ ရရှိလာရေးအတွက် ကျေးရွာလူထုထံမှ အိမ်ထောင်စုအလိုက် အမှိုက်သိမ်းဆည်းပေးသည့် ဝန်ဆောင်မှုအတွက် ဝန်ဆောင်ခ ငွေကြေးကောက်ခံခြင်း၊ သက်ဆိုင်ရာ အစိုးရဌာနများသို့ တင်ပြတောင်းခံခြင်း၊ အခြားလူမှုရေးအဖွဲ့အစည်းများထံမှ အကူအညီ ရယူခြင်း စသည်တို့ကို ဆောင်ရွက်ရမည်ဖြစ်ပြီး အမှိုက်သန့်စင်ခြင်းမှ ပြန်လည်ရရှိသည့် ဝင်ငွေများကို အမှိုက်ကင်းစင်ရေးလုပ်ငန်းများ၌ပင် ပြန်လည်သုံးစွဲ၍ ဆောင်ရွက်ရမည်ဖြစ်"**

### အမှိုက်ထွက်ရှိနိုင်သော နေရာများ

အမှိုက်ထွက်ရှိသည့် အရင်းအမြစ်များကို လေ့လာရာတွင် အမှိုက်ထွက်ရှိနိုင်သည့် နေရာများမှာ လူနေအိမ်မှ ထွက်ရှိသောအမှိုက်၊ စီးပွားရေးလုပ်ငန်းမှ ထွက်ရှိသော အမှိုက်(ဈေးဆိုင်၊ စားသောက်ဆိုင်၊ ကျေးရွာဈေး စသည်များ)၊ စက်ရုံအလုပ်ရုံ (သို့မဟုတ်) ကျေးရွာစက်မှုလက်မှုလုပ်ငန်းများမှ ထွက်ရှိသောအမှိုက်၊ အဖွဲ့အစည်းနှင့် ဌာနများမှ ထွက်သောအမှိုက်(စာသင်ကျောင်း၊ ဆေးပေးခန်း၊ ဆေးရုံ စသည်များ)၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်မှ ထွက်ရှိသောအမှိုက်များ ဖြစ်ကြသည်။

### စွန့်ပစ်အမှိုက်များကို သိမ်းဆည်းသယ်ယူခြင်း

ကျေးရွာရှိ လူနေအိမ်နှင့် အခြားနေရာမှ ထွက်ရှိသော အမှိုက်များကို အများသုံး အမှိုက်ကန်စနစ်ဖြင့် အမှိုက်စုဆောင်းခြင်းတွင် ရွှေ့ပြောင်းနိုင်သော အမှိုက်ကန်နှင့် မရွှေ့ပြောင်းနိုင်သော အမှိုက်ကန် အမျိုးအစားများကို အသုံးပြုရမည်ဖြစ်သည်။ အမှိုက်ကန်များမှ မကောင်းသော အနံ့အသက်ဆိုးများ မထွက်စေရေး၊ အမှိုက်များ လျှံကျပြန့်ကျဲမှုမရှိစေရေးနှင့် တိရစ္ဆာန်တို့၏ရန်များမှ ကာကွယ်နိုင်ရေးအတွက် စနစ်တကျ သိုလှောင်ထားသင့်သည်။

ကျေးရွာရှိ လူနေအိမ်နှင့် အခြားနေရာများမှ ယာယီသိုလှောင်ထားသော အမှိုက်များကို အမှိုက်ကန်သို့ သယ်ယူစွန့်ပစ်ခြင်းဖြင့် အမှိုက်ကင်းစင်ရေး ဆောင်ရွက်ရမည်ဖြစ်သည်။

ထို့အပြင် ကျေးရွာလမ်းများတွင် တံမြက်စည်းလှဲခြင်း၊ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းတို့ကိုလည်း ကျောင်းအားလပ်ရက်ဖြစ်သည့် တနင်္ဂနွေနေ့များတွင် အနာဂတ်၏ လူငယ်လေးများဖြစ်သည့် ကျောင်းသူ ကျောင်းသားများနှင့် ကျေးရွာသူ ရွာသားများ စုပေါင်း၍ ကျေးရွာသန့်ရှင်းရေး အတွက် ဆောင်ရွက်လျက်ရှိကြသည်။

### စွန့်ပစ်အမှိုက်များကို ပြန်လည်သန့်စင် သုံးစွဲခြင်း

စွန့်ပစ်အမှိုက်များကို ကုန်ကြမ်းအဖြစ် အသုံးပြု၍ ခေတ်မီ နည်းပညာများကို အသုံးပြုကာ ပစ္စည်းအသစ်များ ပြန်လည် ထုတ်လုပ်ခြင်း၊ အမှိုက်များကို ပြန်လည် ပြုပြင်သန့်စင်သုံးစွဲခြင်း၊ ဇီဝနည်းလမ်းများမှ တစ်ဆင့် သဘာဝမြေသြဇာပြုလုပ်ခြင်း၊ ဇီဝဓာတ်ငွေ့ထုတ်လုပ်ခြင်း၊ အမှိုက်မီးရှို့စက်ဖြင့် မီးရှို့၍ စွမ်းအင်အဖြစ် ပြောင်းလဲဆောင်ရွက်ခြင်းနှင့် စွန့်ပစ်အမှိုက်များကို အလွှာများအလိုက် မြေဖုံး အမှိုက်ကျင်းထဲသို့ စနစ်တကျ စွန့်ပစ်ခြင်းတို့ ဖြစ်သည်။

ကျေးရွာများတွင် အမှိုက်များကို အမှိုက်စိုနှင့် အမှိုက်ခြောက်ဟူ၍ အမျိုးအစားအလိုက် ခွဲခြားစွန့်ပစ်စေပါက ပလတ်စတစ်အထုပ်၊ ဘူးခွံ၊ ဖန်ပုလင်း၊ သတ္တု၊ အဝတ်နှင့် အထည်အလိပ် စသည်များကို အမှိုက်ပြန်လည်သန့်စင် စက်ရုံသို့ ရောင်းချခြင်းဖြင့် လည်ပတ်ရန်ပုံငွေ ရရှိနိုင်မည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်သွားခြင်းဖြင့် နောက်ဆုံး မြေဖို့အမှိုက်ကျင်းတွင် စွန့်ပစ်ရမည့် အမှိုက်ပမာဏကို လျှော့ချပေးနိုင်သကဲ့သို့ မြေဖို့ အမှိုက်ကျင်း၏ နေရာလိုအပ်ချက်ကို လျှော့ချပေးနိုင်ခြင်း၊ အသုံးပြုသက်တမ်းကြာရှည်စေခြင်းတို့အပြင် အမှိုက်ကျင်းသက်တမ်း ကုန်ဆုံးပါက ထိုနေရာတွင် သစ်ပင်များ စိုက်ပျိုးနိုင်သည့် အကျိုးကျေးဇူးကိုပါ ရရှိမည်ဖြစ်သည်။

### လုပ်ငန်းလည်ပတ် ကုန်ကျစရိတ်အတွက် ရန်ပုံငွေထူထောင်ခြင်း

ကျေးရွာများတွင် အမှိုက်ကင်းစင်ရေးအတွက် စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုလုပ်ငန်းကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရန်ပုံငွေ အရင်းအမြစ် ရရှိရေးသည်လည်း အထူးအရေးပါသော ကိစ္စရပ်တစ်ခုပင် ဖြစ်ပေသည်။ လိုအပ်သောရန်ပုံငွေများ ရရှိလာရေးအတွက် ကျေးရွာလူထုထံမှ အိမ်ထောင်စုအလိုက် အမှိုက်သိမ်းဆည်းပေးသည့် ဝန်ဆောင်မှုအတွက် ဝန်ဆောင်ခငွေကြေး ကောက်ခံခြင်း၊ သက်ဆိုင်ရာ အစိုးရဌာနများသို့ တင်ပြ တောင်းခံခြင်း၊ အခြား လူမှုရေးအဖွဲ့အစည်းများထံမှ အကူအညီ ရယူခြင်း စသည်တို့ကို ဆောင်ရွက်ရမည်ဖြစ်ပြီး အမှိုက်သန့်စင်ခြင်းမှ ပြန်လည်ရရှိသည့် ဝင်ငွေများကို အမှိုက်ကင်းစင်ရေး လုပ်ငန်းများ၌ပင် ပြန်လည်သုံးစွဲ၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

လက်ရှိ မြန်မာနိုင်ငံတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဌာန၏ ရည်မှန်းချက်နှင့်အညီ ကျေးရွာလူထုကို ဗဟိုပြုသည့်စီမံကိန်းလုပ်ငန်းများ ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ကျေးရွာလူထု ကျန်းမာသန့်ရှင်းရေး လုပ်ငန်းဖြစ်သည့် စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကူအညီများဖြင့် ကျေးရွာနေ ပြည်သူလူထု ကိုယ်တိုင် ပူးပေါင်းပါဝင်ပြီး ကျေးရွာသန့်ရှင်း သာယာလှပရေးနှင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်သည်။

### အကျိုးကျေးဇူးများ

အဆိုပါလုပ်ငန်းများကို ကျေးရွာနေလူထုကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ကျေးရွာနေ ပြည်သူများ၏ စွမ်းဆောင်ရည် မြင့်မားလာခြင်း၊ အများအကျိုးကို ဦးစားပေး ရှေးရှုတတ်သော ပရဟိတစိတ်ထားများ ဆထက်ပွား တိုးတက်လာခြင်း၊ ဒေသအစိုးရ အပါအဝင် အခြား ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပူးပေါင်းချိတ်ဆက် အကောင်အထည်ဖော် ဆောင်ရွက်တတ်မှု အားကောင်းလာခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် စွန့်ပစ်အမှိုက် စီမံခန့်ခွဲရေးနည်းစနစ်ကို ကျေးရွာပေါင်း ၃၁၂ ရွာ၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ပူးပေါင်းပါဝင် ကူညီမှုဖြင့် ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်ကာ ဆက်လက်၍ ကျေးရွာပေါင်း ၁၁၀၀ ကျော်တွင်လည်း တိုးချဲ့ဆောင်ရွက်လျက်ရှိသဖြင့် နိုင်ငံတစ်ဝန်းလုံးရှိ ကျေးရွာများအားလုံးမှ ပြည်သူများ ကလည်း လိုက်ပါဆောင်ရွက်ပေးကြခြင်းဖြင့် ကျန်းမာ သန့်ရှင်းရောဂါကင်းပြီး အမှိုက်ကင်းကွာသည့် ကျေးရွာ များ မလွဲမသွေ ဖြစ်ပေါ်လာနိုင်မည်ဖြစ်ကြောင်း အကြံပြု ရေးသားလိုက်ရပါသည်။ ။

---

## ရေဝတီတိုင်းဒေသကြီးတွင် အမှိုက်ကင်းစင်ကျေးရွာများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

**ဇလွန် မတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးရွာများ သန့်ရှင်းသာယာလှပရေး စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုစနစ်အတွက် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ အခမ်းအနားကို မတ် ၁၂ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

အခမ်းအနားတွင် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မူမူသင်းက ဌာနမှ ဆောင်ရွက်နေသော စီမံကိန်းများအကြောင်းနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည်ကျေးလက်ရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ မဟာဗျူဟာ ရည်မှန်းချက်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင်နှင့်အညီ ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်များကို ကျေးရွာများတွင် အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိရာ စည်းလုံး ညီညွတ်စွာပူးပေါင်း ပါဝင်ဆောင်ရွက်ကြသော ကျေးရွာများမှ ရွာသူရွာသားများကို အသိအမှတ်ပြုသောအားဖြင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားပြီး အမှိုက်ကင်းစင် ကျေးရွာများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

**အကောင်အထည်ဖော်ဆောင်ရွက်**

ဇလွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် မြို့နယ်အတွင်း ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်ကို ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ကျေးရွာ ၁၃ ရွာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ၂၀၁၉- ၂၀၂၀ ပြည့်နှစ်တွင် ကျေးရွာ ၁၇ ရွာအကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း သိရသည်။

**ဝေယံ(ပြန် / ဆက်)**

---

## မျက်စိအခမဲ့စမ်းသပ်ခွဲစိတ်ကုသပေး

**ပခုက္ကူ မတ် ၁၄**

ပခုက္ကူမြို့နယ် အနောက်နံ့ဂါတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ မျက်စိဝေဒနာရှင်များအား မတ် ၁၀ ရက်မှစတင်၍ အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးလျက်ရှိသည်။

မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ကုသပေးမှုများကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်(ကျန်းမာရေးစောင့်ရှောက်မှုစေတနာလုပ်အားရှင်အဖွဲ့)၏ ခွင့်ပြုချက်ဖြင့် အနောက်နံ့ဂါတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆရာတော် အရှင်ဂုဏာအလင်္ကာရက ဦးစီးဆောင်ရွက်ပေးခြင်းဖြစ်ပြီး ပခုက္ကူမြို့ အထွေထွေရောဂါကုဆေးရုံမှ ဒေါက်တာ တင့်ထူးအောင်၊ ဒေါက်တာ ခင်သန်းမူနှင့် ကျန်းမာရေးဝန်ထမ်းများက စစ်ဆေးကုသပေးခြင်းဖြစ်သည်။

မတ် ၁၂ ရက်အထိ အကြီးစားခွဲစိတ်လူနာ ၂၁၀ ၊ အသေးစား ခွဲစိတ်လူနာ ၁၀၀ နှင့် OPD ကြည့်လူနာ ၆၅၀ ကျော်ရှိကြောင်း သိရသည်။

**ဆလိုင်းကိုကီး**

# COVID-19 ရောဂါ ကာကွယ်တားဆီးနိုင်ရေးအတွက် မန္တလေးမြို့၌ ကျင်းပမည့် မဟာသင်္ကြန်ပွဲတော် ရပ်ဆိုင်း



သတင်းမီဒီယာသမားများ၏ မေးမြန်းမှုကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဆန်းမြင့် ဖြေကြားစဉ်။

**မန္တလေး မတ် ၁၄**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ယခုနှစ် သင်္ကြန်ကာလတွင် ကျင်းပမည့် မြို့တော်မဟာသင်္ကြန်ပွဲတော်နှင့် လမ်းလျှောက်သင်္ကြန်ပွဲတော်အပါအဝင် လူစုလူဝေးဖြစ်စေမည့် ပွဲတော်အားလုံးကို COVID-19 ရောဂါ ကာကွယ်တားဆီးနိုင်ရေးအတွက် ရပ်ဆိုင်းခဲ့ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောကြားသည်။

လက်ရှိတွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးရှေ့၌ ဖေဖော်ဝါရီလအတွင်းမှစ၍ ဆောက်လုပ်လျက်ရှိသည့် မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်ကို ယနေ့တွင် စတင်ဖျက်သိမ်းနေပြီး သင်္ကြန်ပွဲတော်ကျင်းပရန်အတွက် ကျုံးပတ်လည်တစ်လျှောက်၌ သင်္ကြန်မဏ္ဍပ်များ ဆောက်လုပ်ရန် နေရာချထားမှုများ ဆောင်ရွက်ထားခြင်း မရှိသေးကြောင်း သိရသည်။

“သင်္ကြန်ပွဲတော်ကိုကျင်းပဖို့ ကြိုတင်ပြင်ဆင်တဲ့ လုပ်ငန်းတွေကို အချိန်ဆွဲပြီး လုပ်ထားတဲ့အတွက် အခုလို သင်္ကြန်ပွဲတော် မကျင်းပဖြစ်ပေမယ့် ကျွန်တော်တို့စည်ပင်အနေနဲ့ ကုန်ကျစရိတ် များများစားစား ကျခံသုံးစွဲမှု မရှိခဲ့ပါဘူး။ အခု ဖျက်သိမ်းတဲ့ မြို့တော်မဟာသင်္ကြန်မဏ္ဍပ်ကလည်း နှစ်စဉ်ဆောက်လုပ်နေတဲ့ ပစ္စည်းတွေနဲ့ပဲ အဆင်သင့် ပြန်လည် ဆောက်လုပ်ထားတာဖြစ်တဲ့အတွက် ကုန်ကျမှု မရှိပါဘူး။ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက ကျင်းပမယ့် သင်္ကြန်ပွဲတော်တွေကို ရပ်ဆိုင်းလိုက်ပေမယ့် ရိုးရာဓလေ့အရ မြို့နယ် ရပ်ကွက်တွေမှာ မိသားစုသင်္ကြန်သဘောမျိုးနဲ့ ရေကစားတာတွေတော့ ရှိနိုင်မှာပါ။ ဒါကို လုပ်ဖို့ မလုပ်ဖို့ ပြောဖို့က မသင့်တော်ပါဘူး။ ဒါပေမယ့် လူစုလူဝေးနဲ့ လုပ်လာပြီး အများအတွက် အန္တရာယ်ရှိလာမယ်ဆိုရင်တော့ တိုင်းဒေသကြီး အစိုးရအဖွဲ့က ဆုံးဖြတ်သွားမှာပါ” ဟု ၎င်းက ပြောသည်။

COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ယခုနှစ်တွင် မန္တလေးမြို့၌ ကျင်းပမည့် ရိုးရာဓလေ့သင်္ကြန်ပွဲတော်အား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ တရားဝင်ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

## ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများ သောက်သုံးရေရှားပါးပြတ်လပ်ပါက ဆက်သွယ်အကူအညီတောင်းခံနိုင်

**ညောင်ဦး မတ် ၁၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၂၂၀ ခန့်ရှိရာ အဆိုပါကျေးရွာများရှိ ဒေသခံကျေးလက်နေပြည်သူများ နွေရာသီကာလ သောက်သုံးရေရှားပါးပြတ်လပ်မှုများ ကြုံတွေ့ပါက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်ကြောင်း ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတေဇာထွန်းထံမှ သိရသည်။

ညောင်ဦးမြို့နယ်အတွင်း ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးရွာနေပြည်သူများ နွေရာသီကာလ သောက်သုံးရေဖူလုံစေရေးအတွက် အဝီစိစက်ရေတွင်း ခုနစ်တွင်း တူးဖော်ခြင်းလုပ်ငန်းနှင့် မြေသားရေကန် အသစ်ပြန်လည်တူးဖော်ခြင်းလုပ်ငန်း နှစ်ခု အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ညောင်ဦးမြို့နယ်သည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသတွင် ပါဝင်နေပြီး မြို့နယ်အတွင်းရှိ ကျေးရွာများ၌ နှစ်စဉ်သောက်သုံးရေ ရှားပါးမှုများ ကြုံတွေ့နေရသည့်အတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဘဏ္ဍာရေးနှစ်အလိုက် ဌာနခွင့်ပြုရန်ပုံငွေများဖြင့် စက်ရေတွင်းများ တူးဖော်ပေးခြင်းနှင့် မြေသားရေကန်များ ပြုပြင်တူးဖော်ပေးခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ကျေးရွာနေပြည်သူများ သောက်သုံးရေ စနစ်တကျသုံးစွဲရေးနှင့် ရေအရင်းအမြစ်များ စနစ်တကျ ထိန်းသိမ်းကာကွယ်ရေးဆိုင်ရာ အချက်အလက်များကိုလည်း ကျေးရွာနေပြည်သူများ သိရှိလိုက်နာနိုင်ရေး ကွင်းဆင်းပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ယခုနှစ်တွင် မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ သောက်သုံးရေပြတ်လပ်မှုများ ကြုံတွေ့လာပါက အချိန်နှင့်တစ်ပြေးညီ ကူညီဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး ဖုန်း ၀၆၁-၂၄၆၁၂၆၇ သို့ လည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဦးတေဇာထွန်း ဖုန်း ၀၉-၂၁၃၁၈၄၉ သို့ လည်းကောင်း ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတေဇာထွန်းထံမှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**




ကျိုင်းတုံမြို့၏ သမိုင်းဝင်စော်ဘွားဈေးနေ့ ကျင်းပမည့်နေရာအား ပြင်ဆင်ထားမှုကို တွေ့ရစဉ်။ (နှစ်ပေါင်း ၆၃၀ ကျော် ဆင်နွှဲခဲ့သည့် ကျိုင်းတုံမြို့၏ သမိုင်းဝင်စော်ဘွားဈေးနေ့အား ယခု ၂၀၂၀ ပြည့်နှစ် မတ် ၁၆ ရက်တွင် ကျင်းပရန် စီစဉ်ထားသော်လည်း COVID-19 ရောဂါ ကြိုတင်ကာကွယ်သည့်အနေဖြင့် မူလသတ်မှတ်ရက်တွင် မကျင်းပတော့ဘဲ ခေတ္တဆိုင်းငံ့ထားမည်ဖြစ်ကြောင်း သိရသည်။) မောင်ယဉ်ကျေး

## ဖျူးမြို့နယ်၌ လယ်ယာမြေရေကြီးရေလျှံမှုကာကွယ်ရေး ရေနုတ်မြောင်းတူးဖော်

**ဖျူး မတ် ၁၄**

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၁)မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အရှည် ၁၇ မိုင်ရှိ ဘန်းလောင်ချောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းခွင်သို့ ဖျူးမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန်၊ ဒေါ်နွယ်နီဝင်း၊ တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူး ဦးအောင်မြင့်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးသာယာ၊ ဦးမြင့်ကြည်၊ ဦးကျော်မင်းဆွေနှင့် ဦးစီးအရာရှိများ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။(ဓာတ်ပုံ)



ဖျူးမြို့အနီး ရန်ကုန်-မန္တလေး ကားလမ်းဟောင်းမှ စစ်တောင်းမြစ်အထိ အရှည် ၁၇ မိုင်ရှည်သော ဘန်းလောင်ချောင်းအား ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများကို ၂၀-၁၂-၂၀၁၉ ရက်နေ့မှ စတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၄၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်သည်။

အဆိုပါ ဘန်းလောင်ချောင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ဖျူးမြို့နယ်အတွင်းရှိ လယ်မြေဧက ၅၀၀၀ ခန့်ကို ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်မည့်အပြင် မြို့ပေါ်ရှိ ဌာနဆိုင်ရာ အဆောက်အဦအချို့နှင့် ရပ်ကွက်များအတွင်းရှိ နေအိမ်အချို့ ရေနစ်မြုပ်မှုမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဖျူး-မြင့်ဦး**

## မြန်မာ့သစ်သီးဝလံများ နိုင်ငံခြားဈေးကွက်သို့ တန်ဖိုးမြှင့် ထုတ်လုပ်ရောင်းချလာ

**ရန်ကုန် မတ် ၁၄**

မြန်မာ့သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချရန် တန်ဖိုးမြှင့်ထုတ်လုပ်လာကြပြီး ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းနှင့် ပြည်ပဝင်ငွေများ ပိုမိုရရှိလာကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း (MFVP) မှ သိရသည်။

မြန်မာ့ဟင်းသီးဟင်းရွက်များကို ဒူဘိုင်းသို့ တင်ပို့ရောင်းချနိုင်ရန် ပြင်ဆင်နေပြီး ကဏ္ဍအလိုက် သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူအသင်းများက နာနတ်သီးခြောက်၊ ၄က်ပျောသီးခြောက်ကဲ့သို့ တန်ဖိုးမြှင့် ထုတ်လုပ်တင်ပို့ရောင်းချရန် ကြိုးပမ်းနေကြောင်း သိရသည်။

ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်းတို့တွင် နာနတ်သီးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အဖွဲ့ဝင် ၄၀၀ ရှိပြီး နာနတ်သီး စိုက်ဧက ၃၀၀၀ ကျော်မှ နာနတ်သီးခြောက်များကို နိုင်ငံခြားဈေးကွက်သို့ တင်ပို့နေပြီဖြစ်ကြောင်း သီပေါမြို့မှ နာနတ်သီး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးစံလင်းက ပြောသည်။

“ဩစတြေးလျနိုင်ငံကို နာနတ်သီးခြောက် ကွန်တိန်နာတစ်စီးစာ၊ တန်ချိန် ၁၉ တန်ခွဲကို ၂၀၁၉ ဒီဇင်ဘာက ပထမအကြိမ် စပို့ထားပါတယ်။ ကျွန်တော့် ကိုယ်ပိုင်နာနတ်ခြံက သီပေါမှာ၊ ဧကတစ်ရာကျော်ရှိတယ်။ စက်ရုံက တစ်ဧကကျယ်ဝန်းတယ်။ စက်ရုံမှာ ဝန်ထမ်း ၃၅ ဦးရှိပါတယ်။ ခြံမှာက လူတစ်ရာကျော်လောက် ရှိပါတယ်။ ပွဲရုံမှာလည်း လူတစ်ရာကျော်တယ်။ နောက်နှစ်နှစ်၊ သုံးနှစ်ဆို လူနှစ်ရာကျော်လောက် ခန့်နိုင်မယ်။ နောက်ထပ်ဆက်ပို့ဖို့က ကျွန်တော် တရုတ်ကို ပြောထားတယ်။ ဂျပန်ကိုပြောထားတယ်။ ဂျာမနီနဲ့ ဥရောပသမဂ္ဂနိုင်ငံတွေလည်း ပြောထားတယ်။ အမေရိကနဲ့လည်း ပြောထားတယ်။ ဘယ်နိုင်ငံနဲ့ အဆင်ပြေမလဲတော့ မသိသေးဘူး။ လက်ရှိပေါက်ဈေးက နာနတ်သီးခြောက်တစ်တန်ကို ငွေကျပ်သိန်း ၁၂၀ ရှိပါတယ်” ဟု ဦးစံလင်းက ပြောသည်။

ထိုသို့သစ်သီးဝလံများ တန်ဖိုးမြှင့်ထုတ်လုပ်လာသည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုတိုးတက်လာကြောင်း သိရသည်။

**သန့်ဇင်ဝင်း**

# COVID-19 ရောဂါလူနာများတွေ့ရှိပါက ကုသမှုပေးရာတွင် အသုံးပြုရန်အတွက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ဆေးရုံသုံးစက်ပစ္စည်းနှင့် အလှူငွေများ လှူဒါန်း

နေပြည်တော် မတ် ၁၄

**COVID-19 ရောဂါလူနာများတွေ့ရှိပါက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကုသမှုပေးရာတွင် အသုံးပြုရန်အတွက် ဆေးရုံသုံးစက်ပစ္စည်းနှင့် အလှူငွေများ လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး သင်တန်းခန်းမ၌ ကျင်းပသည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး COVID-19 ရောဂါလူနာများတွေ့ရှိပါက ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ကုသမှုပေးရာ၌ အသုံးပြုရန်အတွက် ဆေးရုံသုံးစက်ပစ္စည်းနှင့် အလှူငွေများ လှူဒါန်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

အခမ်းအနားတွင် အလှူရှင်များ ကိုယ်စား Shwe Taung Group of Companies ၏ ဥက္ကဋ္ဌ ဦးအိုက်ထွန်းက မိမိတို့အနေဖြင့် နိုင်ငံနှင့် ပြည်သူများအကျိုးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဆောင်ရွက်နေသော COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်လှူဒါန်းခြင်းဖြစ်ပါကြောင်း၊ ဆက်လက်၍ နိုင်ငံနှင့် ပြည်သူများအကျိုးအတွက် မိမိတို့တတ်နိုင်သည့် အခန်းကဏ္ဍမှ ပါဝင်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဝန်ကြီးဌာန အနေဖြင့် COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ဆေးရုံပိုင်းဆိုင်ရာ ကုသရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများသည် အရေးကြီးပါကြောင်း၊ ယခုကဲ့သို့ လှူဒါန်းမှုသည် အမှန်တကယ် လိုအပ်နေသည့်အချိန်တွင် အမှန်တကယ် လိုအပ်သည့်နေရာသို့ လှူဒါန်းခြင်းဖြစ်ပြီး ကူးစက်ရောဂါ အမျိုးမျိုးအပါအဝင် လူနာများကို ကိုင်တွယ်ကုသနေရသည့် ကျန်းမာရေးဝန်ထမ်းများအတွက် များစွာ အထောက်အကူပြု အကျိုးရှိပါကြောင်း။

ယခုကဲ့သို့ လှူဒါန်းမှုကြောင့် လူနာများစွာ၏အသက်ကို ကယ်တင်ကုသမှုပေးနိုင်မည်ဖြစ်၍ တစ်ကြိမ်တစ်ခါလှူဒါန်းခြင်းဖြင့် အကြိမ်များစွာ ကုသိုလ်ရ၊ အကျိုးရှိစေသည်ကို အလှူရှင်များအနေဖြင့် သိရှိဝမ်းမြောက်စေလိုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အလှူရှင်များကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက အလှူရှင်များကို ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက အလှူရှင်များ၏ လှူဒါန်းမှုကို လက်ခံရယူပြီး ကျေးဇူးတင်ဂုဏ်ပြုလွှာများ ပေးအပ်ကြသည်။

အဆိုပါ ဆေးရုံသုံးစက်ပစ္စည်းနှင့် လှူဒါန်းငွေများကို IBPC မှ ငွေကျပ် သိန်း ၅၀၀၊ Asia Royal Hospital မှ ငွေကျပ် ၃၁၅ သိန်း၊ Shwe Taung Group ၊ GGI Tokio Marine နှင့် GGI Nippon Life တို့မှ ကုမ္ပဏီတစ်ခုလျှင် ငွေကျပ်သိန်း ၃၀၀ စီ၊ ကြယ်တံခွန် ဖောင်ဒေးရှင်းမှ ငွေကျပ် သိန်း ၅၀၊ ဦးစုဝေနှင့် ဦးဝင်းနိုင်မိသားစု၊ ဦးသော်ဇင်မိသားစု၊ ဦးစိုးပိုင်မိသားစု၊ ဦးအုံးဆိုင်မိသားစု၊ ဦးနေဝင်းမိသားစု၊ ဦးကျော်အောင်မိသားစု၊ ဦးရုံးမူ မိသားစု၊ ဦးအိုက်စိုင်းမိသားစု၊ ဦးသိန်းဝင်းမိသားစုနှင့် ဦးထွန်းဦးမိသားစု တို့မှ မိသားစုတစ်စုလျှင် ငွေကျပ် ၂၅ သိန်းစီ၊ Tokyu Construction Co.Ltd မှ ငွေကျပ် ၁၀ သိန်း၊ Rolex Group ၊ International School of Myanmar ၊ ရတနာရှင်းသန့်ကုမ္ပဏီနှင့် Brightex Family Co.Ltd တို့မှ တစ်လုံးလျှင် ငွေကျပ် ၇၅ သိန်း တန်ဖိုးရှိ အသက်ရှူစက် (Ventilator) လေးလုံး လှူဒါန်းခဲ့ကြပြီး စုစုပေါင်း လှူဒါန်းမှုမှာ တန်ဖိုးငွေကျပ် ၂၃၂၅ သိန်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## (၁၀၅) မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်ရှိ နှစ်နိုင်ငံ သစ်သီးရောင်းဝယ်ကွင်းတွင် COVID-19 ရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**မူဆယ် မတ် ၁၄**

ရှမ်းပြည်နယ်မြောက်ပိုင်း မြန်မာနိုင်ငံ ကြက်ခြေနီအသင်း (လားရှိုး) ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးဇော်ဇော်၏ ကြီးကြပ်မှုဖြင့် မတ် ၁၄ ရက်က ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစိုးနိုင်၊ အဖွဲ့ဝင် ဦးစိုင်းထွန်းအေးနှင့် (၁၀၅) မိုင် ကြက်ခြေနီအသင်းခွဲမှ တပ်ခွဲမှူး ဦးသန့်ဇင် ဦးဆောင်သည့် ကြက်ခြေနီစေတနာရှင်များသည် ကုန်သွယ်ရေးဇုန်နယ်မြေအတွင်းရှိ အရှေ့မြောက်တံခါး အများနှင့် သက်ဆိုင်သော နှစ်နိုင်ငံ သစ်သီးရောင်းဝယ်ကွင်း အပါအဝင် ယာဉ်အဝင် အထွက်ဂိတ်များ၌ COVID-19 ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ COVID-19 ရောဂါ ကာကွယ်ရေးအတွက် ကုန်သည်၊ ပွဲရုံပိုင်ရှင်၊ ကုန်သည်ပွဲစား၊ အသီးရောင်းဝယ်နေကြသူများနှင့် ယာဉ်မောင်းများကို ကိုယ်အပူချိန်တိုင်းပေးခြင်း(**အောက်ပုံ**)၊ လက်ဆေးဂျယ်၊ လက်ဆေးဆပ်ပြာဖြင့် လက်များဆေးကြောပေးခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ပေးဝေခြင်းတို့ ဆောင်ရွက်ကြသည်။

ဆက်လက်၍ ကြက်ခြေနီစေတနာ့လုပ်အားရှင်များသည် အသီးရောင်းဝယ်ကွင်းတွင် COVID-19 ရောဂါ ကာကွယ်ရေး အသိပညာပေးခဲ့သည်။ အဆိုပါအသီးရောင်းဝယ်ကွင်းကို မတ် ၁၄ ရက်တွင် အသီးအရောင်း အဝယ်ယာဉ်အဖြစ် ဖရဲသီးတင်ယာဉ် အစီးရေ ၂၆၄ စီး၊ သခွားတင်ယာဉ် အစီးရေ ၂၂၈ စီး၊ ဖရုံတင်ယာဉ် တစ်စီး စုစုပေါင်း အစီးရေ ၄၉၃ စီး ဝင်ရောက်ရောင်းချခဲ့သည်။ အဆိုပါ ဝင်ရောက်ရောင်းချခဲ့သည့် ယာဉ်မောင်းများ ကိုပါမကျန် COVID-19 ရောဂါ ကာကွယ်ရမည့် နည်းလမ်းများကို အသိပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။

**သန့်ဇင် (မူဆယ်)**





## မယ်စဲ့ ဘီပီ (၁၃) ဂိတ်နှင့် ဘီပီ (၁၄) နယ်စပ်ဂိတ်တို့တွင် COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**မယ်စဲ့ မတ် ၁၄**

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ်တွင် အိမ်နီးချင်း ထိုင်းနိုင်ငံနှင့် နှစ်နိုင်ငံ ဝင်ပေါက်/ထွက်ပေါက်ဖြစ်သည့် မယ်စဲ့ဘီပီ(၁၃) ဂိတ်နှင့် ဘီပီ (၁၄) နယ်စပ်ဂိတ်တို့တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနက COVID-19 လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့် ပတ်သက်၍ ရောဂါ စောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ နယ်စပ်ဂိတ်များတွင် နယ်စပ်ကုန်သွယ်ရေး ဖြတ်သန်းသွားလာနေသော ယာဉ်များ၊ နှစ်နိုင်ငံ ခရီးသွားပြည်သူများအား ကိုရိုနာဗိုင်းရပ်စ် ရောဂါ ကူးစက်ခံရသူများ ပါဝင်လာခြင်းမရှိစေရေးအတွက် ကျန်းမာရေး စစ်ဆေးခြင်း၊ အဖျားတိုင်းကိရိယာဖြင့် စစ်ဆေးတိုင်းတာခြင်းနှင့် လက်ကို စင်ကြယ်အောင်ဆေးကြောခြင်း၊ ချောင်းဆိုး၊ နှာချေကျင့်ဝတ် အသိပညာပေးခြင်းလုပ်ငန်းတို့ကို မြို့နယ်ကျန်းမာရေးဝန်ထမ်းများက နေ့စဉ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။(**အပေါ်ပုံ**)

"ကမ္ဘာ့ ကပ်ရောဂါအနေနဲ့ ဖြစ်ပွားလျက်ရှိတဲ့ COVID-19 ရောဂါကို တုံ့ပြန်ဆောင်ရွက်တဲ့နေရာမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ရောဂါ ကာကွယ်ရေး ကျန်းမာရေးအသိပညာပေးနှိုးဆော်ချက်တွေကို ပြည်သူတွေက ပူးပေါင်းပါဝင်ပြီး စနစ်တကျ လိုက်နာဖို့ လိုအပ်ပါတယ်။ နယ်စပ်ဂိတ်တွေမှာ နေ့စဉ် စစ်ဆေးဆောင်ရွက်ချက်တွေအရ ယနေ့အထိ သံသယလူနာ မတွေ့ရသေးပါဘူး" ဟု မြို့နယ် သွားနှင့်ခံတွင်း ဆရာဝန် ဒေါက်တာမြတ်စိုးဦးက ပြောသည်။

မယ်စဲ့မြို့နယ်တွင် COVID-19 ရောဂါ ကူးစက်မှုကာကွယ်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများက ကျေးရွာတိုင်းတွင် ကျန်းမာရေးအသိများ၊ ဆောင်ရန်/ရှောင်ရန် အချက်များကို အသိပညာပေးဟောပြောခြင်းနှင့် မြို့နယ်ပြည်သူ့ဆေးရုံတွင်လည်း ကြိုတင်ကာကွယ်မှုများအတွက် စနစ်တကျ ပြင်ဆင်ဆောင်ရွက်ထားရှိကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**ဝတ်ရည် (ပြန်/ဆက်)**

# Coronavirus Diseases 2019 (COVID-19) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၄-၃-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့် ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင် လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ် လည်းကောင်း၊ ပြည်သူလူထုအခြေပြု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဖြင့် လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့်ပူးပေါင်း၍ လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ရာတွင် (၁၃-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီမှ (၁၄-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီအထိ စောင့်ကြည့်လူနာ (၇) ဦး ရှိခဲ့ပြီး ၎င်းတို့အနက် လူနာ (၄) ဦး၏ ဓာတ်ခွဲနမူနာကို (၁၄-၃-၂၀၂၀) ရက်နေ့တွင် ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ ဌာန (ရန်ကုန်)သို့ ပေးပို့စစ်ဆေးခဲ့ပြီး ၎င်းတို့၏အဖြေများမှာ ပူးတွဲပါဇယား(၂) တွင် ဖော်ပြထားမည်ဖြစ်ကြောင်းနှင့် ကျန်လူနာ (၃) ဦးအပြင် ဓာတ်ခွဲနမူနာ ပေးပို့ရန်စီစဉ်ဆဲ ဖြစ်သော လူနာ (၁) ဦး၊ စုစုပေါင်း လူနာ (၄) ဦးတို့၏ ဓာတ်ခွဲနမူနာအား ဆက်လက်၍ ပေးပို့စစ်ဆေးရန် စီစဉ်ထားရှိကြောင်း သိရှိရပါသည်။ **(ဇယား -၁)**

၃။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)တွင် ဓာတ်ခွဲစစ်ဆေးချက်များအရ (၁၄-၃-၂၀၂၀) ရက်နေ့၊ နံနက် (၆:၀၀) နာရီမှ ညနေ (၆:၀၀) နာရီအထိ သက်ဆိုင်ရာဆေးရုံများရှိ စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိသော လူနာများအနက် လူနာ (၉) ဦး၏ ဓာတ်ခွဲအဖြေများတွင် Coronavirus Disease 2019 (COVID-19) ဗိုင်းရပ်စ်ရောဂါပိုးမရှိပါကြောင်း (မရှိကြောင်း) စစ်ဆေးသိရှိရပါသည်။ **(ဇယား -၂)**

၄။ (၁၄-၃-၂၀၂၀) ရက်နေ့တွင် ကိုရီးယားသမ္မတနိုင်ငံမှ မြန်မာနိုင်ငံ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာသည့် အသက် (၄၀) နှစ်နှင့် အသက် (၃၄) နှစ်အရွယ် သီလရှင် (၂) ပါးတို့တွင် ဖျားခြင်းနှင့် အခြားအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ မတွေ့ရှိရသည့်အပြင် COVID-19 ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့မှုမရှိသော်လည်း ရောဂါဖြစ်ပွားမှု မြင့်မားလျက်ရှိသော ကိုရီးယားသမ္မတနိုင်ငံ၊ ဒယ်ဂူးမြို့တွင် နေထိုင်ခဲ့သည့် ရာဇဝင် ရှိသဖြင့် ၎င်းတို့အား တောင်ဥက္ကလာပအမျိုးသမီးနှင့်ကလေးဆေးရုံကြီးသို့ ညွှန်းပို့ခဲ့ပြီး (၁၄) ရက် ခွဲခြားထားရှိ၍ အသွားအလာကန့်သတ်ခြင်း (Hospital Quarantine) ပြုလုပ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၅။ (၁၄-၃-၂၀၂၀) ရက်နေ့အရ ဓာတ်ခွဲနမူနာပေးပို့ရန် စီစဉ်ဆဲဖြစ်သော စောင့်ကြည့်လူနာ (၄) ဦး၏ ဓာတ်ခွဲနမူနာများမှလွဲ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ ဌာနသို့ရောက်ရှိပြီးဖြစ်သော ဓာတ်ခွဲနမူနာအားလုံး၏ ဓာတ်ခွဲအဖြေများတွင် Coronavirus Disease 2019 (COVID-19) ဗိုင်းရပ်စ်ရောဂါပိုးမရှိပါကြောင်း (မရှိကြောင်း) စစ်ဆေးသိရှိရပါသည်။

၆။ ယနေ့ (၁၄-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီအချိန်အထိ ဓာတ်ခွဲအဖြေစောင့်ဆိုင်းဆဲ လူနာ (၄) ဦးအား သက်ဆိုင်ရာဆေးရုံများတွင် စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိပါသည်။

၇။ (၁၄-၃-၂၀၂၀) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ မတွေ့ရှိသေးသော်လည်း ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံအချို့ အပါအဝင် ကမ္ဘာ့နိုင်ငံ (၁၂၃) နိုင်ငံတွင် COVID-19 ရောဂါ ကူးစက်ဖြစ်ပွားလျက်ရှိသဖြင့် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးအသိပညာပေးအချက်အလက်များအား တိကျစွာလိုက်နာဆောင်ရွက်ရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

ဇယား-၁

**COVID-19 ရောဂါ စောင့်ကြည့်လူနာ/သံသယလူနာများ တွေ့ရှိမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
(၁၄-၃-၂၀၂၀)ရက်နေ့၊ ည (၈:၀၀) နာရီ

| စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | ရောဂါလက္ခဏာများ | ရောဂါလက္ခဏာများ စတင်ဖြစ်ပွားသည့်ရက် | ခရီးသွားရာဇဝင် | | လူနာအား စတင်တွေ့ရှိသည့်နေရာ | COVID-19 ရောဂါလူနာနှင့် ထိတွေ့မှု ရှိ/ မရှိ | ဆေးကုသမှုခံယူလျက်ရှိသည့် ဆေးရုံ/ ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | သွားရောက်ခဲ့သည့် နိုင်ငံ၊ မြို့ | မြန်မာ နိုင်ငံသို့ ရောက်ရှိသည့်ရက် | | | | |
| ၁ | ၂၈ | မ | ကျောက်ဖြူမြို့နယ်၊ ဇင်ချောင်း၊ ရေနံတွင်းရွာ | ချောင်းဆိုးခြင်း၊ နှာစေးခြင်း | ၁၁-၃-၂၀၂၀ | ထိုင်း | ၉-၃-၂၀၂၀ | ကျောက်ဖြူမြို့နယ်ပြည်သူ့ဆေးရုံ | မရှိ | ကျောက်ဖြူမြို့နယ်ပြည်သူ့ဆေးရုံ (၁၃-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၂ | ၄၀ | မ | ပုသိမ်ကြီးနည်းပညာတက္ကသိုလ်၊ ဝန်ထမ်းအိမ်ရာ | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ခေါင်းကိုက်ခြင်း | ၁၁-၃-၂၀၂၀ | ဗီယက်နမ် | | မန္တလေးပြည်သူ့ဆေးရုံကြီး | မရှိ | ကန်တော်နဒီ (၁၄-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၃ | ၁၈ | မ | (၅၉) လမ်း၊ မနော်ဟရီ၊ မန္တလေး | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ နှာရည်ယိုခြင်း | ၇-၃-၂၀၂၀ | မရှိ | - | မန္တလေးပြည်သူ့ဆေးရုံကြီး | မရှိ | ကန်တော်နဒီ (၁၃-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၄ | ၄၀ | မ | ရန်ကင်းမြို့နယ်၊ Golden City Garden | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ ဝမ်းလျှော ခြင်း | ၁၂-၃-၂၀၂၀ | ထိုင်း | ၁၂-၃-၂၀၂၀ | SOS Clinics | မရှိ | ဝေဘာဂီအထူးကုဆေးရုံကြီး (၁၃-၃-၂၀၂၀) | ထိုင်းနိုင်ငံသား |
| ၅ | ၃၀ | မ | လှိုင်ကော်လေး၊ လှိုင်ကော်မြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း | ၁၀-၃-၂၀၂၀ | စင်္ကာပူ | ၁၀-၃-၂၀၂၀ | လှိုင်ကော်ပြည်သူ့ ဆေးရုံကြီး | မရှိ | အာရှတော်ဝင်အထူးကုဆေးရုံ (၁၂-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၆ | ၄၅ | ကျား | အမှတ် (၆၉၆)၊ ဗိုလ်တိုက်ချွန်းလမ်း၊ (၂၃) ရပ်ကွက် | ဖျားခြင်း၊ ပိုမိုမောပန်း ခြင်း | ၈-၃-၂၀၂၀ | ထိုင်း | ၁၉-၂-၂၀၂၀ | အာရှတော်ဝင်အထူးကုဆေးရုံ | မရှိ | ရန်ကုန်ပြည်သူ့ဆေးရုံကြီး (၈-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၇ | ၂၁ | ကျား | စကုမြို့နယ်၊ ကျွဲတဲရွာ၊ မင်းဘူး | ဖျားခြင်း၊ ချောင်းဆိုးခြင်း | ၂၆-၂-၂၀၂၀ | တရုတ် | ၃-၃-၂၀၂၀ | မင်းဘူးမြို့ပြည်သူ့ဆေးရုံကြီး | မရှိ | မင်းဘူးမြို့ပြည်သူ့ဆေးရုံ ကြီး (၁၄-၃-၂၀၂၀) | မြန်မာနိုင်ငံသား |

ဇယား-၂

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
(၁၄-၃-၂၀၂၀)ရက်နေ့၊ ည (၈:၀၀) နာရီ

| စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | ဆေးကုသမှုခံယူ လျက်ရှိသည့် ဆေးရုံ | ဆေးရုံ စတင်တက်ရောက်သည့် ရက်စွဲ | COVID-19 ဓာတ်ခွဲအဖြေ |
|---|---|---|---|---|---|---|
| ၁ | ၄၁ နှစ် | ကျား | ကယားပြည်နယ်၊ ဒီမောဆိုမြို့နယ် | လှိုင်ကော်ပြည်သူ့ဆေးရုံကြီး | ၁၁-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၂ | ၂၅ နှစ် | မ | ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ် | ထန်းတပင်မြို့နယ်ပြည်သူ့ဆေးရုံကြီး | ၁၂-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၃ | ၄၄ နှစ် | ကျား | ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ် | မူဆယ်မြို့နယ်ပြည်သူ့ဆေးရုံကြီး | ၁၂-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၄ | ၂၁ နှစ် | ကျား | ဂျပန်နိုင်ငံ (လက်ရှိ - ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်) | ဝေဘာဂီအထူးကုဆေးရုံကြီး | ၁၃-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၅ | ၃၅ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ် | ရန်ကုန် (အရှေ့ပိုင်း)ဆေးရုံကြီး | ၁၃-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၆ | ၂၈ နှစ် | မ | ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ် | ကျောက်ဖြူမြို့နယ်ပြည်သူ့ဆေးရုံ | ၁၃-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၇ | ၄၀ နှစ် | မ | ထိုင်းနိုင်ငံ (လက်ရှိ - ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်) | ဝေဘာဂီအထူးကုဆေးရုံကြီး | ၁၃-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၈ | ၃၀ နှစ် | မ | ကယားပြည်နယ်၊ လှိုင်ကော်မြို့နယ် | လှိုင်ကော်ပြည်သူ့ဆေးရုံကြီး | ၁၂-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၉ | ၄၅ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ် | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | ၈-၃-၂၀၂၀ | မတွေ့ရှိပါ။ |



## ဟားခါးမြို့၌ COVID-19 ရောဂါအကြောင်း သိကောင်းစရာများ စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**ဟားခါး မတ် ၁၄**

ချင်းပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးမှ ဦးဆောင်၍ COVID-19 အကြောင်း သိကောင်းစရာများ စကားဝိုင်းဆွေးနွေးခြင်းကို မတ် ၁၃ ရက်က ဟားခါးမြို့ရှိ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ (ဝဲပုံ) ချင်းပြည်နယ် လူမှုရေးဝန်ကြီး ဦးပေါင်လွှန်းမင်ထန်က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်ငွေစံက COVID-19 နှင့် ပတ်သက်၍ သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများ၊ ရောဂါကူးစက်ခံရသူတိုင်း အသက်အန္တရာယ်ရှိမှု ရာခိုင်နှုန်းနှင့် ကြိုတင်ကာကွယ်ရေးနည်းလမ်းများတွင် ပြည်သူများအကြား ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် သတင်းမီဒီယာများက ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တက်ရောက်လာကြသူများ၏ သိရှိလိုသည့် ဆွေးနွေးမေးမြန်းချက်များအား ဒေါက်တာအောင်ငွေစံနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကာ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ကျန်းမာရေးမှူး ဦးပီတာခိုင်ဒိတ်တုန်က ဆွေးနွေးချက်များအား တင်ပြရာ ပြည်နယ်လူမှုရေးဝန်ကြီးက ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကျော်စွာ(ပြန်/ဆက်)**

# COVID–19 ရောဂါနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

**(၄-၁-၂၀၂၀ ရက်နေ့မှ ၁၄-၃-၂၀၂၀ ရက်နေ့ထိ) (၁၄-၃-၂၀၂၀) ရက်နေ့၊ ည (၈:၁၅) နာရီ**

**၁။ ကမ္ဘာ့နိုင်ငံများ၏ COVID–19 ရောဂါဖြစ်ပွားမှုအခြေအနေ**

(ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၁၃-၃-၂၀၂၀) ရက်နေ့ မြန်မာစံတော်ချိန် (၁၅:၃၀) နာရီအချိန် ထုတ်ပြန်ချက်)

- ကမ္ဘာပေါ်တွင် ရောဂါဖြစ်ပွားနေသည့်နိုင်ငံစုစုပေါင်း - (၁၂၃) နိုင်ငံ
- ကမ္ဘာ့နိုင်ငံများတွင် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း - (၁၃၂,၇၅၈) ဦး
- ကမ္ဘာ့နိုင်ငံများတွင် သေဆုံးသူ စုစုပေါင်း - (၄,၉၅၅) ဦး
- ကမ္ဘာပေါ်တွင် သေဆုံးမှုရာခိုင်နှုန်း - (၃.၇) %
- **ကမ္ဘာပေါ်တွင်(တရုတ်နိုင်ငံပြင်ပ) ဖြစ်ပွား/ သေဆုံးမှုများသော နိုင်ငံများမှာ–**

| စဉ် | နိုင်ငံ | စဖြစ်သည်မှ ယခုအချိန်ထိ | |
|---|---|---|---|
| | | ဓာတ်ခွဲအတည်ပြု ဖြစ်ပွားသူ စုစုပေါင်း | သေဆုံးသူ စုစုပေါင်း |
| ၁ | အီတလီ | ၁၅,၁၁၃ | ၁,၀၁၆ |
| ၂ | အီရန် | ၁၀,၀၇၅ | ၄၂၉ |
| ၃ | ကိုရီးယားသမ္မတနိုင်ငံ | ၇,၉၇၉ | ၆၆ |
| ၄ | စပိန် | ၂,၉၆၅ | ၈၄ |
| ၅ | ပြင်သစ် | ၂,၈၆၀ | ၆၁ |
| **(၅) နိုင်ငံ စုစုပေါင်း** | | **၃၈,၉၉၂** | **၁,၆၅၆** |

- ကမ္ဘာ့ဒေသအသီးသီးတွင် ရောဂါကူးစက်ဖြစ်ပွားသောနိုင်ငံများ ဆက်တိုက်များပြားလာခဲ့ကြောင်းနှင့် နိုင်ငံပြင်ပမှရောဂါကူးစက်မှု (Imported case) များသာမက နိုင်ငံတွင်း၌ပါ ရောဂါကူးစက်မှု (Local transmission) များရှိလာပါကြောင်း တွေ့ရှိရပါသည်။
- တရုတ်ပြည်သူ့သမ္မတနိုင်ငံပြင်ပတွင် နိုင်ငံတွင်းကူးစက်မှုဖြစ်ပွားသော နိုင်ငံ(၆၁) နိုင်ငံမှာ –

| စဉ် | ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ထားသော ဒေသကြီးများ | နိုင်ငံ |
|---|---|---|
| ၁။ | အနောက်ပစိဖိတ်ဒေသ | – ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်၊ စင်ကာပူ၊ ဩစတြေးလျ၊ မလေးရှား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ နယူးဇီလန်၊ ကမ္ဘောဒီးယား |
| ၂။ | ဥရောပဒေသ | – အီတလီ၊ ဂျာမနီ၊ ပြင်သစ်၊ စပိန်၊ ဆွစ်ဇာလန်၊ ဒိန်းမတ်၊ ဆွီဒင်၊ နယ်သာလန်၊ အင်္ဂလန်၊ ဩစတြီးယား၊ ဘယ်လ်ဂျီယံ၊ နော်ဝေး၊ ချက်သမ္မတနိုင်ငံ၊ ဖင်လန်၊ ဂရိ၊ အစ္စရေး၊ အိုင်ယာလန်၊ ဆန်မာရီနို၊ အိုက်စလန်၊ ဆလိုဗေးနီးယား၊ ပိုလန်၊ ရိုမေးနီးယား၊ ပေါ်တူဂီ၊ ဆလိုဗေးကီးယား၊ ခရိုအေးရှား၊ ဟန်ဂေရီ၊ ဘယ်လာရုစ်၊ ဘူဂေးရီးယား၊ မြောက်မက်စီဒိုးနီးယား၊ ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနား |
| ၃။ | အရှေ့တောင်အာရှဒေသ | – ထိုင်း၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မော်လ်ဒိုက်၊ ဘင်္ဂလားဒေ့ရှ် |
| ၄။ | အရှေ့အလယ်ပိုင်းဒေသ | – အီရန်၊ ဘာရိန်း၊ယူအေအီး၊ အီရတ်၊ အီဂျစ်၊ လက်ဘနွန်၊ ပါကစ္စတန်၊ |
| ၅။ | အမေရိကဒေသ | – အမေရိကန်၊ ကနေဒါ၊ ဘရာဇီး၊ အီကွေဒေါ၊ ချီလီ၊ ကော်စတာရီကာ၊ ပီရူး၊ |
| ၆။ | အာဖရိကဒေသ | – အယ်လ်ဂျီးရီးယား၊ ကမ်မရွန်း |
| ၇။ | နယ်မြေဒေသ | – ပါလက်စတိုင်းနယ်မြေ |

- အီတလီနိုင်ငံ၊ အီရန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့၏ရောဂါဖြစ်ပွားမှု၊ သေဆုံးမှုသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံပြင်ပ အခြားနိုင်ငံများတွင် ရောဂါဖြစ်ပွားမှုအားလုံး၏ (၆၄ %)ခန့်နှင့် သေဆုံးမှုအားလုံး၏ (၈၅%) ခန့် ရှိပါသည်။
- ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်များအရ လွန်ခဲ့သော (၂) ပတ်အတွင်း၌ တရုတ် ပြည်သူ့သမ္မတနိုင်ငံတွင် ရောဂါကူးစက်ဖြစ်ပွားမှုနှုန်း ကျဆင်းလာသော်လည်း အခြားကမ္ဘာ့ နိုင်ငံများတွင် ရောဂါကူးစက်သူဦးရေ (၁၃)ဆ များပြားလာခဲ့ပြီး ရောဂါကူးစက်ဖြစ်ပွားသည့် နိုင်ငံအရေအတွက်မှာလည်း (၃) ဆ များပြားလာခဲ့ကြောင်း သိရှိရပါသည်။
- လက်ရှိအချိန်၌ ကမ္ဘာပေါ်တွင် COVID–19 ရောဂါအတည်ပြုလူနာ မတွေ့ရှိရသေးသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ စုစုပေါင်း (၇၁) နိုင်ငံရှိပြီး ထိုနိုင်ငံများထဲတွင် မြန်မာနိုင်ငံလည်း ပါဝင်ပါသည်။

**၂။ မြန်မာနိုင်ငံ၏ COVID–19 ရောဂါဖြစ်ပွားမှုအခြေအနေ (၁၄-၃-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀) နာရီအချိန်ထိ**

| | ဓာတ်ခွဲစစ်ဆေးမှု အခြေအနေ | | | လူနာဦးရေ စုစုပေါင်း |
|---|---|---|---|---|
| | ပိုးတွေ့ | ပိုးမတွေ့ | ဓာတ်ခွဲ နမူနာ ပေးပို့ရန် စီစဉ်ဆဲ | |
| စောင့်ကြည့်လူနာ | - | ၁၁၆ | ၄ | ၁၂၀ |
| သံသယလူနာ | - | ၂ | - | ၂ |
| **စုစုပေါင်း** | **-** | **၁၁၈** | **၄** | **၁၂၂** |

၃။ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိဆေးရုံများတွင် (၃၁-၁-၂၀၂၀) ရက်နေ့မှ (၁၄-၃-၂၀၂၀) ရက်နေ့အထိ စောင့်ကြည့်လူနာ/ သံသယလူနာ တွေ့ရှိရမှု အခြေအနေများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် (၄၇) ဦး၊ ရှမ်းပြည်နယ်တွင် (၂၁) ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် (၂၃) ဦးနှင့် အခြားတိုင်းဒေသကြီး/ ပြည်နယ်များတွင် (၃၁) ဦး စုစုပေါင်း (၁၂၂) ဦးတို့ဖြစ်ပါသည်။

၄။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် COVID–19 ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများအား ဆောင်ရွက်ရာတွင်–

(က) သံသယလူနာနှင့် စောင့်ကြည့်လူနာများအား စောစီးစွာရှာဖွေဖော်ထုတ်ခြင်း၊ သီးခြားထားရှိကုသခြင်းနှင့် ထိရောက်ကောင်းမွန်သည့် ကုသမှုများ ပေးလျက်ရှိခြင်း၊

(ခ) ဆင့်ပွားကူးစက်ပျံ့နှံ့မှုများအား ကာကွယ်နိုင်ရေးအတွက် လူနာနှင့်အနီးကပ် ထိတွေ့သူများ (အတူနေမိသားစုများနှင့် ကျန်းမာရေးဝန်ထမ်းများစသည်) တို့အား ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ဆေးရုံ၊ ဆေးခန်းများတွင် ရောဂါပိုးကူးစက်မှု ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများအား အစဉ်တစိုက် ဆက်လက် အားဖြည့်ဆောင်ရွက်ခြင်း၊

(ဂ) ကျန်းမာရေးဝန်ထမ်းများအား မှန်ကန်ထိရောက်သည့် ရောဂါကာကွယ်ရေးလုပ်ငန်းများအား တိကျစွာဆောင်ရွက်နိုင်ရန် လုပ်ငန်းလမ်းညွှန်ချက်များအား ရေးသားဖြန့်ဝေခြင်းနှင့် ပြည်သူလူထုမှ လိုက်နာဆောင်ရွက်ရမည့် လမ်းညွှန်ချက်များအား ဖြန့်ဝေခြင်း၊

(ဃ) ကမ္ဘာ့နိုင်ငံများအပါအဝင် မြန်မာနိုင်ငံ၌ လတ်တလောဖြစ်ပွားနေသောအခြေအနေများ၊ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား နိုင်ငံပိုင်သတင်းစာမျက်နှာများနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (www.mohs.gov. mm) နှင့် လူမှုကွန်ရက်စာမျက်နှာများ (https://www.facebook.com/ MinistryOfHealthAndSportsMyanmar နှင့် https://www.facebook.com/MyanmarCDC) တို့တွင် ဖော်ပြခြင်းနှင့် တစ်ပြိုင်တည်းမှာပင် ပြည်သူလူထုအကြား ပျံ့နှံ့လေ့ရှိသည့် သတင်းအမှားများအား သတင်းအမှန်များဖြင့်အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ခြင်း၊

(င) ကျန်းမာရေးအသိပညာပေးလုပ်ငန်းများအား မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ လူမှုရေးအသင်းအဖွဲ့များ (Civil Society Organizations) နှင့် ပြည်သူလူထုအခြေပြုအသင်းအဖွဲ့များ (Community Based Organizations) တို့မှ ပူးပေါင်း၍ တိုင်းဒေသကြီး/ ပြည်နယ်များရှိ လူစည်ကားသည့် နေရာများဖြစ်သည့် ကားဂိတ်များ၊ ဈေးများ စသည့်နေရာများတွင် COVID–19 ကျန်းမာရေးအသိပညာပေးလုပ်ငန်းများအား Hand Held Loud Speaker များဖြင့် ပိုမိုဆောင်ရွက်စေခြင်း၊

(စ) COVID – 19 ရောဂါကြောင့် ပြည်သူလူထု၏ လူမှုစီးပွားထိခိုက်မှုများ နည်းပါးစေရန် သက်ဆိုင်ရာနီးနွယ် ဌာနများဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

၅။ ရောဂါကူးစက်ဖြစ်ပွားမှုနှုန်း မြင့်တက်လျက်ရှိသည့်နိုင်ငံများမှ ခရီးသည်များသည် လေကြောင်းခရီးဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ အခြားနိုင်ငံများတွင် ရပ်နားဖြတ်သန်းပြီးသော် လည်းကောင်း၊ မြန်မာနိုင်ငံသို့ ဝင်ရောက်နိုင်သည့် အခြေအနေများစွာရှိနေပါသည်။

- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အပြည်ပြည်ဆိုင်ရာလေဆိပ်များ၌ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများဖြစ်သော အဖျားရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ နိုင်ငံတကာမှ ခရီးသည်များအား COVID–19 ရောဂါကင်းရှင်းကြောင်း လက်မှတ်နှင့် ကျန်းမာကြောင်းဆေးထောက်ခံချက် (Medical Certificate) ပါရှိမှသာ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း၊ လေယာဉ်ပေါ်တွင် Health Declaration Card များ ဖြည့်စွက်ခြင်းအား အထူးကြပ်မတ်ခြင်းများအား ဆောင်ရွက်လျက်ရှိပါသည်။
- ရောဂါလက္ခဏာမပြသေးသော်လည်း ရောဂါရှိသူ (Asymptomatic carrier) တစ်ဦးထံမှ အခြားသူများထံသို့ ရောဂါကူးစက်ပြန့်ပွားရာတွင် အလုံပိတ်အခန်း (သို့မဟုတ်) လေယာဉ်၊ သင်္ဘော၊ အဝေးပြေးဘတ်စ်ကားကဲ့သို့သောနေရာများတွင် ရောဂါကူးစက်မှုများပြားနိုင်ကြောင်း တွေ့ရှိရ၍ ပြည်သူလူထုများအနေဖြင့် သတိပြုရန် လိုအပ်ပါသည်။

၆။ မြန်မာနိုင်ငံတွင်လည်း ရောဂါဖြစ်ပွားသူအများအပြား ရုတ်တရက်တစ်ပြိုင်နက် တွေ့ရှိလာနိုင်ပြီး ပြည်သူများအတွင်း၌ ကူးစက်ဖြစ်ပွားနိုင်ခြင်းတို့ကြောင့် ပြည်သူများနှင့် လူမှုရေးအဖွဲ့အစည်းများအနေဖြင့် –

(က) ယခုကာလအတွင်း လူစုလူဝေးများပြားရာနေရာများနှင့် ပွဲလမ်းသဘင်ရှိရာနေရာများကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ကြပါရန်၊

(ခ) အခြေအနေအကြောင်းကြောင်းကြောင့် မဖြစ်မနေကျင်းပရမည့် လူစုလူဝေးနှင့် ပွဲလမ်းသဘင်များကိုသာ ပြုလုပ်ကြပါရန်၊

(ဂ) ရောဂါဖြစ်ပွားနေသူ၏ ချောင်းဆိုးခြင်း၊ နှာချေခြင်းတို့မှ ထွက်ရှိလာသော အမှုန်အမွှားများမှတစ်ဆင့် ရောဂါကူးစက်နိုင်သဖြင့် လက်ကိုမကြာခဏ ဆပ်ပြာဖြင့် ဆေးကြောပေးရန်အတွက် ပွဲလမ်းသဘင်များတွင် ဆပ်ပြာနှင့် ရေ (သို့မဟုတ်) လက် သန့်စင်ဆေးရည် (Hand Sanitizer) များ စီစဉ်ထားရှိရန်၊

(ဃ) ပွဲလမ်းသဘင်များ မကျင်းပမီ COVID–19 ရောဂါနှင့် ပတ်သက်သည့် သတင်းအချက်အလက်များအား (၅) မိနစ်ခန့် အချိန်ယူပြောကြားရန်၊

(င) အကယ်၍ ထိုသို့မလွှဲမရှောင်သာကျင်းပရပါက တက်ရောက်သည့်လူအရေအတွက် နည်းနိုင်သမျှနည်းပါးစေရန်နှင့် ဖျားနာသူများနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါရှိသူများ မလာရောက်စေရေးအစီအမံများ တင်းကျပ်စွာပြုလုပ်ရန်၊

(စ) COVID–19 ရောဂါသည် အထူးသဖြင့် သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါ၊ ကင်ဆာရောဂါအခံရှိသူများ၌ ပိုမိုပြင်းထန်စွာဖြစ်ပွားနိုင်ပါ၍ ၎င်းတို့အား လူစုလူဝေးမှ အတတ်နိုင်ဆုံးရှောင်ကြဉ်ရန်နှင့် ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များအား စနစ်တကျလိုက်နာရန် လိုအပ်ပါသည်။

၇။ ကမ္ဘာ့ကပ်ရောဂါ (Pandemic) အနေဖြင့် ဖြစ်ပွားလျက်ရှိသော COVID–19 ရောဂါအား တုံ့ပြန်ဆောင်ရွက်ရာတွင် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ကျန်းမာရေးဝန်ထမ်းများနှင့်အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် လွန်စွာအရေးပါလှပါသဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေး ကျန်းမာရေးအသိပညာပေး နှိုးဆော်ချက်များကိုလည်း တိကျစွာ စနစ်တကျလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ဝေါလေမြိုင်မြို့မဈေး၌ COVID-19 ရောဂါအကြောင်း အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ဝေါလေမြိုင် မတ် ၁၄**

ကရင်ပြည်နယ် မြဝတီခရိုင် ဝေါလေမြိုင်မြို့မဈေး၌ ယနေ့နံနက် ၇ နာရီက (COVID–19) ရောဂါနှင့် ပတ်သက်၍ ပြည်သူများ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

လက်ကမ်းစာစောင်များကို မြို့အုပ်ချုပ်ရေးမှူး ဦးကောင်းရီနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ဈေးဆိုင်များနှင့် ဈေးဝယ်ပြည်သူများအား ဖြန့်ဝေပေးခဲ့ကြပြီး COVID–19 ရောဂါ မကူးစက်အောင် ဈေးရောင်းသူများ လိုက်နာရမည့်အချက်များကိုတာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**နိုင်မျိုးသင်း(ပြန်/ဆက်)**

# တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ စိတ်ကြိုက်မြန်မာစာဘာသာရပ် ဖြေဆို

**နေပြည်တော် မတ် ၁၄**

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့အဖြစ် စိတ်ကြိုက်မြန်မာစာ ဘာသာရပ်ကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာစာစစ်ဌာနများ၌ ဖြေဆိုကြသည်။

**စုစုပေါင်း ၁၀ ဦး ဖြေဆို**

ယနေ့ဖြေဆိုသည့် စိတ်ကြိုက်မြန်မာစာဘာသာရပ်ကို ကချင်ပြည်နယ်တွင် ငါးဦး၊ ရန်ကုန်တိုင်းဒေသကြီးတွင် နှစ်ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် နှစ်ဦးနှင့် ရခိုင်ပြည်နယ်တွင် တစ်ဦး စုစုပေါင်း ၁၀ ဦး ဖြေဆိုခဲ့ကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမှု အခြေပြဇယား

ဘာသာရပ်- စိတ်ကြိုက်မြန်မာစာ ရက်စွဲ၊ ၁၄-၃-၂၀၂၀

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် | | | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | ကျား | မ | ပေါင်း | | |
| ၁ | ကချင် | ၁ | ၁ | ၄ | ၅ | ၁ | ၄ | ၅ | ၁၀၀.၀၀ | ၀ | ၀ | ၀ | ၀.၀၀ | |
| ၂ | မန္တလေး | ၃ | ၃ | ၀ | ၃ | ၂ | ၀ | ၂ | ၆၆.၆၇ | ၁ | ၀ | ၁ | ၃၃.၃၃ | |
| ၃ | ရခိုင် | ၁ | ၁ | ၀ | ၁ | ၁ | ၀ | ၁ | ၁၀၀.၀၀ | ၀ | ၀ | ၀ | ၀.၀၀ | |
| ၄ | ရန်ကုန် | ၂ | ၁ | ၁ | ၂ | ၁ | ၁ | ၂ | ၁၀၀.၀၀ | ၀ | ၀ | ၀ | ၀.၀၀ | |
| | စုစုပေါင်း | ၇ | ၆ | ၅ | ၁၁ | ၅ | ၅ | ၁၀ | ၉၀.၉၁ | ၁ | ၀ | ၁ | ၉.၀၉ | |

# ကြံဈေးကောင်းရ၍ ကြံစိုက်တောင်သူများ အဆင်ပြေလျက်ရှိ

**မြင်းခြံ မတ် ၁၄**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်ရှိ ကြံစိုက်တောင်သူများ ယခင်နှစ်ကထက် ကြံဈေးကောင်းရ၍ အဆင်ပြေလျက်ရှိကြောင်း စံပြကျေးရွာ ကြံစိုက်တောင်သူများထံမှ သိရှိရသည်။

ကြံပင်များကို တစ်ဧကလျှင် ကျင်း ၁၈၀၀ ခန့် စိုက်ပျိုးရကြောင်း တစ်ကျင်းလျှင် ကြံ အဆစ် ၁၀ ဆစ်နှုန်း စိုက်ပျိုးကာ စိုက်ပျိုးချိန်ကတည်းက ဈေးကွက်တွင် မရောင်းချမီအထိ ရှစ်လကြာ စိုက်ပျိုးရပြီး ကြံပင်မခုတ်ခင်အထိ ၇ ရက် တစ်ကြိမ် ရေသွင်းပေးရကြောင်း သိရှိရသည်။ ကြံ ၁၀ ချောင်းပါ တစ်စည်းလျှင် ငွေကျပ် ၃၅၀၀ မှ ငွေကျပ် ၄၀၀၀ အထိ ရောင်းချရကြောင်း၊ ယခင်နှစ်များတွင် ရောင်းတန်းမဝင်သည့် ကြံများကိုလည်း ကြိတ်စက်ဖြင့် ကြံရည်ကြိတ်ကာ တစ်ခွက်လျှင် ငွေကျပ် ၁၀၀ ဖြင့် ရောင်းချပြီး ရေသန့်ဘူး တစ်လီတာလျှင် ငွေကျပ် ၅၀၀ ဖြင့် ရောင်းချကာ ယခုနှစ်တွင်



တစ်ခွက်လျှင် ငွေကျပ် ၃၀၀ ဖြင့် ရောင်းချပြီး ရေသန့်ဘူး တစ်လီတာကို ငွေကျပ် ၇၀၀ ဖြင့် ရောင်းချကြောင်း သိရှိရသည်။ ယခုနှစ်တွင် မိုးရွာသွန်းမှုနည်းပါးပြီး ရေသွင်းစိုက်ရသဖြင့် ကုန်ကျစရိတ် များသောကြောင့် ကြံဈေး မြင့်တက်ရခြင်းဖြစ်ကြောင်း သိရှိရသည်။

ကြံများကို မြင်းခြံမြို့နယ်တွင် သာမက ကျောက်ဆည်၊ မြစ်သား၊ မလှိုင်၊ မိတ္ထီလာ၊ ကျောက်ပန်းတောင်း၊ နတ်မောက်၊ ရေနံချောင်း၊ ချောက်၊ တောင်ငူ၊ ညောင်လေးပင်၊ ဖြူး၊ နေပြည်တော်၊ ရန်ကုန်မြို့အထိပါ တင်ပို့ရောင်းချလျက်ရှိကြောင်း စံပြကျေးရွာ ကြံစိုက်တောင်သူဦးမြင့်မြတ်သူထံမှ သိရသည်။

**ကိုကျော်စွာ(ပြန်/ဆက်)**

# သီပေါ ရှမ်းတောင်တန်း အခြေခံအင်္ဂလိပ်စကားပြော သင်တန်းဆင်းပွဲကျင်းပ

**သီပေါ မတ် ၁၄**

ရှမ်းတောင်တန်းဒေသ လူငယ်မောင်မယ်များ ကြီးမှူးဖွင့်လှစ်သော (၁၂)ကြိမ်မြောက် အင်္ဂလိပ်စကားပြောသင်တန်းဆင်းပွဲကို မတ် ၁၃ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် နမ့်ဟူးနွဲ့ကျေးရွာ ရွာဦးဘုန်းကြီးကျောင်း အေးရိပ်သာ၌ ကျင်းပသည်။

အခမ်းအနားတွင် သင်တန်းကြီးကြပ်မှုကော်မတီနာယက ဦးဆန်းစိုင်းသာညွန့်က နှုတ်ခွန်းဆက်စကားပြောကြားပြီး သင်တန်းကြီးကြပ်ရေးမှူး စိုင်းတုံလော့က နိုင်ငံတကာသုံး အင်္ဂလိပ်ဘာသာစကားတတ်ကျွမ်းခြင်းဖြင့် အကျိုးသက်ရောက်မှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သင်တန်းအတွက် အလှူငွေများကို ကူညီပံ့ပိုးပေးကြသော စေတနာရှင်များနှင့် သင်တန်းတစ်လခွဲကာလအတွင်း ရက်ပျက်မရှိ တက်ရောက်သင်ကြားတတ်မြောက်ခဲ့သော မြို့နယ်အသီးသီးမှ သင်တန်းသား သင်တန်းသူ ၁၅၈ ဦးတို့အား တာဝန်ရှိသူများက ဂုဏ်ပြုလွှာနှင့် အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး သင်တန်းသူ နန်းထွေးထွေးအောင် (နောင်ချို) က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဒေသခံရှမ်းလူငယ်မောင်ငယ်များက "ရှမ်းရိုးမက အိုးစည်သံ" ၊ "မိုင်းတိုင်းဟန်လီ" တေးသီချင်းများနှင့် ရိုးရာရှမ်းအက၊ အလှများဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာ ထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက် ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီ ရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့် အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသော နေရာများတွင် သေချာစွာ သိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သော ပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေ ထွန်းညှိထားခြင်း၊ ဖယောင်းတိုင်မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင်ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာ စစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှ သေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့် အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေး ကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရှည်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရှည်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံး ထားရှိဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ပါ။

# မြိတ်မြို့နယ်အတွင်း တားမြစ်ထားသည့် ဒီရေရောက်ထင်းများကို အုတ်ဖုတ်ရန်အတွက် သုံးစွဲနေမှုကြောင့် တဖြည်းဖြည်း ပြုန်းတီးသွားမည်ကို ဒေသခံများ စိုးရိမ်လျက်ရှိ

**မြိတ် မတ် ၁၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ်အတွင်း အုတ်ဖုတ်လုပ်ငန်း လုပ်ကိုင်သူ များပြားလာသောကြောင့် အုတ်ဖုတ်ရန်အတွက် လောင်စာထင်း ခုတ်ယူသုံးစွဲမှု များပြားနေပြီး အုတ်ဖုတ်လုပ်ငန်း အချို့က တားမြစ်ထားသည့် ဒီရေရောက် ထင်းများသုံးစွဲနေမှုကြောင့် တဖြည်းဖြည်း ဒီရေတောများ ပြုန်းတီးသွားမည်ကို စိုးရိမ်လျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

"အရင်က အုတ်ဖုတ်လုပ်ငန်း လုပ်ကိုင်သူ နည်းတယ်။ လွန်ခဲ့တဲ့ သုံး၊လေးနှစ်လောက်ကစပြီး အုတ်ဖုတ်လုပ်ငန်း လုပ်ကိုင်သူ ပိုများလာပါတယ်။ မြိတ်မြို့နယ်အတွင်းမှာ အုတ်ဖုတ်လုပ်ငန်း လုပ်ကိုင်သူ အများဆုံးရှိတဲ့ ကျေးရွာတွေကတော့ ရေမြက်ကြီးကျေးရွာအုပ်စု၊ ပသောင်းကျေးရွာအုပ်စုနဲ့ တံပျောကျေးရွာအုပ်စုတွေဖြစ်ပါတယ်။ အဲဒီရွာတွေမှာ ၁၀ ဦးကျော်လောက်ရှိပါတယ်။ တခြားရွာတွေမှာလည်း အုတ်ဖုတ်လုပ်ငန်း လုပ်ကိုင်တဲ့သူတွေ ရှိပါတယ်။ အနည်းဆုံး လုပ်ကိုင်သူ တစ်ဦးမှာ အုတ်ဖိုနှစ်ဖိုကနေ အများဆုံး ၁၀ ဖိုအထိ လုပ်ကိုင်လျက်ရှိပါတယ်။ မြိတ်မြို့နယ်အတွင်းမှာ အုတ်ဖိုပေါင်း ၁၀၀ ကျော်လောက် အနည်းဆုံး ရှိပါတယ်။ အုတ်ဖုတ်လုပ်ငန်း လုပ်ကိုင်သူတွေက လယ်ယာမြေတွေမှာ လုပ်ကိုင်ကြတော့ လယ်ယာမြေတွေ လျော့နည်းပျက်စီးလာတဲ့အပြင် အုတ်ဖုတ်ဖို့အတွက် ဒီရေတောတွေက ရေငန်သားတွေကို သုံးစွဲမှု များပြားလာတာမို့သဘာဝအလျောက်ပေါက်နေတဲ့ ဒီရေတောတွေ တဖြည်းဖြည်းပြုန်းလာပြီး သဘာဝဘေးအန္တရာယ်တွေ ဖြစ်ပေါ်လာမှာကို စိုးရိမ်နေရပါတယ်။ မြစ်ကမ်းပါးတွေလည်း ပြိုကျပျက်စီးမှုတွေ ရှိလာပါတယ်။ အုတ်ဖိုက ထွက်တဲ့ မီးခိုးငွေ့တွေကြောင့် ကြာရင် ကလေးတွေနဲ့ အသက်ကြီးပိုင်းတွေ ကျန်းမာရေးထိခိုက်မှု ရှိလာနိုင်ပါတယ်" ဟု ရေမြက်ကြီးကျေးရွာမှ အသက် ၅၀ ကျော်ရှိ အမျိုးသားတစ်ဦးက ပြောကြားသည်။

အုတ်ဖုတ်ရာတွင် အဓိက ထင်းလိုအပ်သည့်အတွက် လောင်စာအဖြစ် လောင်အားကောင်းသည့် ပင်လယ်ကမ်းရိုးတန်းမှ ခုတ်ယူရရှိသော ရေငန်သားများကို အများဆုံး အသုံးပြုကြပြီး အုတ်ဖုတ်ရာတွင် အုတ်အချပ်ပေါင်း တစ်သိန်းကို လောင်စာထင်းတန် ၂၅၊ ၃၀ ခန့် အသုံးပြုရသည့်အတွက် တစ်တန်လျှင် အုတ်ဖုတ်လုပ်ငန်းခွင် အရောက်ပို့ဆောင်ခငွေကျပ် ၃၀၀၀၀ ပေးရသည်။

ယခုအခါမြိတ်မြို့နယ် အတွင်းရှိ ကျေးရွာများတွင် လုပ်ကိုင်လျက်ရှိနေကြသည့် အုတ်ဖုတ်လုပ်ငန်းများအတွက် လိုအပ်သော လောင်စာထင်းများကို မြိတ်မြို့နယ်၊ တနင်္သာရီမြို့နယ်နှင့် ကျွန်းစုမြို့နယ်များရှိ သစ်တောများ၊ ဒီရေရောက်တောများမှ အများဆုံးခုတ်ယူရရှိနေကြသည်။ အုတ်ဖုတ်လုပ်ငန်းများကို နှစ်စဉ် တန်ဆောင်မုန်းလမှ ကဆုန်လအထိ ခုနစ်လခန့်ကြာ လုပ်ကိုင်ကြကာ ယင်းခုနစ်လတာအတွင်း အုတ်ဖုတ်လုပ်ငန်းတစ်ခုလျှင် အုတ်အချပ်ရေ ၁၀ သိန်း အနည်းဆုံးထုတ်လုပ်နိုင်သဖြင့် ခုနစ်လတာ ကာလအတွင်း အုတ်ဖုတ်လုပ်ငန်း တစ်ခုလျှင် လောင်စာထင်းသုံးစွဲမှုမှာ တန်ပေါင်း ၉၀၊ ၁၀၀ ခန့် အသုံးပြုရကြောင်း မြိတ်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် အုတ်ဖုတ်လုပ်ငန်း လုပ်ကိုင်နေသူများထံမှ သိရသည်။



မြိတ်မြို့နယ်ရှိ ကျေးရွာများတွင် အုတ်ဖုတ်လုပ်ငန်း လုပ်ကိုင်သူ ၄၀ ကျော်ခန့်ရှိပြီး အုတ်ဖိုပေါင်း ၁၀၀ ကျော်ခန့်ရှိကြောင်း၊ အုတ်ဖုတ်လုပ်ငန်း လုပ်ကိုင်ကြရာ၌ တချို့က မိမိပိုင်လယ်ယာမြေတွင် လုပ်ကိုင်သူများရှိကဲ့သို့ အများစုမှာ လယ်ယာမြေများကို ငှားရမ်းလုပ်ကိုင်ကြရာ အုတ်ဖုတ်ရာသီ တစ်ရာသီလျှင် လက်ရိုက်အုတ်ခုံတစ်ခုံလျှင် ငှားရမ်းခငွေကျပ် ၃၀၀၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

# ကံမတွင် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေသည့် ကျောင်းသား ကျောင်းသူ ၁၃ ဦး ဝမ်းပျက်ဝမ်းလျှောဖြစ်သဖြင့် ဆေးကုသမှုခံယူရ

**ကံမ မတ် ၁၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေသည့် ကျောင်းသားငါးဦး၊ ကျောင်းသူ ရှစ်ဦး စုစုပေါင်း ၁၃ ဦး ယနေ့ နေ့လယ်ပိုင်းက ဝမ်းပျက်ဝမ်းလျှောဖြစ်သဖြင့် ကံမမြို့ ပြည်သူ့ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူနေရကြောင်း သိရသည်။ အဆိုပါ ကျောင်းသားကျောင်းသူများမှာ ကံမမြို့နယ် စစ္စရုံကျေးရွာ အထက်တန်းကျောင်းခွဲမှ ကံမစာစစ်ဌာနတွင် လာရောက်ဖြေဆိုနေသူများဖြစ်ပြီး ကံမမြို့ အမှတ်(၄) ရပ်ကွက် ကွမ်းခြံရပ်တွင် တည်းခိုနေထိုင်၍ ဖြေဆိုနေခြင်းဖြစ်ကြောင်းနှင့် စိုးရိမ်ဖွယ်ရာမရှိကြောင်း ပြည်သူ့ဆေးရုံမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ကျော်ဇေယျာဝင်း (ကံမ)**

*❍ ကျော်ဖုံးမှ*

ယခုလအတွင်း အပြီးကျင်းပမည်ဖြစ်ပြီး ပွဲစဉ် (၁၀)ကို မတ် ၂၃၊ ၂၄၊ ၂၅ ရက်၊ ပွဲစဉ် (၁၁)ကို မတ် ၂၉၊ ၃၀၊ ၃၁ ရက်တို့တွင် ကျင်းပမည်ဖြစ်ကာ ပွဲအားလုံးကို ညနေ ၄ နာရီတွင် စတင်ကျင်းပမည်ဖြစ်သည်။

နယ်မြို့များတွင် အိမ်ကွင်းကစားနေသည့် အသင်းများမှာ ယင်းနှစ်ပွဲကို ရန်ကုန်မြို့၌ ကစားရမည်ဖြစ်ပြီး ကလပ်အသင်းများအကြား မျှတမှုရှိစေရန် ကစားရမည့် ရက်နှင့် ကွင်းတို့ကို မဲနှိုက်ရေးဆွဲခဲ့သည်။ ပွဲစဉ် (၁၀)အဖြစ် မတ် ၂၃ ရက်တွင် သုဝဏ္ဏကွင်း၌ ဟံသာဝတီအသင်းနှင့် ဖွဲ့ကပင်အသင်း၊ YUSC ကွင်း၌ စစ်ကိုင်းအသင်းနှင့် ချင်းယူနိုက်တက်အသင်း၊ မတ် ၂၄ ရက်တွင် YUSC ကွင်း၌ မကွေးအသင်းနှင့် ရန်ကုန်အသင်း၊ သုဝဏ္ဏကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် Southern အသင်း၊ မတ် ၂၅ ရက်တွင် သုဝဏ္ဏကွင်း၌ ရတနာပုံအသင်းနှင့် အား/ကာသိပ္ပံအသင်း၊ YUSC ကွင်း၌ ရောဝတီအသင်းနှင့် ရခိုင်အသင်း၊ ပွဲစဉ် (၁၁) အဖြစ် မတ် ၂၉ ရက်တွင် သုဝဏ္ဏကွင်း၌ ရန်ကုန်အသင်းနှင့် ဟံသာဝတီအသင်း၊ YUSC ကွင်း၌ ရတနာပုံအသင်းနှင့် မကွေးအသင်း၊ မတ် ၃၀ ရက်တွင် သုဝဏ္ဏကွင်း၌ ချင်းယူနိုက်တက်အသင်းနှင့် ဖွဲ့ကပင်အသင်း၊ YUSC ကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရခိုင်အသင်း၊ မတ် ၃၁ ရက်တွင် YUSC ကွင်း၌ စစ်ကိုင်းအသင်းနှင့် ရောဝတီအသင်း၊ သုဝဏ္ဏကွင်း၌ Southern အသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။




ဇယားထိပ်ဆုံးတွင် ဦးဆောင်နေသည့် ဟံသာဝတီအသင်း။ ဓာတ်ပုံ-စိုးညွန့်

လူငယ်လိဂ်နှင့် ပထမတန်းပြိုင်ပွဲများကိုမူ မူလသတ်မှတ်ထားသည့် ရက်များအတိုင်း ဆက်လက်ကျင်းပမည်ဖြစ်သော်လည်း ပရိသတ်ကြည့်ရှုခွင့်မပြုဘဲ ကွင်းပိတ်ကျင်းပသွားမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

# လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးနိုင်ရေးဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်သည့် အချက်အလက်များ

လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှု (၆) ရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) ကလေးသူငယ်များအား သတ်ဖြတ်ခြင်းနှင့် သေရာပါ ကိုယ်လက်အင်္ဂါ ချို့ယွင်းစေခြင်း (Killing and Maiming of Children)၊

(၂) တပ်မတော်နှင့် လက်နက်ကိုင် တပ်ဖွဲ့များတွင် ကလေးသူငယ်များအား စုဆောင်းခြင်းနှင့် အသုံးပြုခြင်း (Recruitment and Use of Children by Armed Forces or Armed Groups)၊

(၃) ကလေးသူငယ်များအား အဓမ္မပြုကျင့်ခြင်းနှင့်လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းအမျိုးမျိုး (Rape or other Sexual Violence Against Children)၊

(၄) ကလေးသူငယ်များအား အဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်း (Abduction of Children)၊

(၅) ဆေးရုံနှင့် ကျောင်းများအား တိုက်ခိုက်ခြင်း (Attacks against Schools and Hospitals)၊

(၆) ကလေးသူငယ်များအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကို တားဆီးခြင်း (သို့မဟုတ်) ခွင့်မပြုခြင်း (Denial of Humanitarian Access for Children)။

*❁ ကျော်ဖုံးမှ*

ပျက်ခဲ့သောကြောင့် အခက်တွေ့ခဲ့ရပြီး မတ် ၁၂ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လာခြင်းဖြစ်သည်။ ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်သည် မတ် ၁၃ ရက် ညပိုင်းက မတ် ၁၆ ရက်မှ ဧပြီ ၁၂ ရက်အတွင်း ကျင်းပမည့် ပြိုင်ပွဲများအားလုံးကို ရွှေ့ဆိုင်းကြောင်း ထုတ်ပြန်ခဲ့ရာ သက်ထားသူဇာ ယှဉ်ပြိုင်မည့်ပြိုင်ပွဲအားလုံး ပါဝင်ခဲ့ခြင်းဖြစ်သည်။ သက်ထားသူဇာသည် ဥရောပနိုင်ငံများဖြစ်သည့် ပေါ်တူဂီ၊ ချက်၊ ဆွစ်ဇာလန်၊ ပိုလန်နှင့် ဖင်လန်နိုင်ငံတို့၌ ကျင်းပမည့်ပြိုင်ပွဲများ၊ စင်ကာပူနိုင်ငံ၌ ကျင်းပမည့်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ရန် စီစဉ်ထားခြင်းဖြစ်သည်။ ထို့ကြောင့် သက်ထားသူဇာသည် ရန်ကုန်မြို့၌သာ လေ့ကျင့်မှုပြုလုပ်လျက်ရှိသည်။

သက်ထားသူဇာသည် ဖေဖော်ဝါရီတွင် ယှဉ်ပြိုင်ခဲ့သည့်ပြိုင်ပွဲများအနက် Uganda International 2020 ပြိုင်ပွဲတွင် ချန်ပီယံဆုကာကွယ်နိုင်ခဲ့ပြီး ကင်ညာ Future Series ပြိုင်ပွဲတွင်မူ ချန်ပီယံဆု လက်လွတ်ခဲ့ရသည်။

**ညီမြတ်သော်တာ**

*● ကျော်ဖုံးမှ*

ထိုက်ထိုက်အောင် (ရန်ကုန်)၊ ကျော်ဇင်လွင် (ရောဝတီ)၊ **အလယ်တန်း**-ဇင်ဖြိုးအောင် (ဖွဲ့ကပင်)၊ မောင်မောင်လွင်၊ မောင်မောင်ဝင်း (ရန်ကုန်)၊ လွင်မိုးအောင် (ရောဝတီ)၊ လှိုင်းဘိုဘို၊ မျိုးကိုထွန်း (ရတနာပုံ)၊ ရန်နိုင်ဦး၊ ထက်ဖြိုးဝေ (ရှမ်းယူနိုက်တက်)၊ **ရှေ့တန်း**- အောင်သူ(ရတနာပုံ)၊ သန်းပိုင်(ရန်ကုန်)နှင့် ပြည်မိုး (မကွေး)တို့ ပါဝင်ကြသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် မတ် ၁၇ ရက် ညနေပိုင်းတွင် ခြေစမ်းပွဲတစ်ပွဲ ကစားရန် စီစဉ်ထားသည်။

မြန်မာ ယူ-၂၃ အသင်းမှာမူ မတ် ၁၁ ရက် ညနေပိုင်းတွင် စတင်လေ့ကျင့်ခဲ့ပြီး ကစားသမား ၂၅ ဦးဖြင့် ဖွဲ့စည်းထားသည်။ ယင်းအသင်းကို ၂၀၂၂ ဗီယက်နမ်ဆီးဂိမ်းအတွက် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်ပြီး ကစားသမားများ၏ ခြေစွမ်းကို ကြည့်ရှုနိုင်ရန်နှင့် လေ့ကျင့်မှုပြည့်ဝစေရန် ကြိုတင်လေ့ကျင့်ခြင်းဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းတွင် **နည်းပြချုပ်**အဖြစ် ပိုပေါ့ဗ် (ဘူလ်ဂေးရီးယား)၊ **လက်ထောက်နည်းပြ**များအဖြစ် ဦးချစ်နိုင်၊ ဦးဇော်ဝင်းထွန်း၊ **ဂိုးနည်းပြ**-ဦးအောင်ကျော်ကျော်၊ ကြံ့ခိုင်ရေးနည်းပြအဖြစ် ဖွန်ဆီကာ၊ ကစားသမားများအဖြစ် **ဂိုး**-ဇင်ညီညီ အောင် (အား/ကာသိပ္ပံ)၊ ထွန်းနန္ဒဦး (မြဝတီ)၊ အောင်ကိုလတ် (Southern)၊ **နောက်တန်း**-ရဲလင်းထက်၊ စိုးမိုးကျော် (ရောဝတီ)၊ ဖွဲ့ထက်မင်း၊ ဖွဲ့ခန့်မင်း (ရှမ်း)၊ သက်ပိုင်ထွေး၊ ကျော်ဖြိုးဝေ (ဖွဲ့ကပင်)၊ သက်ဟိန်းစိုး၊ အံ့မော်ဦး (ရတနာပုံ)၊ ဟိန်းထက်စည်သူ (မကွေး)၊ ဝေလင်းအောင် (အား/ကာသိပ္ပံ)၊ **အလယ်တန်း**-ဟိန်းထက်အောင်၊ ထက်လင်းလင်း (ဟံသာဝတီ)၊ ဇော်မွန်းအောင်၊ အောင်ဇေယျာဖြိုး၊ မင်းမြတ်စိုး (အား/ကာသိပ္ပံ)၊ မျိုးမင်းဖြိုး (စစ်ကိုင်း)၊ **ရှေ့တန်း**-ပြည့်စုံနိုင်၊ ရဲရင့်အောင်(ရတနာပုံ)၊ ဝင်းနိုင်ထွန်း(ရောဝတီ)၊ သန့်ဇင်မြင့်၊ ခင်ကျော်ဝင်း(အား/ကာသိပ္ပံ)နှင့် လွှမ်းမိုးဦး(ရန်ကုန်)တို့ ပါဝင်ကြသည်။

**ညီမြတ်သော်တာ**

# လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်

**နေပြည်တော် မတ် ၁၄**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ကန့်ဘလူမြို့နယ်တွင် ဆိုင်ကယ်လုယက်မှု ကျူးလွန်သူများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် သောက္ကန်ကျေးရွာနေ အလယ်တန်းပြဆရာမ ဒေါ်ယဉ်အေး(၄၃ နှစ်)သည် မတ် ၁၁ ရက် ညနေ ၃ နာရီခွဲတွင် အလယ်လျှိုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ တက္ကသိုလ်ဝင်စာမေးပွဲ အခန်းစောင့်ပြီး နေအိမ်သို့ ဆိုင်ကယ်ဖြင့်ပြန်လာစဉ် သောက္ကန်ကျေးရွာ အနောက်ဘက်ရှိ ကျေးရွာချင်းဆက်လမ်းမပေါ်၌ အမျိုးသားသုံးဦးက ရပ်တန့်ရန်တားဆီးပြီး တုတ်ဖြင့်ရိုက်ကာ ဆိုင်ကယ်ကို လုယူမောင်းနှင်ထွက်ပြေးသွားသဖြင့် ဇီးကုန်းနယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်ခဲ့သည်။

အမှုနှင့်ပတ်သက်၍ ဇီးကုန်းနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူများ ဖမ်းဆီးရမိရေးအတွက် စုံစမ်းစစ်ဆေးဖော်ထုတ်ခဲ့ရာ မတ် ၁၂ ရက် ညနေ ၄ နာရီခွဲတွင် ထရော်ကိုင်းကျေးရွာနေ ဆန်းလင်းဦး(ခ)မိုင်းတောင်(၂၂ နှစ်)ကို ခေါ်ယူစစ်ဆေးရာမှ ပြစ်မှုကျူးလွန်ခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။

၎င်း၏ ဝန်ခံထွက်ဆိုချက်အရ ဖြစ်စဉ်တွင်ပါဝင်ခဲ့သည့် တစ်ရွာတည်းနေ စည်သူနိုင်(၂၀ နှစ်)နှင့် စကျင်ကျေးရွာနေ ဝေယံအောင်(၂၀ နှစ်)တို့အား မတ် ၁၃ ရက်က သက်သေခံပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲပြန်ကြား**



# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၁၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၇၄၃ စီး၊ သွင်းကုန် ၁၈၆၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၃၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၁၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၆၅၀ သန်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၂၉၂ သန်း စုစုပေါင်းတားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၉၄၂ သန်းအား ဖမ်းဆီးရမိကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှု အနေဖြင့် မတ် ၁၃ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းက စစ်ဆေးမှုများ ဆောင်ရွက်စဉ် တရားဝင်စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Toyota Dyna ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ခုနစ်သန်းအား ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်ကုန်းမြို့နယ်၌ လျှပ်စစ်ဟင်းအိုးအပူလွန်ကဲရာမှ မီးလောင်

**နေပြည်တော် မတ် ၁၄**

နေပြည်တော် တပ်ကုန်းမြို့နယ် ရွှေမြို့ကျေးရွာတွင် မတ် ၁၄ ရက် နံနက် ၁၀ နာရီခန့်က ဒေါ်ဥ (၇၅နှစ်)သည် နေအိမ်ရှိ လျှပ်စစ်ဒယ်အိုးနီဖြင့် ဟင်းအိုးတည်ရာမှ အပူလွန်ကဲပြီး မီးလောင်ရာ ဒေါ်ဥ၏ သွပ်မိုး၊ အုတ်ကာ နေအိမ်တစ်လုံး၊ မီးဖိုချောင်၊ စပါးကျီတစ်လုံးနှင့် ဆိုင်ကယ်တစ်စီး မီးလောင်ပြီး အနီးပတ်ဝန်းကျင်မှ နေအိမ်နှစ်လုံးသို့ မီးကူးစက်လောင်ခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ တပ်ကုန်းမြို့နယ်အုပ်ချုပ်ရေးမှူး၊ မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် သုံးစီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ကြရာ နံနက် ၁၀ နာရီခွဲခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

**တင်ထွန်းတာ(တပ်ကုန်း)**

# စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့အတွင်း တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၄**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်-CMRS ဖြင့် သတင်းပေးပို့ချက်အရ မတ် ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် တရားမဝင်သစ်များ ဖမ်းဆီးရမိခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ်တွင် တရားမဝင် အင်/လုံးပတ် သုံးပေအောက်သစ် ၇၈ လုံး (၁၇ ဒသမ ၆၂၆၀)တန်ကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ်တွင် တရားမဝင် အင်ခွဲသား ၁၈၉ ချောင်း (၂ ဒသမ ၈၈၉၀ တန်)ကို လည်းကောင်း၊ ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်တွင် ခြောက်ဘီးယာဉ်ပေါ်မှ တရားမဝင် ပိတောက်ခွဲသား ၇၅ ချောင်း (၈ ဒသမ ၂၀၅၈ တန်)ကို လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ဆက်စပ်ပတ်သက်သော ပြစ်မှုကျူးလွန်သူများအား စုံစမ်းရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်တွင် တရားမဝင် သစ်စက်ဆက်စပ်ပစ္စည်းများနှင့် သစ်မျိုးစုံ တစ်တန်ခန့်နှင့်အတူ သစ်စက်ပိုင်ရှင်တစ်ဦးတို့ကို ဖမ်းဆီးရမိခဲ့ပြီး သီးခြားပိုင်ရှင်များအား(စိစစ်ဆဲ) စုံစမ်းရှာဖွေ ဖော်ထုတ်ခြင်းနှင့် တိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# သာယာဝတီ ဟွာရှိန်အထည်ချုပ်စက်ရုံမှ ပျောက်ဆုံးသွားသော ငွေများနှင့်အတူ လူလေးဦးအား ဖမ်းဆီးရမိ

**သာယာဝတီ မတ် ၁၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့ ဟွာရှိန်အထည်ချုပ်စက်ရုံတွင် အလုပ်သမားများအား လစာထုတ်ပေးရမည့်ငွေများ ပျောက်ဆုံးသွားခဲ့ခြင်းနှင့်စပ်လျဉ်း၍ လူလေးဦးတို့အား ငွေများနှင့်အတူ မတ် ၄ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သာယာဝတီမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ညပိုင်းက ဟွာရှိန်အထည်ချုပ်စက်ရုံမှအလုပ်သမားများအား လစာထုတ်ပေးရန် သိမ်းထားသည့် ငွေကျပ်သိန်း ၁၃၀၀ မှာ လစာငွေခန်းမှ ပျောက်ဆုံးသွားခဲ့သဖြင့် တိုင်ကြားခဲ့ရာ ခရိုင်ဒုရဲမှူးကြီး အောင်ဇော်မိုး၊ သာယာဝတီမြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့မရဲစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များက လိုက်လံစုံစမ်းရှာဖွေပြီး အဆိုပါနေ့တွင် လက်ပံတန်းမြို့နယ် ချမ်းသာကုန်းကျေးရွာနေ ငယ်ကြီး(ခ)သန့်ဇင်(စက်ရုံအလုပ်သမား)အား စစ်ဆေးခဲ့ရာ ၎င်းနှင့်အတူ ဖြိုးလေး၊ သက်နိုင်ဦး၊ မိုးသူ(ခ)ထွန်းလင်းသူ၊ ဒေါ်ခင်စောအေးတို့အား ငွေသားများ၊ ပစ္စည်းမျိုးစုံတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ၎င်းတို့လေးဦးအား သာယာဝတီမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန့်ဇော်(ခရိုင်ပြန်/ဆက်)**

# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၄**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၃ ရက် မွန်းတည့် ၁၂ နာရီခန့်က မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် လယ်သစ်ကျေးရွာအနီး မြင်းခြံ - မန္တလေးကားလမ်း လမ်းအသုံးပြုခကောက်ခံရေးဂိတ်၌ ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ခရီးသည် မမေမိုးစံ(ခ)ဒီဒီ ကိုင်ဆောင်ထားသည့် ပိုက်ဆံအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၁၀ ၊ ငွေကျပ် ၂၀၂၅၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းအား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့ပြင် မတ် ၁၂ ရက် နံနက် ၇ နာရီတွင် တပ်မတော်က ရှမ်းပြည်နယ် တာချီလိတ်မြို့နယ် နာသာလိကျေးရွာအနီးရှိ ဝါးရုံတောအောက်ခြေ၌ မြေကျင်းတူး၍ မြှုပ်ထားသည့် ဆာလာအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြားအကြေမှုန့် ၃ ဒသမ ၅ ကီလိုနှင့် ပွိုင့် ၂၂ သေနတ်တစ်လက်တို့ကို သိမ်းဆည်းရမိခဲ့သည်။ **(အောက်ပုံ)**



**ရဲပြန်ကြား**

# ဖမ်းဆီးသစ်တင်ယာဉ်တိမ်းမှောက်ပြီး တစ်ဦးသေ၊ လေးဦး ဒဏ်ရာရ

**ပန်းတောင်း မတ် ၁၄**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဖရုံကားကျေးရွာအုပ်စု သူရဲတန်းသစ်တောကြိုးဝိုင်း လက်ပံခုံတောလမ်းပေါ်ရှိ ညောင်ချောင်းလက်အတက်၌ မတ် ၁၂ ရက် မွန်းလွဲ ၂ နာရီခန့်က ပန်းတောင်းမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ် ဇော်နေလင်းနှင့်အဖွဲ့သည် ၂၀၁၉ ခုနှစ်အတွင်းက ဖမ်းဆီးထားသော သစ်ခွဲသားမျိုးစုံ/ဆိုက်စုံ ၅၅ ချောင်း (၇ ဒသမ ၆၄၈၄ တန်)အား ပန်းတောင်းမြို့နယ် သစ်တောဦးစီးဌာနသို့ ယာဉ်မောင်းဝင်းဇော်(၅၅နှစ်) မောင်းနှင်သောယာဉ်ဖြင့် သယ်ဆောင်လာစဉ် သူရဲတန်းသစ်တောကြိုးဝိုင်း လက်ပံခုံတောလမ်းပေါ်ရှိ ညောင်ချောင်းလက်အတက်အရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ချောက်အတွင်းသို့ ထိုးကျတိမ်းမှောက်သွားခဲ့ရာ ယာဉ်မောင်း ဝင်းဇော်တွင် ဒဏ်ရာများဖြင့် ဥဿျစ်ပင်ဆေးရုံအရောက် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ယာဉ်ပေါ်ပါ ကျော်ဖြိုးအောင်(၂၇ နှစ်)၊ အောင်ဇော်မိုး(၃၁ နှစ်)၊ ဦးအောင်ဝင်း(၅၂နှစ်)၊ သန်းတိုးအောင်(၂၄ နှစ်)တို့တွင် ဒဏ်ရာများရရှိခဲ့ကြောင်းသိရသည်။

**အောင်မြင့်(ပန်းတောင်း)**

# မတ္တရာမြို့နယ်တွင် မော်တော်ယာဉ်နှင့်ဆိုင်ကယ်တိုက်မိ၍ ဆိုင်ကယ်မောင်းနှင်သူ သေဆုံး

**မတ္တရာ မတ် ၁၄**

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့ မန္တလေး-မိုးကုတ်ကားလမ်းပေါ်တွင် ယနေ့ ညနေ ၃ နာရီခန့်က ယာဉ်တိုက်မှုဖြစ်ပွားသဖြင့် ဆိုင်ကယ်မောင်းနှင်သူတစ်ဦး သေဆုံးသွားကြောင်း သိရသည်။

အခင်းဖြစ်ပွားရာသို့ မတ္တရာမြို့မရဲစခန်းမှ တာဝန်မှူးနှင့်အဖွဲ့က သွားရောက်စစ်ဆေးရာ မတ္တရာမြို့ အမှတ်(၅)ရပ်ကွက် မန္တလေး-မိုးကုတ်ကားလမ်းတွင် မန္တလေးဘက်မှ မိုးကုတ်ဘက်သို့ ခင်ဦးမြို့နယ်နေ ယာဉ်မောင်း ဦးဝင်းအောင်(ခ)ဦးရာကျော်(၄၂နှစ်) မောင်းနှင်သော ယာဉ်နှင့် မန္တလေးဘက်သို့ အမည်၊ နေရပ်လိပ်စာမသိ အသက်(၂၀ နှစ်)ခန့် အမျိုးသားတစ်ဦး မောင်းနှင်လာသော ဆိုင်ကယ်တို့မှာ မျက်နှာချင်းဆိုင် တိုက်မိခဲ့သဖြင့် ဆိုင်ကယ်မောင်းနှင်သူမှာ ရရှိသော ဒဏ်ရာများဖြင့် နေရာတွင် သေဆုံးသွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ဦးဝင်းအောင်(ခ)ဦးရာကျော်နှင့် ဆိုင်ကယ်မောင်းနှင်သူတို့အား မတ္တရာမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

## မြန်မာ့ရုပ်မြင်သံကြား

၁၅ . ၃ . ၂၀၂၀ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၆:၀၀ - တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ - Breakfast News
၇:၄၀ - လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် "ပြည်တော်ဇ စေတီတော် ရွှေယဉ်မျှော် "
၈:၃၅ - တရုတ်ကာတွန်း "ငါးကြင်းလေးရဲ့ စွန့်စားခန်း"(အပိုင်း- ၄၇)
၁၁:၁၀ - လှပစုံလင် အာဆီယံတစ်ခွင်
၁၁:၄၅ - "ချင်းရိုးရာ ကြက်သားသုပ် "
၁၂:၃၀ - This Week's Special Interest
၁၂:၄၅ - မြန်မာဂန္ထဝင်ရုပ်ရှင် "ပျဉ်းမငုတ်တို " ကောလိပ်ဂျင်နေဝင်း၊ ကျော်ဟိန်း၊ နွဲ့နွဲ့မူ၊ ယဉ်ယဉ်အေး (ဒါရိုက်တာ- အေဝမ်း မောင်လှမျိုး)

**ညပိုင်း**

၁၆:၃၅ - "စိတ်သစ်၊ လူသစ် ၊ ဘဝသစ် "
၁၇:၀၅ - "ထူးခြားစုံလင် အာရှပစိဖိတ် အစီအစဉ်"
၁၇:၂၀ - Sunday Talk
၁၈:၃၀ - ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု အလောင်းစည်သူမင်း "
၁၉:၁၅ - "နိုင်ငံခြားဇာတ်လမ်းတွဲ"
၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ဘဝနှင့် အနုပညာ (ဖြတ်သန်းလာသမျှ အနုပညာဘဝ) "သိုက်ထွန်းသက် " (အပိုင်း-၁) "ရသဟန် သရုပ်မှန် ဝတ္ထုတိုများရဲ့သခင် " (ကဗျာတစ်စ စာအစ သူ့ငယ်ဘဝ)
- မြန်မာဗီဒီယိုဇာတ်လမ်း

# အမေရိကန်သမ္မတဒေါ်နယ်ထရမ့် နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာ



အမေရိကန်သမ္မတဒေါ်နယ်ထရမ့် နှင်းဆီပန်းခြံတွင် မိန့်ခွန်းပြောကြားနေစဉ်။

**ဝါရှင်တန် မတ် ၁၄**

စာသင်ကျောင်းများ၊ အားကစားပွဲတော်များ၊ ရုံးများနှင့် ခရီးသွားလာမှုများကို ပိတ်လိုက်ရသည်အထိ ဆိုးရွားသော ကိုရိုနာဗိုင်းရပ်စ်အကျပ်အတည်းပြဿနာကို သတိထားမိလာပြီးနောက် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် မတ် ၁၃ ရက်က နိုင်ငံတော်အရေးပေါ် အခြေအနေတစ်ရပ် ကြေညာခဲ့ရကြောင်း သတင်းရရှိသည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ ကြေညာချက်သည် သဘာဝဘေး ဒုက္ခသက်သာရေးရန်ပုံငွေများအနက် အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀ ခန့်ကို ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရာတွင် အသုံးပြုရန် ဒေသအာဏာပိုင်များအား ခွင့်ပြုပေးမည်ဖြစ်သည်။

ထို့အတူ မတ် ၁၃ ရက်က အိမ်ဖြူတော်နှင်းဆီပန်းခြံတွင် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ၎င်းအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ပိုးရှိ မရှိစစ်ဆေးခံရဦးမည်ဟု ပြောကြားမှုသည် သတင်းထောက်များကိုများစွာ အံ့အားသင့်စေခဲ့ကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုတွင် ကိုရိုနာဗိုင်းရပ်စ် အတည်ပြုလူနာပေါင်း ၂၀၀၀ ကျော်အထိ ရောက်ရှိလာပြီး ၄၇ ဦးသေဆုံးခဲ့ကြောင်းနှင့် ကိုရိုနာဗိုင်းရပ်စ်သည် နေ့စဉ်ဘဝကို များစွာအနှောင့်အယှက်ဖြစ်စေသည်။ ကိုရိုနာဗိုင်းရပ်စ်အရေးဖြေရှင်းရာတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် သူ့ကိုယ်သူ တာဝန်ရှိသူတစ်ဦးအနေဖြင့် ကြိုးစားရုန်းကန်လျက်ရှိသည်။

စီးပွားရေးနှင့် ယဉ်ကျေးမှုအချက်အချာဖြစ်သည့် နယူးယောက်မြို့တွင် ပြည်နယ်အစိုးရက လူ ၅၀၀ ထက်ပိုမို၍ လူစုလူဝေးမပြုရန် တားမြစ်ကန့်သတ်ထားသည်။

**အေအက်ဖ်ပီ**

# မိုက်ခရိုဆော့ဖ်တွဲဖက်တည်ထောင်သူ ဘီလ်ဂိတ် အမှုဆောင်အဖွဲ့မှ နုတ်ထွက်

**ဆန်ဖရန်စစ္စကို မတ် ၁၄**

မိုက်ခရိုဆော့ဖ်တွဲဖက်တည်ထောင်သူ ဘီလ်ဂိတ်သည် ပရဟိတလုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်ရန် အမှုဆောင်အဖွဲ့မှ နုတ်ထွက်သွားကြောင်း မိုက်ခရိုဆော့ဖ်က မကြာသေးမီက ကြေညာလိုက်သည်။



မိုက်ခရိုဆော့ဖ်တွဲဖက်တည်ထောင်သူ ဘီလ်ဂိတ်

အသက် ၆၄ နှစ်အရွယ်ရှိ ဘီလ်ဂိတ်သည် ဆယ်စုနှစ်တစ်စုကျော်မိုက်ခရိုဆော့ဖ်၏နေ့စဉ်လုပ်ငန်းဆောင်တာများတွင် ပါဝင်မှုမှရပ်နားခဲ့ပြီးဖြစ်သည်။ သူနှင့်သူ့ဇနီးတည်ထောင်ထားသော မယ်လင်ဒါဖောင်ဒေးရှင်းကို ပိုပြီးအာရုံစိုက်နိုင်ရန် ထိုကဲ့သို့လုပ်ဆောင်ခြင်းဖြစ်ကြောင်းလည်း သတင်းများအရ သိရသည်။

ဘီလ်ဂိတ်သည် ၂၀၁၄ ခုနှစ်အစောပိုင်းကတည်းက မိုက်ခရိုဆော့ဖ်အမှုဆောင်အဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ယခုအခါတွင် မိုက်ခရိုဆော့ဖ်မှ လုံးဝအနားယူလိုက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

ဘီလ်ဂိတ်နှင့်အလုပ်အတူလုပ်ရသည်မှာ ကြီးမားသော ဂုဏ်ယူစရာဖြစ်ပြီး ဘီလ်ဂိတ်ထံမှ အများအပြားလေ့လာသင်ယူခဲ့ရကြောင်း မိုက်ခရိုဆော့ဖ်အမှုဆောင်အရာရှိချုပ်နှင့် ကုမ္ပဏီနာယကကြီး ဆက်ရာနာဒယ်လာက ဖော်ပြခဲ့သည်။

ဘီလ်ဂိတ်သည် မိုက်ခရိုဆော့ဖ်ကုမ္ပဏီကို ဆော့ဖ်ဝဲလ်များလွတ်လပ်စွာ ဖန်တီးလုပ်ကိုင်နိုင်မည်ဟူသော ယုံကြည်ချက်ဖြင့် လည်းကောင်း၊ လူ့အဖွဲ့အစည်းအတွင်းကြုံတွေ့နေရသော ပြဿနာများကို ဖြေရှင်းရန် ထက်သန်သောစိတ်ဖြင့် လည်းကောင်း တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း ဆက်ရာနာဒယ်လာက ပြောကြားခဲ့သည်။

မိုက်ခရိုဆော့ဖ်သည် နည်းပညာအကြံပေးတစ်ဦးဖြစ်သော ဘီလ်ဂိတ်ထံမှ နည်းပညာဆိုင်ရာထက်သန်ပြင်းပြသော ယုံကြည်စိတ်နှင့် အကြံဉာဏ်များကို ဆက်လက်ရယူသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**အေအက်ဖ်ပီ**

# ကုလသမဂ္ဂဝန်ထမ်းများ နေအိမ်မှအလုပ်လုပ်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တိုက်တွန်း

**ဂျီနီဗာ မတ် ၁၄**

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုကြောင့် နယူးယောက်မြို့ဌာနချုပ်ရှိ ကုလသမဂ္ဂဝန်ထမ်းများအားလုံး ရက်သတ္တပတ် အနည်းဆုံးသုံးပတ်အထိ အိမ်မှအလုပ်လုပ်ကြရန် တိုက်တွန်းပြောကြားထားကြောင်း သတင်းရရှိသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ယခု အစီအစဉ်က ကုလသမဂ္ဂဌာနချုပ်တွင် မလိုအပ်ဘဲ လူများနေသည်ကို လျှော့ချလိုက်ခြင်းဖြစ်ကြောင်းပြောသည်။

ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ကိုယ်ကာယရှင်လန်းချမ်းမြေ့ခြင်းသည် မိမိ၏အရေးကိစ္စပင်ဖြစ်ကြောင်း၊ ဝန်ထမ်းများ ဘေးကင်းလုံခြုံပြီး သပ်ရပ်ခန့်ညားစွာဖြင့် အကြင်နာတရားလက်ကိုင်ထားကာ အလုပ်လုပ်နိုင်ရန်လိုအပ်ကြောင်း ဝန်ထမ်းများသို့ သီးသန့်ပြောကြားသော မိန့်ခွန်းတွင် အန်တိုနီယို ဂူတာရက်စ်က ပြောကြားလိုက်သည်။

နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်တွင် ဝန်ထမ်းပေါင်း ၃၀၀၀ ခန့်ရှိကြောင်းသိရသည်။ ကုလသမဂ္ဂဌာနချုပ်တွင် ပထမဆုံး ကိုရိုနာဗိုင်းရပ်စ်အတည်ပြုလူနာ တစ်ဦးကို ယခုရက်သတ္တပတ်တွင်တွေ့ရှိခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူမှာ ဖိလစ်ပိုင်သံတမန်တစ်ဦးဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကို လျှော့ချရန် ကမ္ဘာတစ်ဝန်းရှိ အဖွဲ့အစည်းများနှင့် ကုမ္ပဏီများသည် ၎င်းတို့၏ဝန်ထမ်းများကို အိမ်တွင်အလုပ်လုပ်ကိုင်စေသည့် စနစ်တစ်ခုကို ဖန်တီးပေးခဲ့ကြောင်း သိရသည်။ **အေအက်ဖ်ပီ**



ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်

# ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရန် နှာခေါင်းစည်းတပ်ဆင်နည်းကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ထုတ်ပြန်

**ဂျီနီဗာ မတ် ၁၄**

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူကို စောင့်ရှောက်နေရသူသာလျှင် နှာခေါင်းစည်းစည်းသင့်သလို ချောင်းဆိုးခြင်း သို့မဟုတ် နှာချေခြင်းများရှိပါကလည်း နှာခေါင်းစည်းများစည်းရမည်ဖြစ်ကြောင်း၊ နှာခေါင်းစည်းဝတ်ဆင်ခြင်းသည် လက်ကို အရက်ပြန်အခြေခံထုတ်လုပ်ထားသည့်လက်သန့်ဆေးရည်များဖြင့် သန့်ရှင်းခြင်း သို့မဟုတ် ဆပ်ပြာရည်ဖြင့် မကြာခဏဆေးကြောခြင်းတို့နှင့်အတူ ပေါင်းစပ်အသုံးပြုလျှင် ပိုမိုထိရောက်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထုတ်ပြန်ဖော်ပြထားသည်။

နှာခေါင်းစည်းမဝတ်ဆင်မီ လက်သန့်ဆေးရည် သို့မဟုတ် လက်သန့်ဆေးရည်ဖြင့် သန့်ရှင်းခြင်း သို့မဟုတ် ဆပ်ပြာရည်ဖြင့် သန့်စင်အောင် ဆေးကြောရမည်ဖြစ်ကြောင်း၊ နှာခေါင်းစည်းဝတ်ဆင်သူသည် ပါးစပ်နှင့် နှာခေါင်းကို လုံခြုံစွာဖုံးအုပ်ရမည်ဖြစ်ပြီး မျက်နှာနှင့် နှာခေါင်းစည်းကြား အကြားအလပ်မရှိစေရန် သတိပြုရန်လိုကြောင်း၊ နှာခေါင်းစည်းဝတ်ဆင်ထားစဉ် နှာခေါင်းစည်းအား လက်ဖြင့် မကြာခဏထိကိုင်ခြင်းမပြုလုပ်ရသလို နှာခေါင်းစည်းအားထိကိုင်မိပါက လက်များကို အရက်ပြန်အခြေခံထုတ်လုပ်ထားသော လက်သန့်ဆေးရည်ဖြင့် သန့်ရှင်းခြင်း၊ သို့မဟုတ် ဆပ်ပြာရည်ဖြင့်သန့်စင်အောင်ဆေးကြောရမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့က ဆက်လက်ဖော်ပြထားသည်။

နှာခေါင်းစည်းစိုထိုင်းလာပါက အသစ်တစ်ခုဖြင့် ချက်ချင်းအစားထိုးအသုံးပြုရမည်ဖြစ်ကြောင်း၊ အသုံးပြုပြီးသား နှာခေါင်းစည်းကို ပြန်လည်အသုံးပြုခြင်းမပြုလုပ်ရကြောင်း၊ မျက်နှာပေါ်ရှိ နှာခေါင်းစည်းအား ဖယ်ရှားလိုပါက နှာခေါင်းစည်းအနောက်ဘက်ရှိ ကြိုးကိုသာကိုင်တွယ်ဖယ်ရှားရမည်ဖြစ်ကြောင်းနှင့် အဖုံးပါသော အမှိုက်ပုံးအတွင်းသို့ စနစ်တကျစွန့်ပစ်ရန် လိုအပ်ကြောင်းလည်း ဆက်လက်ဖော်ပြထားသည်။

**ဆင်ဟွာ**

# ကိုရိုနာဗိုင်းရပ်စ်လျော့ပါးသက်သာစေရန် ဒီမိုကရက်နှင့် ထရမ့်အစိုးရတို့ နားလည်မှုရရှိ



အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပယ်လိုစီကို တွေ့ရစဉ်။

**ဝါရှင်တန် မတ် ၁၄**

ဒီမိုကရက်များသည် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ထိခိုက်သွားသော အမေရိကန်နိုင်ငံသားများအတွက် လူမှုဖူလုံရေးအစီအစဉ်နှင့်ပတ်သက်ပြီး အမေရိကန်သမ္မတဒေါ်နယ်ထရမ့်အစိုးရအဖွဲ့နှင့် နားလည်မှုရရှိခဲ့ကြောင်း အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပယ်လိုစီက မကြာသေးမီက ကြေညာလိုက်သည်။

ကူးစက်ရောဂါနှင့်ပတ်သက်ပြီး မိသားစုခွင့်နှင့် ဖျားနာခွင့်အတွက် အရေးပေါ်ကူညီထောက်ပံ့ပေးရန်နှင့် အလုပ်လက်မဲ့ အာမခံပေးရေးတို့ကိုလည်း ဒီမိုကရက်များနှင့် နားလည်မှုရရှိခဲ့ကြောင်း နန်စီပယ်လိုစီက ပြောကြားလိုက်သည်။

စိန်ခေါ်မှုများကို ဖြေရှင်းရန် သမ္မတဒေါ်နယ်ထရမ့် အစိုးရနှင့် နားလည်မှုရရှိခဲ့သည့်အတွက် မိမိတို့ဂုဏ်ယူရကြောင်း၊ မကြာမီ မိသားစု ပထမဆုံးကိုရိုနာဗိုင်းရပ်စ်တုံ့ပြန်ရေးဥပဒေကို မကြာမီအတည်ပြုသွားတော့မည်ဖြစ်ကြောင်း နန်စီပယ်လိုစီက ပြောကြားလိုက်သည်။

အဆိုပါ ဥပဒေကြမ်းသည် နိုင်ငံတော်ရန်ပုံငွေကို ကျန်းမာရေးအစီအစဉ်ထဲသို့ ပေါင်းထည့်ခွင့်ပြုမည်ဖြစ်ပြီး ဆင်းရဲသား အမေရိကန်များအတွက် ကျောင်းတွင်ကျွေးမွေးသည့် အခမဲ့အစားအစာများ အပါအဝင် အစားအစာများနှင့် ပတ်သက်ပြီး အကျိုးခံစားခွင့်များရှိမည်ဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့ခြင်းကို တားဆီးရန် လူတိုင်း ကိုရိုနာဗိုင်းရပ်စ်စစ်ဆေးမှုကို အခမဲ့စမ်းသပ်ခွင့်ရရမည် ဖြစ်ကြောင်း၊ လူတိုင်း ကိုရိုနာဗိုင်းရပ်စ်စမ်းသပ်စစ်ဆေးမှုကို အခမဲ့စမ်းသပ်ခွင့်မရမချင်း ကိုရိုနာဗိုင်းရပ်စ်ကို ထိရောက်စွာကာကွယ်မှုများလုပ်ဆောင်နိုင်မည်မဟုတ်ကြောင်း သိရသည်။

ယခုဥပဒေသည် ဒီမိုကရက်အများစု ထိန်းချုပ်ရာ အောက်လွှတ်တော်တွင် အလွယ်တကူ အတည်ပြုနိုင်မည်ဖြစ်သော်လည်း ရီပက်ဘလစ်ကန်အများစုထိန်းချုပ်ရာ အထက်လွှတ်တော်တွင် အနည်းငယ်ကြန့်ကြာမှုများရှိနိုင်ကြောင်း သိရသည်။ **အေအက်ဖ်ပီ**

# ပရဟိတလုပ်ငန်းတွေထဲကို ခြေစုံပစ်ဝင်ရောက်တော့မယ့် ဘီလျံနာသူဌေးကြီး ဘီလ်ဂိတ်

*ကလျာမိုးမြင့်*

မိုက်ခရိုဆော့ဖ်ကုမ္ပဏီဘုတ်အဖွဲ့ရဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လာခဲ့တဲ့ မစ္စတာဘီလ်ဂိတ်ဟာ ၎င်းရဲ့ဘုတ်အဖွဲ့ကနေ နုတ်ထွက်လိုက်ပြီဖြစ်တဲ့အကြောင်း မိုက်ခရိုဆော့ဖ်ကုမ္ပဏီက မတ် ၁၃ ရက်က ကြေညာခဲ့ပါတယ်။ နုတ်ထွက်ရတဲ့အကြောင်းကတော့ ၎င်းအနေနဲ့ ပရဟိတလုပ်ငန်းတွေမှာ ကျကျနနအချိန်ပေးပြီး စိတ်ရောကိုယ်ပါ မြှုပ်နှံသွားချင်တဲ့အတွက်ကြောင့် ဖြစ်တယ်လို့ ဆိုပါတယ်။

**အာရုံစိုက်ဖို့ဆုံးဖြတ်**

အသက် ၆၄နှစ်ရှိပြီဖြစ်တဲ့ မိုက်ခရိုဆော့ဖ်ကုမ္ပဏီပူးတွဲတည်ထောင်သူ မစ္စတာဘီလ်ဂိတ်ဟာ ဆယ်စုနှစ်တစ်ခုမကကြာအောင် ကုမ္ပဏီရဲ့နေ့စဉ်နဲ့ အမှုဆောင်ရွက်နေတဲ့လုပ်ငန်းလည်ပတ်မှုတွေမှာ ပါဝင်လုပ်ဆောင်နေတာကို ရပ်နားလိုက်ပြီး ၎င်းရဲ့ဇနီးဖြစ်သူနဲ့အတူတည်ထောင်ခဲ့တဲ့ Bill & Melinda Gates Foundation အပေါ်မှာသာ အာရုံစိုက်လုပ်ဆောင်ဖို့ ဆုံးဖြတ်လိုက်ပြီဖြစ်တယ်လို့ သိရပါတယ်။

မစ္စတာဘီလ်ဂိတ်ဟာ ၂၀၁၄ ခုနှစ် အစောပိုင်းကာလ မတိုင်မီအချိန်ကတည်းက မိုက်ခရိုဆော့ဖ်ကုမ္ပဏီရဲ့ ညွှန်ကြားရေးမှူးများဘုတ်အဖွဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လာခဲ့တာဖြစ်ပြီး ယခုအခါမှာ ၎င်းရဲ့ရာထူးတာဝန်ကို လုံးလုံးလျားလျား စွန့်လွှတ်လိုက်ပြီဖြစ်တယ်လို့ ရက်ဒမွန် အခြေစိုက်နည်းပညာကုမ္ပဏီကြီးဖြစ်တဲ့ မိုက်ခရိုဆော့ဖ်က ကြေညာလိုက်တာပါ။

**မိုက်ခရိုဆော့ဖ်အပေါ် ယုံကြည်ချက်**

မစ္စတာဘီလ်ဂိတ်နဲ့အတူ နှစ်တွေကြာတဲ့အထိ အတူလက်တွဲ အလုပ်လုပ်ခဲ့ရတာတွေနဲ့ ၎င်းဆီကနေ လေ့လာသင်ယူခဲ့ရသမျှတွေဟာ သိပ်ကိုကြီးမြတ်ပြီး ဂုဏ်ယူစရာကောင်းလှတယ်လို့ မိုက်ခရိုဆော့ဖ် ကုမ္ပဏီအမှုဆောင်အရာရှိချုပ်လည်းဖြစ် ကုမ္ပဏီရဲ့ နာယကလိုဖြစ်နေသူတစ်ဦးဖြစ်တဲ့ ဆက်ရာနာဒယ်လာက ၎င်းရဲ့ ထုတ်ပြန်ချက်ထဲမှာ ဖော်ပြခဲ့ပါတယ်။

မိုက်ခရိုဆော့ဖ် ဆော့ဖ်ဝဲလ်ရဲ့ ဒီမိုကရေစီနည်းအရတွန်းအားဖြစ်စေမယ့် ယုံကြည်ချက်တစ်ခုရယ်၊ လူမှုအဖွဲ့အစည်းအပေါ် ဖိအားကျရောက်မှုအရှိဆုံး စိန်ခေါ်မှုတွေကို ဖြေရှင်းဖို့ဆိုတဲ့ စိတ်ဓာတ်အဟုန်နဲ့ မစ္စတာဘီလ်က ကျွန်ုပ်တို့ကုမ္ပဏီကို တည်ထောင်ခဲ့တယ်။ မိုက်ခရိုဆော့ဖ်ကုမ္ပဏီနဲ့ ကမ္ဘာကြီးဟာလည်း ဒီအတွက်ကြောင့် ပိုပြီးကောင်းမွန်ခဲ့တယ်လို့ နာဒယ်လာက ပြောကြားခဲ့ပါတယ်။

**အကြံဉာဏ်ကောင်းတွေ ရယူမယ်**

မိုက်ခရိုဆော့ဖ်အနေနဲ့ မစ္စတာဘီလ်ဂိတ်ရဲ့ နည်းပညာဆိုင်ရာ စိတ်အားထက်သန်မှုနဲ့ အကြံဉာဏ်ကောင်းတွေကနေ အကျိုးကျေးဇူးဖြစ်ထွန်းစေဖို့ ဆက်ပြီးလုပ်ဆောင်နေဦးမှာဖြစ်ပါတယ်။ မစ္စတာဘီလ်ရဲ့ ရင်းနှီးဖော်ရွေမှုအတွက် ကျွန်ုပ်အနေနဲ့ သိပ်ကိုကျေးဇူးတင်ရသလို ၎င်းနဲ့အတူလိုက်ပါပြီး ရှေ့ဆက်တက်လှမ်းနိုင်ဖို့ကို ကျွန်ုပ်တို့ မျှော်လင့်စောင့်စားလျက်ရှိတယ်လို့ ၎င်းက ဆိုပါတယ်။ မစ္စတာဘီလ်ဂိတ်ဟာ ၂၀၀၀ ပြည့်နှစ်မှာ စီအီးအိုရာထူးကနေ နုတ်ထွက်လာခဲ့ပြီး ကုမ္ပဏီရဲ့စီမံအုပ်ချုပ်လုပ်ကိုင်ခွင့်ကို စတိဗ်ဘော်လ်မာဆီ လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။ ပရဟိတဖောင်ဒေးရှင်းမှာ ပိုပြီးအချိန်ပေးနိုင်ဖို့အတွက် ၎င်းက ဒီလို လုပ်ဆောင်ခဲ့တာပါ။

**တွဲဖက်တည်ထောင်**

၂၀၁၄ ခုနှစ်မှာ နာဒယ်လာက မိုက်ခရိုဆော့ဖ်ရဲ့ တတိယမြောက် စီအီးအို ဖြစ်လာချိန်မှာ ၎င်းက ဥက္ကဋ္ဌရာထူးကို စွန့်လွှတ်ခဲ့ပါတယ်။ နှစ်စဉ်ပုံမှန် ဖော်ပြနေတဲ့ ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ်များစာရင်းမှာ ဝီလီယံအိတ်ချ်ဂိတ်ဟာ ဆက်ဆံရေးသိပ်မကောင်းတဲ့ လူငယ်တစ်ဦးအနေနဲ့ပါဝင်ခဲ့ပြီး ၎င်းနဲ့ ပေါအလန်ကိုတို့ဟာ ၁၉၇၅ ခုနှစ်မှာ မိုက်ခရိုဆော့ဖ်ကုမ္ပဏီကို အတူတွဲဖက် တည်ထောင်ခဲ့ကြပါတယ်။

မစ္စတာဘီလ်ဂိတ်ဟာ ၎င်းရဲ့မွေးချင်းညီအစ်မနှစ်ဦးနဲ့အတူ ဆီတယ်လ်မှာ ကြီးပြင်းလာခဲ့သူပါ။ ၎င်းရဲ့ ဖခင်ဖြစ်သူ ဝီလီယံဟာ ရှေ့နေတစ်ဦးဖြစ်ပြီး ၎င်းရဲ့ မိခင်ဖြစ်လာသူ မေရီဟာ ကျောင်းဆရာမတစ်ဦးလည်းဖြစ် United Way International ရဲ့ အမျိုးသမီးဥက္ကဋ္ဌတစ်ဦးလည်းဖြစ်ပါတယ်။ အသက် ၁၃ နှစ်အရွယ်မှာ ဘီလ်ဂိတ်ဟာ ကွန်ပျူတာအစီအစဉ်ရေးဆွဲမှုတွေကို စတင်လုပ်ဆောင်ခဲ့ပြီး စက်ကိရိယာတွေနဲ့ လုံးပန်းရတာကို အလွန်နှစ်သက်မြတ်နိုးသူ ဖြစ်လာခဲ့ပါတယ်။

> “ကြွယ်ဝချမ်းသာသူတစ်ဦးဖြစ်တဲ့အပြင် ပရဟိတစိတ်ဓာတ်အပြည့်အဝရှိသူလည်းဖြစ်တဲ့ မစ္စတာဘီလ်ဂိတ်ဟာ ၎င်းရဲ့ ဇနီးဖြစ်သူ မီလင်ဒါတို့ အတူတကွ တည်ထောင်ခဲ့တဲ့ Bill & Melinda Gates Foundation မှာ ဒေါ်လာ ၄၃ ဘီလီယံထည့်ဝင်ကာ ကမ္ဘာတစ်ဝန်းက ဆင်းရဲနွမ်းပါးသူတွေနဲ့ အေအိုင်ဒီအက်စ်၊ ငှက်ဖျားရောဂါ၊ ပိုလီယိုရောဂါခံစားနေရတဲ့သူတွေကို ငွေကြေးအကူအညီပေးနေခဲ့ပါတယ်”



ဘီလ်ဂိတ်နှင့်ဇနီးဖြစ်သူ မီလင်ဒါတို့ကို တွေ့ရစဉ်။

**မိုက်ခရိုဆော့ဖ်ကို အစပြု**

ဘီလ်ဂိတ်ဟာ ၁၉၇၃ ခုနှစ်မှာ အထက်တန်းကျောင်းအောင်မြင်ခဲ့ပြီး ကမ္ဘာကျော်ဟားဗတ်တက္ကသိုလ်တက်ရောက်ခဲ့ပါတယ်။ ဥပဒေဘာသာရပ်ကို ယူခဲ့ပေမယ့် တက္ကသိုလ်ပထမနှစ်မှာပဲ စာကိုကြိုးစားသင်ယူခြင်းမရှိခဲ့ပါဘူး။ သင်နေတဲ့စာတွေကို စိတ်မဝင်စားတဲ့အတွက် စာသင်ချိန်တွေမှာ အိပ်ပျော်နေ ခဲ့တယ်လို့ သိရပါတယ်။

တက္ကသိုလ်ကို နှစ်နှစ်တက်ရောက်ပြီးနောက်မှာတော့ ၎င်းဟာ ဟားဗတ် တက္ကသိုလ်ကနေ မိဘတွေကို အသိမပေးဘဲ ထွက်လာခဲ့ပြီးနောက်မှာ ၎င်းရဲ့ ငယ်သူငယ်ချင်းဖြစ်သူ အလန်နဲ့ မိုက်ခရိုဆော့ဖ်ကို အစပြုဖို့ဖြစ်လာခဲ့ပါတယ်။ ၎င်းကျောင်းထွက်လာရတဲ့ အကြောင်းကလည်း ၎င်းစိတ်ဝင်စားတဲ့ ကွန်ပျူတာပညာကို ဇောက်ချလေ့လာဖို့ပဲဖြစ်ပါတယ်။

**ဒေါ်လာသန်းချီရရှိ**

၁၉၈၇ ခုနှစ်မှာတော့ ဘီလ်ဂိတ်နဲ့ပေါအလန်တို့ သူငယ်ချင်းနှစ်ဦးဟာ မိုက်ခရိုဆော့ဖ်ကုမ္ပဏီကို အတူတကွ တည်ထောင်ခဲ့ကြပါတယ်။ ၎င်းတို့ရဲ့ ကုမ္ပဏီက ကွန်ပျူတာဆော့ဖ်ဝဲလ်တွေရေးပေးပြီး ကွန်ပျူတာကုမ္ပဏီတွေဆီ ရောင်းချခဲ့ပါတယ်။ လူတိုင်းအသုံးပြုနိုင်တဲ့ ကွန်ပျူတာအသေးစားလေးတွေ ပေါ်လာခဲ့ပြီး အဲဒီကွန်ပျူတာတွေမှာ အသုံးပြုနိုင်တဲ့ ၎င်းတို့ရဲ့ဆော့ဖ်ဝဲလ်ဟာ အမြတ်ငွေဒေါ်လာသန်းပေါင်းများစွာ ရရှိခဲ့တဲ့အထိ ရောင်းရခဲ့ပါတယ်။

နောက်ပိုင်းမှာ သူငယ်ချင်းဖြစ်သူ ပေါလ်အလန် ကျန်းမာရေးမကောင်းတော့တဲ့အတွက် မိုက်ခရိုဆော့ဖ်ကုမ္ပဏီကနေ နုတ်ထွက်သွားခဲ့တာကြောင့် မိုက်ခရိုဆော့ဖ်ဟာ မစ္စတာဘီလ်ဂိတ်တစ်ဦးတည်းပိုင်ဖြစ်လာခဲ့ပါတယ်။ ၁၉၈၆ ခုနှစ်မှာတော့ ယခုအချိန်အထိ ကမ္ဘာတစ်ဝန်းမှာ အသုံးပြုနေကြတဲ့ Windows စနစ်ကို တီထွင်လိုက်ပြီး အဲဒီ Windows စနစ်ဟာ အကြီးအကျယ်အောင်မြင်မှုရရှိခဲ့သလို မစ္စတာဘီလ်ဂိတ်ဟာလည်းပဲ ဘီလျံနာသူဌေးကြီးတစ်ဦး ဖြစ်လာခဲ့ပါတော့တယ်။

**ဘုတ်အဖွဲ့မှ နုတ်ထွက်ပြီ**

ကြွယ်ဝချမ်းသာသူတစ်ဦးဖြစ်တဲ့အပြင် ပရဟိတစိတ်ဓာတ်အပြည့်အဝ ရှိသူလည်းဖြစ်တဲ့ မစ္စတာဘီလ်ဂိတ်ဟာ ၎င်းရဲ့ ဇနီးဖြစ်သူ မီလင်ဒါတို့ အတူတကွ တည်ထောင်ခဲ့တဲ့ Bill & Melinda Gates Foundation မှာ ဒေါ်လာ ၄၃ ဘီလီယံထည့်ဝင်ကာ ကမ္ဘာတစ်ဝန်းက ဆင်းရဲနွမ်းပါးသူတွေနဲ့ အေအိုင်ဒီအက်စ်၊ ငှက်ဖျားရောဂါ၊ ပိုလီယိုရောဂါခံစားနေရတဲ့သူတွေကို ငွေကြေးအကူ အညီပေးနေခဲ့ပါတယ်။

ယခုအခါမှာတော့ အတုယူဖွယ်စံပြပုဂ္ဂိုလ်တစ်ဦးဖြစ်တဲ့ မစ္စတာဘီလ်ဂိတ်ဟာ ပရဟိတလုပ်ငန်းတွေကို စိတ်ရောကိုယ်ပါ အပြီးနှစ်မြှုပ်ထားဖို့အတွက် ၎င်းသိပ်ကို သံယောဇဉ်ကြီးခဲ့တဲ့ မိုက်ခရိုဆော့ဖ်ကုမ္ပဏီရဲ့ ဒါရိုက်တာဘုတ် အဖွဲ့ကနေပါ နုတ်ထွက်လိုက်ပြီဖြစ်ပါတယ်။နည်းပညာကမ္ဘာမှာ သမိုင်းတွင်တဲ့ ပုဂ္ဂိုလ်အဖြစ် ၎င်းရဲ့တည်ရှိမှုဟာ အနာဂတ်မျိုးဆက်သစ်လူငယ်တွေအတွက် စံထားစရာကောင်းလှပါတယ်။

**ကိုးကား–အေအက်ဖ်ပီ**

## နိုင်ငံတကာသတင်းတိုထွာ

### ငွေကြေးကမောက်ကမဖြစ်မှုကို ထိန်းချုပ်ရန် ဂျပန်စီးပွားရေးအရာရှိများ ကြိုးစား

**တိုကျို မတ် ၁၄**

ကိုရိုနာဗိုင်းရပ်စ်ကြောင့်ဖြစ်ပွားခဲ့သည့် ငွေကြေးဈေးကွက် ကမောက်ကမဖြစ်နေမှုကို ထိန်းချုပ်ရန်နည်းလမ်းများကို ဂျပန်စီးပွားရေးအရာရှိများက ရှာဖွေလျက်ရှိကြောင်း သတင်းရရှိသည်။

ဂျပန်အစိုးရနှင့် ဗဟိုဘဏ်အရာရှိများသည် ကိုရိုနာဗိုင်းရပ်စ်ကြောင့် စီးပွားရေးရိုက်ခတ်လာနိုင်မှုများနှင့် ပတ်သက်ပြီး အကျပ်အတည်းဖြစ်လာနိုင်ခြေကို သတိပြုဆောင်ရွက်နေကြောင်း စီးပွားရေးပြန်လည်တိုးတက်ကောင်းမွန်ရေးဆိုင်ရာ ဝန်ကြီး ယာစုတိုရှိ နီရှီမူရာက မကြာသေးမီက ပြောကြားလိုက်သည်။ အစိုးရသည် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကိစ္စရပ်များအတွက် လုံလောက်သည့်ဆောင်ရွက်ချက်များကို တုံ့ဆိုင်းမနေဘဲ ဆောင်ရွက်နိုင်အောင် ဆက်လက်သတိထားလုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

မကြုံစဖူးခိုင်မာသည့်စီးပွားရေး သို့မဟုတ် ဘဏ္ဍာရေးဆောင်ရွက်ချက်များကို လိုအပ်ပါကအလျင်အမြန်ဖြည့်စွက်ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**

### အီရန်၏ခြိမ်းခြောက်မှုများ ဆက်လက်ကျန်ရှိနေဆဲဖြစ်ကြောင်း အမေရိကန်စစ်ဘက်အရာရှိပြော

**ဝါရှင်တန် မတ် ၁၄**

အမေရိကန်စစ်ဘက်ဆိုင်ရာ အရာရှိတစ်ဦးက အီရတ်နိုင်ငံရှိ အီရန်အထောက်အပံ့ခံ ရှီးယိုက်ပြည်သူ့စစ်များကို လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့ခြင်းသည် ထိရောက်မှုရှိသော်လည်း အီရန်ခြိမ်းခြောက်မှုသည် ဆက်လက်ကျန်ရှိနေဆဲ ဖြစ်ကြောင်း ပြောကြားလိုက်သည်။

မရိန်းတပ်ဖွဲ့ ဗိုလ်ချုပ်ကြီး ကန်နက်မက်ကန်ဇီသည် အရှေ့အလယ်ပိုင်းထိဖြန့်ကြက်လျက်ရှိသော အမေရိကန်အလယ်ပိုင်းစစ်ဌာနကို ဦးဆောင်လျက်ရှိကြောင်း သိရပြီး ကာကွယ်ရေးဝန်ကြီးဌာနဌာနရှိစဉ် သတင်းထောက်များကို ထိုသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။ အမေရိကန်သည် မတ် ၁၂ ရက်က ကာတစ်ဟစ်ဇ်ဘိုလာပိုင်ဆိုင်သော လက်နက်သိုလှောင်ရုံငါးခုကို ပစ်မှတ်ထားပြီး လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။ မဟာမိတ်တပ်ဖွဲ့ဝင် သုံးဦး သေဆုံးခဲ့ရသည့် အမေရိကန်ဦးဆောင်မဟာမိတ်တပ်ဖွဲ့များ ဒုံးကျည်တိုက်ခိုက်ခံရပြီးနောက် အမေရိကန်ဘက်က ယခုလို တန်ပြန်တိုက်ခိုက်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်၏ စီးနင်းပစ်ခတ်မှုသည် ပြည်သူ့စစ်အဖွဲ့ပုန်းအောင်းရာနေရာများကို ထိရောက်စွာဖျက်ဆီးနိုင်ခဲ့သော်လည်း အီရန်တို့၏ခြိမ်းခြောက်မှုမှာ ဆက်လက်မြင့်တက်လာနိုင်သလို နှစ်နိုင်ငံကြား တင်းမာမှုများသည်လည်း လျော့နည်းသွားခြင်းမရှိဟု မက်ကန်ဇီက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု စံပြကျေးရွာသစ်ထူထောင်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး




ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု စံပြကျေးရွာသစ်ထူထောင်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကျင်းပစဉ်။

**နေပြည်တော် မတ် ၁၄**

ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှု စံပြကျေးရွာသစ် ထူထောင်ရေးအတွက် ကိုရီးယားအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအဖွဲ့နှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ သုတေသနအကျိုးတူ ပူးပေါင်းဆောင်ရွက်မှု နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို မတ် ဒုတိယပတ်က ရေဆင်း- စိုက်ပျိုးရေးသုတေသန ဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နိုင်ကြည်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန့်လွင်ဦး၊ ညွှန်ကြားရေးမှူးဒေါက်တာထွန်းရွှေ၊ ဌာနစု တာဝန်ခံများ၊ သုတေသနပညာရှင်များ၊ KOPIA မှ Dr. Kim Dae Ho နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ နားလည်မှုစာချွန်လွှာသည် စိုက်ပျိုးရေး ထွက်ကုန်များ၏ ထုတ်လုပ်မှုနှင့် ယှဉ်ပြိုင်မှုစွမ်းအား၊ အကျိုးအမြတ်၊ သုတေသနနှင့် တိုးချဲ့ပညာပေးရေးကဏ္ဍများ မြှင့်တင်ခြင်းဖြင့် ဘေးကင်းလုံခြုံစိတ်ချရသည့် အရည်အသွေးကောင်း အစားအစာများ ထုတ်လုပ်နိုင်၍ စားနပ်ရိက္ခာဖူလုံ ကာ လုပ်ကွက်ငယ် တောင်သူလယ်သမားများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်အတွက် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့နှင့် စိုက်ပျိုးရေး သုတေသနဦးစီးဌာနတို့အကြား သဘောတူညီမှုအနေဖြင့် လက်မှတ်ရေးထိုးခြင်းဖြစ်ကြောင်း၊ စီမံကိန်းကို ၂၀၂၀ ပြည့်နှစ်မှစတင်၍ ၂၀၂၂ ခုနှစ်အထိ သုံးနှစ်တာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

စီမံကိန်းကာလအတွင်း ပဲပုပ်၊ ကုလားပဲနှင့် ပဲတီစိမ်း စိုက်ပျိုးကြသော လုပ်ကွက်ငယ်တောင်သူများ ကိုယ်တိုင်ပါဝင်သည့် အရည်အသွေးကောင်း ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်သည့် စံပြကျေးရွာသစ်များ ထူထောင်ခြင်း၊ သီးနှံစိုက်ပျိုး ထုတ်လုပ်ရာတွင် တစ်နိုင်တစ်ပိုင် အသုံးပြုနိုင်သည့် စက်ကိရိယာများအသုံးပြု၍ ဈေးကွက်အလားအလာရှိသည့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ရာ စီမံကိန်းအောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် သုတေသနစမ်းသပ်ကွက်များ ဆောင်ရွက်ခြင်း၊ သရုပ်ပြစမ်းသပ်ကွက်များ စိုက်ပျိုးပြသခြင်း၊ တောင်သူများအား အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်စေ၍ လက်တွေ့နှင့် စာတွေ့သင်ကြားပို့ချပေးခြင်း၊ တောင်သူဖိတ်ခေါ်မျိုး ရွေးချယ်ပွဲများ၊ သရုပ်ပြပွဲများ ကျင်းပခြင်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မေမိုးသဲ**

# တရုတ်ပြည်သို့ မြန်မာ့ရေထွက်ပစ္စည်းတင်ပို့မှု အနည်းငယ်လမ်းပွင့်လာ

**ရန်ကုန် မတ် ၁၄**

တရုတ်ပြည်သို့ မြန်မာ့ရေထွက်ပစ္စည်းများ တင်ပို့မှု ရပ်နားထားရာမှ ဖေဖော်ဝါရီနောက်ဆုံးပတ်မှစ၍ မူဆယ်ဂိတ်နှင့် ရေကြောင်းလိုင်းအချို့ မြန်မာ့ရေထွက်ပစ္စည်းအနည်းငယ် ပြန်လည်တင်ပို့လျက်ရှိကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

တရုတ်ပြည်တွင် ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုဖြင့် မြန်မာ့ရေထွက်ပစ္စည်း တင်ပို့မှုရပ် ဆိုင်းထားရာမှ ယခုအခါ အနည်းငယ် ပြန်လည်လမ်းပွင့်လာပြီဖြစ်ရာ တရုတ်နိုင်ငံတွင် ပုံမှန်အနေအထားသို့ ရောက်ရှိပါက ယခင်ရေထွက်ပစ္စည်းတင်ပို့သည့် စံနှုန်းအတိုင်း မြန်မာနိုင်ငံမှတင်ပို့ရန် အသင့်ရှိလျက်ရှိသည်။

"မြန်မာ့ရေထွက်ပစ္စည်းတင်ပို့မှု ရပ်နားထားတာ ဖေဖော်ဝါရီနောက်ဆုံးပတ်ကစပြီး အနည်းငယ်လမ်းပြန်ပွင့်လာပြီ။ ဒီလဆန်းမှာ နည်းနည်းတိုးလာပြီ။ အရင် ပုံစံကိုတော့ မမီသေးဘူး။ တရုတ်ပြည်မှာ ပုံမှန်အတိုင်း ဖြစ်ပြီဆိုရင် ဈေးကွက်တည်ငြိမ်သွားမယ်။ အဲဒီအတွက် အချိန်တစ်ခုယူရမယ်ထင်တယ်။ ကုန်သည်တွေအနေနဲ့ တရုတ်ပြည်က အဝယ်ပိတ်လို့ အရှုံးပေါ်ကြတယ်။ တရုတ်ပြည်ကို ပြန်ပြီးပို့နေပြီ။ တရုတ်ပြည်ရဲ့ အခြေအနေပေါ်မှာပဲမူတည်နေ တယ်။ ဖမ်းဆီးလို့ရတဲ့ ရေထွက်ပစ္စည်းတွေဟာ ပြည်တွင်းဈေးကွက်မှာ ရှိနေမှာဖြစ်တဲ့အတွက် မြန်မာနိုင်ငံမှာ ဘာရောဂါမှမရှိတာကြောင့် ရေထွက်ပစ္စည်းစားသုံးမှုနဲ့ ဈေးနှုန်းကို ထိခိုက်မှုမရှိနိုင်ဘူး။ တရုတ်ပြည်က မြန်မာ့ရေထွက်ပစ္စည်းတွေ အနည်းငယ်တော့ လမ်းပွင့်လာပြီ"ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောသည်။

တရုတ်ပြည်တွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် မြန်မာ့ရေထွက်ပစ္စည်းတင်ပို့မှု ရပ်ဆိုင်းထားရာမှ ဖေဖော်ဝါရီလကုန်ပိုင်းမှစ၍ နယ်စပ်တင်ပို့မှုအနည်းငယ်လမ်းပွင့်လာလျက်ရှိရာ မြန်မာ့ရေထွက်ပစ္စည်း တရုတ်ပြည်သို့ ပြန်လည်တင်ပို့မှု အသက်ဝင်လျက်ရှိကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

**သန်းထိုက်**

## ရေကြောင်းသတိပေးချက်

**နေပြည်တော် မတ် ၁၄**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO Daewoo Corporation (Myanmar E&P) သည် Shwe Phase 2 Development Project အရ ကမ်းလွန်လုပ်ကွက်အမှတ် A-1 တွင် တွင်းတူးဖော်ရေးလုပ်ငန်းများအား Semi-submersible rig "OCEAN MONARCH" (Call Sign:V7IY3) ဖြင့် ၂၀၂၀ ပြည့်နှစ် မေ ၆ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၆ ရက်အထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

Drilling Campaign လုပ်ငန်းများဆောင်ရွက်မည့် ဧရိယာအကျယ်အဝန်းမှာ Point A မြောက်လတ္တီတွဒ် 19˚ 51' 14.86"၊ အရှေ့လောင်ဂျီတွဒ် 92˚ 20' 20.47"၊ Point B မြောက်လတ္တီတွဒ် 19˚55' 21.15"၊ အရှေ့လောင်ဂျီတွဒ် 92˚33' 06.40"၊ Point C မြောက်လတ္တီတွဒ် 19˚30' 13.95"၊ အရှေ့လောင်ဂျီတွဒ် 92˚28' 40.43"၊ Point D မြောက်လတ္တီတွဒ် 19˚34' 38.84"၊ အရှေ့လောင်ဂျီတွဒ် 92˚41' 07.44" တို့ ဖြစ်သည်။

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် A-1 တွင် တွင်းတူးဖော်ရေးလုပ်ငန်းများအား Semi-submersible rig "OCEAN MONARCH" (Call Sign: V7IY3) ဖြင့် ၂၀၂၀ ပြည့်နှစ် မေ ၆ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၆ ရက်အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တွင်းတူးဖော်မည့် တည်နေရာများမှ ၄ ကီလိုမီတာပတ်လည်အတွင်း ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာထားသဖြင့် သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ပန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းမရှိစေရန် အသိပေးကြေညာထားကြောင်း သိရသည်။

**မြန်မာ့အလင်း**

## နာဂဒေသတွင် စက်မှုကုန်ကြမ်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှု သင်တန်းဖွင့်

**ခန္တီး မတ် ၁၄**

နာဂဒေသအတွင်းရှိ ဒေသခံပြည်သူများအတွက် စိုက်ပျိုးရေးကို အခြေခံသော တစ်နိုင်တစ်ပိုင်နှင့် စီးပွားဖြစ်လုပ်ကိုင်ဆောင်ရွက်နိုင်သည့် ဝင်ငွေရစက်မှုကုန်ကြမ်းသီးနှံ (ဝဥ၊ ပီလောပီနံ၊ ကော်ဖီ) သီးနှံစိုက်ပျိုးထုတ်လုပ်မှု နည်းပညာပေးသင်တန်းကို မတ် ၁၁ ရက်က ခန္တီးခရိုင်၌ ဖွင့်လှစ်ရာ သင်တန်းသား ၆၀၊ နာဂတောင်သူများနှင့် စိုက်ပျိုးရေးအလုပ်သမားအဖွဲ့အစည်းသမဂ္ဂမှ ၂၀ တို့ တက်ရောက်လေ့လာလျက် ရှိသည်။

အဆိုပါ သင်တန်းကို စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲက ဦးဆောင်၍ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင်အတွင်းရှိ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ ကျွမ်းကျင်စွာတတ်မြောက် အသုံးချနိုင်ရေးအတွက် စိုက်ပျိုးရေးပညာရှင်များက နှစ်ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည် ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်ဝင်းက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်နန်းအမ်းတော်က သင်တန်းဖွင့်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများက ဒေသနေတောင်သူများ စိုက်ပျိုးရန် ကော်ဖီမျိုး စေ့များနှင့် ပီလောပီနံမျိုးကိုင်းများကို ပေးအပ်ရာ ဟုမ္မလင်းမြို့နယ်၊ ခန္တီးမြို့နယ်၊ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်၊ နန်းယွန်းမြို့နယ် အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**သိန်း**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၄-၃-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၉၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၂၆၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၉၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၂၆၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၆၁၀/၇၀၀ | ကျပ် | ၆၇၀/၇၀၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၆၂၀/၇၁၀ | ကျပ် | ၆၈၅/၇၁၅ | ကျပ် |
| အောက်တိန်း ၉၂ | ၅၆၀/၆၃၀ | ကျပ် | ၆၃၀/၆၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၈၀/၇၅၀ | ကျပ် | ၇၆၅/၇၉၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၀၉ . ၆ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၇၉ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၀ . ၅ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၇၅ . ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၃၂ . ၁ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၈၈၆ . ၇၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၁ . ၆၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၉ . ၀၆၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၅ . ၇၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၈ . ၇၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၂၈၅ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၀၀၀ | ၂၈၆၅ | ၃၂၀၉၇၅၀၀ |
| MTSH | ၃၈၅၀ | ၃၈၀၀ | ၁၆၂၀၃ | ၆၁၈၄၈၅၅၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၉၅၂ | ၇၈၀၆၄၀၀ |
| FPB | ၂၂၅၀၀ | ၂၂၀၀၀ | ၈၉၉ | ၁၉၈၀၅၅၀၀ |
| TMH | ၂၈၅၀ | ၂၈၅၀ | ၈၆၅ | ၂၄၆၅၂၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**စာတည်းမှူး** - စိုးစိုးနိုင်
**သတင်းထောက်ချုပ်** - မြင့်ဆွေ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
**အကြီးတန်း သတင်းထောက်များ** - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
**အငယ်တန်း သတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## လောကဝတ် (Etiquette)

### ထိခြင်းငါးပါးနဲ့ ရှိခိုးတတ်ပါစေ ကလေးတို့ရေ

မမမေ

**ကလေးတို့ရေ နွေရာသီကျောင်းပိတ်ရက်မှာ မအားလပ်နိုင်အောင်ဘဲ ဆော့ကစားဖြစ်နေကြပြီမလား။ အားလုံးပဲ မင်္ဂလာပါနော်။ မမက ဒီတစ်ပတ်မှာ မမငယ်ငယ်က လူကြီးတွေ သတိထားပြီး စနစ်ကျအောင် သင်ပေးခဲ့ဖူးတဲ့ ထိခြင်းငါးပါးဆိုတဲ့ ကန်တော့နည်းပုံစံလေးကို ပြောပြချင်ပါတယ်။ လောကဝတ်တွေကို အပတ်စဉ် ကလေးတို့အတွက် မမက ပြောခဲ့ပြီးပါပြီ။ အခုပြောမယ့်အကြောင်းအရာကတော့ ဘုရားကန်တော့တာဖြစ်ဖြစ်၊ ကိုယ့်ရဲ့ မိဘတွေ၊ အဘိုးအဘွား တွေနဲ့ ဆရာသမားတွေကို ကန်တော့တဲ့အခါအဖြစ်ဖြစ် စနစ်တကျနဲ့ ကန်တော့တတ်အောင် ပြောပြပေးမှာပါ။**



ကလေးအများစုကတော့ ယဉ်ကျေးလိမ္မာသင်တန်းတွေကို တက်ဖူးကြမယ်လို့ မမထင်ပါတယ်။ ဒါပေမယ့် ကျောင်းစာတွေကို ပိုပြီးအချိန်ပေးတဲ့ ကလေးလေးတို့အတွက် မမက အားတဲ့အချိန်မှာ လေ့ကျင့်နိုင်အောင်လို့ ထိခြင်းငါးပါးကန်တော့ခြင်းကို ဗဟုသုတအနေနဲ့ရော ကလေးတို့ သိနားလည်ဖို့အတွက်ရော ရည်ရွယ်ပြောပြခြင်းပဲဖြစ်ပါတယ်။

ကမ္ဘာပေါ်မှာ ဘာသာကိုးကွယ်မှုအမျိုးမျိုးရှိပါတယ် ကလေးတို့ရေ။ မမတို့နိုင်ငံမှာလည်း ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ ခရစ်ယာန်ဘာသာနဲ့ အစ္စလာမ်ဘာသာတို့အပြင် အခြားဘာသာတွေကိုလည်း လွတ်လွတ်လပ်လပ် ကိုးကွယ်ခွင့်ပြုထားပါတယ်။ ဒါပေမယ့် အများစုကတော့ ဗုဒ္ဓဘာသာဝင်တွေ ဖြစ်ပါတယ်။ ဗုဒ္ဓဘာသာဝင်တွေ အများစု ရှိခိုးဦးချကြရာမှာ လိုက်နာရမယ့် အပြုအမူကိုတော့ ထိခြင်းငါးပါးလို့ အလွယ်ခေါ်ကြပါတယ်။ ပြောချင်တာက မြေပြင်ဒါမှမဟုတ် ကြမ်းပြင်ပေါ်မှာ ကလေးတို့၊ မမတို့ရဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းတွေထဲက ငါးခုနဲ့ ထိပြီးတော့ ဦးခိုက်ရှိခိုးကြတာ ဖြစ်ပါတယ်။ ထိခြင်းငါးပါးလို့ခေါ်သလို တည်ခြင်းငါးပါးဆိုပြီးတော့လည်း ခေါ်ဝေါ်ကြပါတယ်။ ကလေးတို့ဟာ ကြမ်းပေါ်မှာ ဒူးနှစ်ဖက်ထိထားရမယ်၊ တံတောင်ဆစ်နှစ်ဖက်တိုင်အောင် လက်နှစ်ဖက်ကို ထိနေရမယ်။ နဖူးကလည်း ကြမ်းအထိ ထိရမယ်ဆိုတာမျိုးပါ။

အမျိုးသားနဲ့ အမျိုးသမီးတွေမှာ ရှိခိုးကန်တော့တဲ့ ထိခြင်းငါးပါးက နည်းနည်းကွာခြားပါတယ်။ အမျိုးသားတွေက ပထမဆုံးရှိခိုးသူကို မျက်နှာမူပြီး ဆောင့်ကြောင့်ထိုင်ကြရမယ်။ လက်အုပ်ကို နဖူးအထိမြှောက်ချီရပါမယ်။ ပြီးရင် ဒူးထောက်ချရမယ်။ လက်အုပ်ကို ကြမ်းပြင်ကိုချပြီး လက်ဝါးဖြန့်လျက် တံတောင်ဆစ်နဲ့ လက်ထောက်ရပါမယ်။ အဲဒီအခါမှာ ဦးခေါင်းနဲ့ ပခုံးတွေက ရှေ့ကို ငိုက်သွားမှာပေါ့။ နဖူးကို လက်ဖမိုးပေါ်အထိ နှိမ့်ပြီး ဦးချရပါတယ်။

အဲဒီလိုပဲ အမျိုးသမီးတွေကတော့ တင်ပါးလွှဲထိုင်ပြီး ရှိခိုးရမှာပေါ့။ ညီမလေးတို့က လက်အုပ်ကို နဖူးအထိ မြှောက်ချီရမယ်။ ပြီးတာနဲ့ လက်အုပ်ကို ကြမ်းပြင်အထိ ချပြီး လက်ဝါးနှစ်ဖက်ကို အရှေ့ကို လျှောထုတ်ရပါမယ်။ ပြီးတာနဲ့ တံတောင်ဆစ်နှစ်ဖက်ကို ကြမ်းပြင်ကို ထိထားရပါမယ်။ ပြီးတာနဲ့ လက်ဖမိုးပေါ်ကို နဖူးထိအောင်နှိမ့်ပြီး ဦးချရပါမယ်။ ဒီနည်းအတိုင်း သုံးကြိမ်ဦးချရမှာ ဖြစ်ပါတယ်။

မမတို့ ငယ်ငယ်က ဘုန်းဘုန်းကြီးတွေက သင်ပေးခဲ့ကြလို့ အတိုကောက်မှတ်ထားတာကတော့ ခြေ၊ လက်၊ နဖူး၊ တံတောင်၊ ဒူး ငါးဦးညီညွတ်စေဆိုပြီး ရွတ်ဆိုကာ ရှိခိုးပုံ စနစ်ကျအောင် ကြိုးစားခဲ့ရဖူးတယ်။ ကလေးတို့လည်း ကြိုးစားကြည့်ရအောင်နော်။ ။

## သိမှတ်စရာအဖြာဖြာ (General Knowledge)

### အားလပ်ရက်မှာကလေးတို့သွားချင်တဲ့ တိရစ္ဆာန်ရုံ

ကေ-ဂျူဝယ်လ်

**ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို ရောက်ဖူးကြသလား။ ဒါမှမဟုတ် မန္တလေးက ရတနာပုံတိရစ္ဆာန်ဥယျာဉ်နဲ့ နေပြည်တော်က တိရစ္ဆာန်ဥယျာဉ်ကြီးတွေကိုရော ကလေးတို့ ရောက်ဖူးကြပြီလား။ မရောက်ဖူးကြသေးဘူးဆိုရင်တောင် ကလေးသီချင်းတွေထဲမှာ တိရစ္ဆာန်ရုံကို ကလေးလေးတွေ သွားကြတာ ကြားဖူးကြမယ်လို့ ထင်ပါတယ်။ တိရစ္ဆာန်ဥယျာဉ်ဆိုတာကတော့ တိရစ္ဆာန်ကလေးတွေကို တောထဲအထိသွားမရှာဘဲ တစ်နေရာတည်းမှာ ကြည့်ရှုနိုင်ဖို့ လှောင်အိမ်တွေထဲထည့်ပြီး အစာတွေကျွေးပြီး မွေးထားကြတာပေါ့ကွယ်။ ကလေးတို့၊ မမတို့လို လူသားတွေက တိရစ္ဆာန်လေးတွေကို သွားကြည့်ကြတယ်။ သူတို့သဘာဝကိုသိအောင် လေ့လာကြတယ်။ သူတို့ကို အစားအစာတွေ ကျွေးကြတာပေါ့။**



တိရစ္ဆာန်ရုံကို သတ္တဗေဒဥယျာဉ်လို့လည်း ခေါ်တယ် ကလေးတို့ရဲ့။ အဲဒီလို ပထမဆုံးစပြီးခေါ်ဝေါ်တဲ့ နေရာကတော့ လန်ဒန်သတ္တဗေဒဥယျာဉ်မှာပဲ ဖြစ်ပါတယ်။ ၁၈၅၇ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပြီး ကမ္ဘာမှာ ပထမဆုံးသော တိရစ္ဆာန်ရုံလို့လည်း ပြောရင်ရတာပေါ့။ ဒါပေမယ့် တိရစ္ဆာန်တွေကို လှောင်အိမ်တွေနဲ့ မွေးမြူကြတာကတော့ ဟိုးရှေးရှေး နှစ်ပေါင်းများစွာ ကတည်းကပါပဲ။ အီဂျစ်နိုင်ငံမှာဆိုရင် လွန်ခဲ့တဲ့ ဘီစီ ၃၅၀၀ လောက်က တိရစ္ဆာန်တွေကို သိုလှောင်ထားတဲ့ နေရာတစ်ခုရှိတာကို မကြာသေးခင်ကမှ မြေကြီးထဲကနေ တူးဖော်တွေ့ရှိချက်တွေအရ သိခွင့်ရခဲ့ပါတယ်။

ဘီစီ ၁၁ ရာစုလောက်မှာ တိရစ္ဆာန်တွေကို ချစ်ခင်ပြီး သူတို့ရဲ့ သဘာဝတွေကို လေ့လာချင်တဲ့ ပညာရှင်တွေဟာ အနယ်နယ်အရပ်ရပ်က တောတွင်းတွေထဲကနေ ဖမ်းယူရရှိတဲ့ တိရစ္ဆာန်တွေကို စုစည်းပြီး တိရစ္ဆာန်ရုံအဖြစ် ပြသခဲ့တာမျိုးရှိခဲ့တာပါ။ ဘီစီ ၂ ရာစုမှာဆိုရင်လည်း တရုတ်နိုင်ငံမှာ သမင်တွေ၊ ဒရယ်တွေကို ဖမ်းဆီးပြီး ဘုရင့်နန်းတော်ထဲက ပန်းဥယျာဉ်ထဲမှာ လွှတ်ထားခဲ့ဖူးတယ်။ ဘီစီ ၄ ရာစုမှာလည်း ရှော်လမွန်ဘုရင်တစ်ပါးဟာ တိရစ္ဆာန်ရုံတွေကို အနယ်နယ်အရပ်ရပ်မှာ ထားဖို့ စေခိုင်းခဲ့ပါသေးတယ်။ ရောမခေတ်တုန်းကတော့ ဝက်ဝံတွေ၊ နွားတွေ၊ ကျွဲတွေနဲ့ ကျားတွေ၊ ခြင်္သေ့တွေကို လှောင်အိမ်တွေထဲကို ထည့်ပြီး အချင်းချင်း သတ်ခိုင်းကြသတဲ့။ အဲဒီပွဲတွေကို လူသားတွေက အားပေးကြတာပေါ့ကွယ်။ တော်တော်လေး ရက်စက်ခဲ့ကြဖူးတာပေါ့။ နောက်ပိုင်းမှာတော့ သားရိုင်းသတ်ပွဲတွေကို မလုပ်ကြတော့ပါဘူး။ အဲဒီခေတ်က မိကျောင်းတွေ၊ သစ်ကုလားအုတ်တွေ၊ မြွေတွေနဲ့ ကျားတွေ၊ ခြင်္သေ့တွေ၊ ကျွဲတွေဟာ လူတွေအတွက် အပန်းဖြေအောင် သူတို့က ပင်ပင်ပန်းပန်းနဲ့ သတ်ပုတ်ခဲ့ကြရပြီး သူတို့တွေကို မွေးမြူထားတဲ့ နေရာတွေကို တိရစ္ဆာန်ရုံအဖြစ် လာကြည့်သူတွေ အများကြီးရှိသတဲ့။

ဗြိတိန်မှာတော့ ၁၆ ရာစုနှောင်းပိုင်း အဲလစ်ဇဘက် ၁ ဘုရင်မလက်ထက်မှာ အများသူငါ ကြည့်ရှုနိုင်ဖို့ အိမ်မွေးတိရစ္ဆာန်တွေ၊ တောရိုင်းတိရစ္ဆာန်တွေနဲ့ တွားသွားသတ္တဝါတွေ၊ အတောင်ပံပါတဲ့ ငှက်မျိုးစုံတွေကို ဖမ်းဆီးပြီး လှောင်အိမ်တွေထဲထည့်လို့ ဆောင်ရွက်ပေးခဲ့ဖူးသေးတယ်။ ကမ္ဘာပေါ်မှာ သက်တမ်းအရင့်ဆုံး တိရစ္ဆာန်ရုံကတော့ ဩစတြီးယားနိုင်ငံ ဗီယင်နာမှာရှိတဲ့ တိရစ္ဆာန်ရုံကြီးပေါ့ကွယ်။ အရင်ကတော့ နန်းတော်ထဲက ဘုရင်နဲ့ သူတို့ မိသားစုဝင်တွေ အပန်းဖြေကြည့်ရှုဖို့ ရည်ရွယ်ထားပေမယ့် နောက်ပိုင်း ၁၇၆၅ ခုနှစ်မှာ အများပြည်သူ ကြည့်ရှုနိုင်ဖို့ ဖွင့်လှစ်ခဲ့ပါတယ်။




စနစ်တကျနဲ့ တိရစ္ဆာန်တွေရဲ့ သဘာဝနဲ့ လိုက်ဖက်တဲ့ ပုံစံမျိုးတိရစ္ဆာန်ရုံတွေကိုတော့ ၁၈၂၈ ခုနှစ်မှာ လန်ဒန်သတ္တဗေဒပညာရှင်တွေက တည်ထောင်ခဲ့ပါတယ်။ သူတို့ဟာ တိရစ္ဆာန်ရုံတွေကို မြို့တစ်မြို့ရဲ့ အချက်အချာဖြစ်တဲ့ မြို့လယ်တွေမှာ တည်ထောင်ခဲ့ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြည်သူတွေအားလုံး တိရစ္ဆာန်လေးတွေရဲ့ သဘာဝကို ပိုပြီးသိနားလည်လာအောင်နဲ့ သွားကြည့်တဲ့အခါ နီးနီးနားနားကြည့်ရှုနိုင်အောင် ရည်ရွယ်ခဲ့တာ ဖြစ်ပါတယ်။


မမတို့ နိုင်ငံက တိရစ္ဆာန်ရုံတွေရော အခြားနိုင်ငံတွေက တိရစ္ဆာန်ရုံတွေမှာပါ တိရစ္ဆာန်တွေ အများကြီးရှိတယ်။ မျောက်၊ ကျား၊ ခြင်္သေ့၊ ဆင်နဲ့ မိကျောင်း၊ ကျားသစ်၊ မြင်းကျား၊ သမင်၊ ဒရယ်နဲ့ နို့တိုက်သတ္တဝါတွေ၊ ရေထဲမှာ နေထိုင်ကြတဲ့ ငါး၊ လိပ်တို့အပြင် မြွေနဲ့ ကင်းလိပ်ရှောတို့လို တွင်းထဲမှာနေတဲ့ သတ္တဝါတွေ၊ ငှက်အမျိုးမျိုးတို့တွေ စသည်ဖြင့် အစုံပဲပေါ့။


နောက်ပြီး လာရောက်လည်ပတ်တဲ့သူတွေ အပန်းဖြေဖို့ ပန်းကလေးတွေ စိုက်ထားကြသလို အနားယူဖို့ နားနေဆောင်တွေ၊ ပျော်ပွဲစားထွက်ဖို့ မြက်ခင်းပြင်တွေ၊ တိရစ္ဆာန်တွေရဲ့ အရိုးတွေ၊ ကျောက်ဖြစ်ရုပ်ကြွင်းတွေ၊ ရေကန်တွေ၊ စမ်းချောင်းလေးတွေနဲ့လည်း အလှဆင်ထားကြတယ်။ လူတွေကို တိရစ္ဆာန်တွေ ဒုက္ခပေးလို့မရအောင်လည်း အန္တရာယ်ရှိတဲ့ ကျားကြီး၊ ခြင်္သေ့ကြီးတွေဆိုရင် သံတိုင်ထူထူကြီးတွေနဲ့ သူတို့ကို ကာရံပိတ်ထားတာပေါ့။

နောက်ပိုင်းမှာ ငါးပြတိုက်ဆိုတာနဲ့လည်း တွဲလာကြတယ်။ ပင်လယ်ထဲက ငါးအမျိုးမျိုးကို တစ်နေရာတည်းမှာ မြင်ရတယ်။ သိပ်ကို ပျော်စရာကောင်းပြီး အခုနောက်ပိုင်းမှာ ဥမင်လိုဏ်ခေါင်းတွေအတွင်းကနေ လူတွေက လျှောက်ကြည့်ကြပြီး ဖန်သားနဲ့ ကာရံထားတဲ့ဘေးမှာ ငါးမန်းကြီးတွေ၊ ရေဘဝဲကြီးတွေက ကူးခပ်နေကြတာကို အသည်းတယားယားနဲ့ တွေ့နိုင်ပါသေးတယ်။ ဒါကြောင့် ကလေးတို့လည်း တိရစ္ဆာန်ရုံကို ရောက်အောင်သွားကြဖို့ မေမေတို့ကို ပူဆာကြပါဦးနော်။ ရောက်ခဲ့ပြီဆိုရင်လည်း မျောက်ကလေးတွေက ဘယ်လိုအသံတွေနဲ့ အော်ဟစ်နေမလဲ၊ ကျားကြီးက ဘယ်လိုအသံတွေနဲ့ ဟိန်းဟောက်နေမလဲ၊ ဆင်ကြီးက ဘယ်လို ကပြမလဲဆိုတာတွေကို သေသေချာချာ မှတ်သားထားခဲ့ပါနော်။ မမကတော့ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်က ဆင်မကြီးမိုမိုနဲ့ ကျားကြီး စိန်တိုး၊ ခြင်္သေ့မလေး ရှာကီရာတို့ကို လွမ်းနေပြီမို့ မကြာခင် သွားကြည့်ပြီး သူတို့ရဲ့အကြောင်းတွေကို နောက်တစ်ပတ်တွေမှာ ဆက်လက်ပြောပြပေးမယ်နော်။ ပျော်ရွှင်ပါစေ ကလေးတို့ရေ။ ။






HTOO
ကယ်ကြော်မူကြပါရှင်... ကျွန်မ ဖုန်းကို လုသွားကြလို့ပါရှင်...
ဖုန်းလုသွားတဲ့ကောင်တွေ ဘယ်မှာလဲကွ..
ဆိုင်ကယ်နဲ့ ထွက်ပြေးသွားကြပြီရှင့်...
ဆိုင်ကယ်နံပါတ်မှတ်မိတယ်မို့လား...
လိုင်စင်နံပါတ်ပြားအမှန်ဟုတ် ချင်မှဟုတ်မှာဗျ
ကျွန်မရဲ့ပိုက်ဆံအိတ်ကိုအရင် လုတယ်.. ကျွန်မက ရဲခန်းကို ဖုန်းဆက်ဖို့
ဖုန်းရော ပိုက်ဆံအိတ်ရောပါသွားတယ်ဆိုပါတော့...
တော်သွားတာပေါ့ရှင်...
ကျွန်မ နားက နားကွင်းနှစ်ဖက်က ရွှေအစစ်မှန်း သူတို့သိမသွားတာကို ကျေးဇူးတင်ရမယ်...
ကျေးဇူးရှင် တွေ့နဲ့တွေ့သွားတာကို...




ကံကိုယုံပြီး ဆူးပုံ နင်းတယ်ဆို..




CALANDE



# လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

**အခန်း (၄)**

**နိုင်ငံခြားလူမွဲမှုခင်းနှင့် သက်သာခွင့်ကို အသိအမှတ်ပြုခြင်း**

**နိုင်ငံခြားလူမွဲမှုခင်းကို အသိအမှတ်ပြုရန် လျှောက်ထားခြင်း**

၃၈၃။ (က) နိုင်ငံခြားလူမွဲမှုခင်းတွင် နိုင်ငံခြားကိုယ်စားလှယ်အဖြစ် ခန့်အပ်ထားခြင်းခံရသူသည် အဆိုပါမှုခင်းကို အသိအမှတ်ပြုပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

( ခ ) ပုဒ်မခွဲ (က) အရ လျှောက်ထားသည့် လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲတင်ပြရမည်–

(၁) နိုင်ငံခြားလူမွဲမှုခင်းစတင်ကြောင်းနှင့် နိုင်ငံခြားကိုယ်စားလှယ်အဖြစ် ခန့်အပ်ထားကြောင်း ဆုံးဖြတ်ချက်တာဝန်ခံမိတ္တူမှန် သို့မဟုတ်

(၂) နိုင်ငံခြားကိုယ်စားလှယ်အဖြစ် ခန့်အပ်ထားကြောင်းနှင့် နိုင်ငံခြားလူမွဲမှုခင်း ဆောင်ရွက်နေကြောင်း အတည်ပြုသည့် နိုင်ငံခြားတရားရုံး၏ အထောက်အထားလက်မှတ်၊

(၃) ပုဒ်မခွဲငယ် (၁) နှင့် (၂) တွင် ဖော်ပြထားသည့် သက်သေခံအထောက်အထားများ မရှိသည့်အခါ နိုင်ငံခြားကိုယ်စားလှယ်အဖြစ် ခန့်အပ်ထားကြောင်းနှင့် နိုင်ငံခြား လူမွဲမှုခင်းဆောင်ရွက်နေကြောင်းကို တရားရုံးက လက်ခံနိုင်သည့် အခြားသက်သေခံအထောက်အထားတစ်ရပ်ရပ်။

( ဂ ) ပုဒ်မခွဲ (က) အရ လျှောက်ထားလွှာတွင် နိုင်ငံခြားကိုယ်စားလှယ်က သိရှိထားသည့် မြီစားနှင့် ပတ်သက်သည့် နိုင်ငံခြားလူမွဲမှုခင်းအားလုံးနှင့် သက်ဆိုင်သော ဖော်ပြချက်လည်း ပါဝင်ရမည်။

(ဃ) တရားရုံးသို့တင်သွင်းသည့် စာရွက်စာတမ်းတိုင်းကို မြန်မာဘာသာပြန်ဆိုချက်နှင့်တကွ ပူးတွဲတင်ပြရမည်။

**အသိအမှတ်ပြုခြင်းနှင့်စပ်လျဉ်း၍ မှတ်ယူရမည့်အချက်များ**

၃၈၄။ (က) ပုဒ်မ ၃၈၃ ပုဒ်မခွဲ (ခ) အရ ဆုံးဖြတ်ချက် သို့မဟုတ် အထောက်အထားလက်မှတ်တွင် ဖော်ပြထားသော နိုင်ငံခြားကိုယ်စားလှယ်သည် ပုဒ်မ ၃၆၉ ပုဒ်မခွဲ (ဃ) ပါ နိုင်ငံခြားကိုယ်စားလှယ်ဖြစ်ကြောင်းနှင့် ယင်းတွင်ဖော်ပြထားသော မှုခင်းသည် ပုဒ်မ ၃၆၉ ပုဒ်မခွဲ (က) ပါ နိုင်ငံခြားလူမွဲမှုခင်းဖြစ်ကြောင်း တရားရုံးက မှတ်ယူနိုင်သည်။

( ခ ) အသိအမှတ်ပြုပေးရန်လျှောက်လွှာကို ထောက်ခံတင်ပြသည့် စာရွက်စာတမ်းများသည် ဥပဒေနှင့်အညီ ပြုလုပ်ထားသည်ဖြစ်စေ၊ မပြုလုပ်ထားသည်ဖြစ်စေ စစ်မှန်သည်ဟု တရားရုံးက မှတ်ယူခွင့်ရှိသည်။

( ဂ ) ဆန့်ကျင်ကွဲလွဲသည့်သက်သေခံချက်မရှိပါက မြီစား၏ မှတ်ပုံတင်ထားသည့် ရုံးခန်းတည်နေရာ သို့မဟုတ် တစ်သီးပုဂ္ဂလနှင့် သက်ဆိုင်သည့် လူမွဲမှုခင်းများဖြစ်လျှင် ထိုမြီစား အမှန်တကယ်နေထိုင်ရာနေရာသည် ၎င်း၏အဓိက အကျိုးစီးပွားရှိရာနေရာဟု မှတ်ယူရမည်။

**နိုင်ငံခြားတရားစီရင်မှုကို အသိအမှတ်ပြုရန် ဆုံးဖြတ်ချက်**

၃၈၅။ (က) ပုဒ်မ ၃၇၄ နှင့် မဆန့်ကျင်စေဘဲ အောက်ပါအချက်များနှင့် ညီညွတ်လျှင် နိုင်ငံခြားလူမွဲ မှုခင်းကို အသိအမှတ်ပြုရမည်–

(၁) နိုင်ငံခြားလူမွဲမှုခင်းသည် ပုဒ်မ ၃၆၉ ပုဒ်မခွဲ (က) ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အတွင်း ကျရောက်သည့် မှုခင်းဖြစ်ခြင်း၊

(၂) အသိအမှတ်ပြုပေးရန် လျှောက်ထားသည့် နိုင်ငံခြားကိုယ်စားလှယ်သည် ပုဒ်မ ၃၆၉ ပုဒ်မခွဲ (ဃ) အတွင်း ကျရောက်သည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းဖြစ်ခြင်း၊

(၃) လျှောက်ထားလွှာသည် ပုဒ်မ ၃၈၃ ပုဒ်မခွဲ (ခ) ၏ သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း၊

(၄) လျှောက်ထားလွှာကို ပုဒ်မ ၃၇၂ တွင် ဖော်ပြထားသည့် တရားရုံးသို့ တင်သွင်းခဲ့ပြီးဖြစ်ခြင်း။

( ခ ) နိုင်ငံခြားလူမွဲမှုခင်းကို အောက်ပါအတိုင်း အသိအမှတ်ပြုရမည်–

(၁) မြီစား၏ အဓိကအကျိုးစီးပွားရှိသည့်နိုင်ငံတွင် ဆောင်ရွက်လျက်ရှိလျှင် နိုင်ငံခြား အဓိကလူမွဲမှုခင်း၊

(၂) ပုဒ်မ ၃၆၉ ပုဒ်မခွဲ (စ) ပါ မြီစား၏ လုပ်ငန်းခွင် တည်ရှိရာနေရာတွင် ဆောင်ရွက်လျက်ရှိလျှင် နိုင်ငံခြားအဓိကမဟုတ်သည့် လူမွဲမှုခင်း။

( ဂ ) နိုင်ငံခြားလူမွဲမှုခင်းအား အသိအမှတ်ပြုပေးရန်လျှောက်လွှာကို ဆောလျင်စွာ ဆုံးဖြတ်ပေးရမည်။

(ဃ) အသိအမှတ်ပြုရန် အကြောင်းရင်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသသည် မရှိတော့ကြောင်း သို့မဟုတ် ရပ်စဲသွားကြောင်း ပေါ်ပေါက်လျှင် အဆိုပါအသိအမှတ်ပြုမှုအား ပြောင်းလဲခြင်း သို့မဟုတ် ရပ်စဲခြင်းကို ပုဒ်မ ၃၈၃၊ ၃၈၄၊ ၃၈၅ နှင့် ၃၈၆တို့ပါ ပြဋ္ဌာန်းချက်များက ပိတ်ပင်ခြင်းမရှိစေရ။

**နောက်ဆက်တွဲ အချက်အလက်**

၃၈၆။ နိုင်ငံခြားလူမွဲမှုခင်းတစ်ရပ်အား အသိအမှတ်ပြုပေးရန် စတင်လျှောက်ထားချိန်မှစ၍ အောက်ပါ အခြေအနေများ ဖြစ်ပေါ်လျှင် နိုင်ငံခြားကိုယ်စားလှယ်သည် တရားရုံးသို့ ချက်ချင်းတင်ပြရမည်–

(က) အသိအမှတ်ပြုထားသည့် နိုင်ငံခြားလူမွဲမှုခင်း၏အခြေအနေ သို့မဟုတ် နိုင်ငံခြားကိုယ်စားလှယ်အဖြစ် ခန့်ထားမှုအခြေအနေတွင် အဓိကကျသော ပြောင်းလဲမှုဖြစ်ပေါ်ခဲ့ခြင်း၊

( ခ ) အခြားနိုင်ငံခြားလူမွဲမှုခင်းတစ်ခုခုတွင်လည်း ထိုမြီစား ပါဝင်နေကြောင်း နိုင်ငံခြားကိုယ်စားလှယ်က သိရှိလာခြင်း။

**နိုင်ငံခြားလူမွဲမှုခင်းအား အသိအမှတ်ပြုရန် လျှောက်ထားချက်အပေါ် ပေးအပ်နိုင်သည့် သက်သာခွင့်**

၃၈၇။ (က) နိုင်ငံခြားကိုယ်စားလှယ်၏ လျှောက်ထားချက်အရ မြီစားပိုင်ပစ္စည်း သို့မဟုတ် မြီရှင်များ၏ အကျိုးစီးပွားကို ကာကွယ်ရန် အရေးတကြီး လိုအပ်သည့်အခါ တရားရုံးသည် အသိအမှတ်ပြုပေးရန် လျှောက်လွှာတင်သွင်းချိန်မှစ၍ အဆိုပါလျှောက်လွှာအား ဆုံးဖြတ်ပြီးသည့်အချိန်အထိ အောက်ပါတို့အပါအဝင် ယာယီ သက်သာခွင့်ကို ပေးနိုင်သည်–

(၁) မြီစားပိုင်ပစ္စည်းအပေါ် အတည်ပြုဆောင်ရွက်ခြင်းကို ဆိုင်းငံ့ခြင်း၊

(၂) ပစ္စည်း၏ သဘောသဘာဝအရ ပျက်စီးလွယ်သော သို့မဟုတ် တန်ဖိုးကျလွယ်သော သို့မဟုတ် အခြားနည်းဖြင့် ထိခိုက်ပျက်စီးလွယ်သော နိုင်ငံတော်တွင်ရှိသည့် မြီစားပိုင်ပစ္စည်းအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ စီမံခန့်ခွဲရန် သို့မဟုတ် ရောင်းချရန် တရားရုံးမှ ခန့်အပ်ထားသောအခြားသူ သို့မဟုတ် နိုင်ငံခြား ကိုယ်စားလှယ်ထံ အပ်နှံခြင်း၊

(၃) ပုဒ်မ ၃၈၉ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၃)၊ (၄) နှင့် (၇)တို့တွင် ဖော်ပြထားသည့် သက်သာခွင့် တစ်ရပ်ရပ်။

( ခ ) ဤဥပဒေအရ အကြောင်းကြားစာပေးပို့ရာတွင် တည်ဆဲဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်နိုင်သည်။

( ဂ ) ပေးအပ်ထားသည့်သက်သာခွင့်အား ပုဒ်မ ၃၈၉ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၆) အရ ထပ်မံခွင့်ပြုခြင်းမရှိလျှင် အသိအမှတ်ပြုရန် လျှောက်ထားမှုကို ဆုံးဖြတ်ပြီးသည့်အခါ ဤပုဒ်မအရ ခွင့်ပြုထားသည့် သက်သာခွင့်သည် ရပ်စဲစေရမည်။

(ဃ) တောင်းဆိုသည့်သက်သာခွင့်သည် နိုင်ငံခြားအဓိကလူမွဲမှုခင်းအား စီမံခန့်ခွဲရာတွင် အနှောင့်အယှက်ဖြစ်စေလျှင် တရားရုံးသည် ဤပုဒ်မအရ လျှောက်ထားသည့် သက်သာခွင့်ကို ငြင်းပယ်နိုင်သည်။

**နိုင်ငံခြားအဓိက လူမွဲမှုခင်းအား အသိအမှတ်ပြုခြင်း၏ အကျိုးသက်ရောက်မှုများ**

၃၈၈။ (က) နိုင်ငံခြားအဓိက လူမွဲမှုခင်းအား အသိအမှတ်ပြုသည့်အခါ–

(၁) မြီစားပိုင်ပစ္စည်း၊ အခွင့်အရေး၊ တာဝန်ဝတ္တရားများနှင့် ပတ်သက်သည့် အခြား မှုခင်း သို့မဟုတ် လူမွဲခံယူခြင်းဆိုင်ရာ မှုခင်းများ စတင်ဆောင်ရွက်ခြင်း သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်းတို့သည် ဆိုင်းငံ့စေရမည်၊

(၂) မြီစားပိုင်ပစ္စည်းများအပေါ် အတည်ပြုဆောင်ရွက်ခြင်းကို ဆိုင်းငံ့စေရမည်၊

(၃) မြီစားပိုင်ပစ္စည်းတစ်ရပ်ရပ်ကို လွှဲပြောင်းသည့်၊ ကြွေးမြီတာဝန်ဖြစ်စေသည့် သို့မဟုတ် အခြားနည်းဖြင့်စီမံခန့်ခွဲသည့် အခွင့်အရေးများသည် ရပ်ဆိုင်းစေရမည်။

( ခ ) ပုဒ်မခွဲ (က) တွင်ဖော်ပြထားသည့် ကန့်သတ်ခြင်း၊ ဆိုင်းငံ့ခြင်းနှင့် ရပ်ဆိုင်းခြင်းတို့အပေါ် ပြင်ဆင်ပြောင်းလဲခြင်း သို့မဟုတ် အဆုံးသတ်ခြင်းတို့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပေါ်ပေါက်သော ဆိုင်းငံ့ခြင်းနှင့် ရပ်ဆိုင်းခြင်းတို့နှင့် တူညီသည်ဟု မှတ်ယူရမည်။

( ဂ ) မြီစားအပေါ် တောင်းဆိုသည့် သက်သာခွင့်အား ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်အတိုင်းအတာအထိမှအပ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) သည် အခြားအရေးယူဆောင်ရွက်ရန် သို့မဟုတ် လူမွဲမှုခင်းစတင်ဆောင်ရွက်ရန် အခွင့်အရေးများကို ထိခိုက်ခြင်းမရှိစေရ။

(ဃ) ပုဒ်မခွဲ (က) ပါပြဋ္ဌာန်းချက်များသည် ဤဥပဒေအရ လူမွဲမှုခင်း စတင်ဆောင်ရွက်ရန် တောင်းဆိုပိုင်ခွင့် အခွင့်အရေး သို့မဟုတ် ယင်းလူမွဲမှုခင်းတွင် တောင်းဆိုမှုတင်သွင်းနိုင်သည့်အခွင့်အရေးကို မထိခိုက်စေရ။

**နိုင်ငံခြားလူမွဲမှုခင်းကို အသိအမှတ်ပြုခြင်းအပေါ် ပေးအပ်သည့်သက်သာခွင့်**

၃၈၉။ (က) နိုင်ငံခြားလူမွဲမှုခင်းကို အသိအမှတ်ပြုသည့်အခါ နိုင်ငံခြားအဓိကလူမွဲမှုခင်းတွင်ဖြစ်စေ၊ နိုင်ငံခြားအဓိကမဟုတ်သည့် လူမွဲမှုခင်းတွင်ဖြစ်စေ မြီစား၏ပစ္စည်း သို့မဟုတ် မြီရှင်များ၏ အကျိုးစီးပွားကို ကာကွယ်ရန်လိုအပ်လျှင် နိုင်ငံခြားကိုယ်စားလှယ်၏ လျှောက်ထားချက်အရ တရားရုံးသည် အောက်ပါသက်သာခွင့်များ အပါအဝင် သင့်လျော်သည့် သက်သာခွင့်တစ်ရပ်ရပ်ကို ခွင့်ပြုနိုင်သည်–

(၁) ပုဒ်မ ၃၈၈ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) အရ ဆိုင်းငံ့ထားခြင်း မရှိသေးလျှင် မြီစား၏ ပစ္စည်း၊ အခွင့်အရေး၊ တာဝန်၊ တာဝန်ရှိမှုများနှင့် စပ်လျဉ်းသည့် အခြား အရေးယူဆောင်ရွက်မှု သို့မဟုတ် လူမွဲမှုခင်းစတင်စွဲဆိုခြင်း သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်းကို ဆိုင်းငံ့ခြင်း၊

(၂) ပုဒ်မ ၃၈၈ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) အရ ဆိုင်းငံ့ထားခြင်း မရှိသေးသည့် မြီစား၏ ပစ္စည်းအပေါ်တွင် အတည်ပြုဆောင်ရွက်ခြင်းကို ဆိုင်းငံ့ခြင်း၊

(၃) ပုဒ်မ ၃၈၈ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၃) အရ ရပ်ဆိုင်းထားခြင်း မရှိသေးသည့် မြီစား၏ ပစ္စည်းတစ်ခုခုကို လွှဲပြောင်းခြင်း၊ ကြွေးမြီတာဝန်ဖြစ်စေခြင်း သို့မဟုတ် အခြားနည်းဖြင့် စီမံခန့်ခွဲခြင်းကို ရပ်ဆိုင်းခြင်း၊

(၄) သက်သေစစ်မေးရန်နှင့် သက်သေခံချက်ရယူရန် ခွင့်ပြုပေးခြင်း သို့မဟုတ် မြီစား၏ ပစ္စည်းများ၊ လုပ်ငန်း ကိစ္စရပ်များ၊ အခွင့်အရေးများ၊ တာဝန်ဝတ္တရားများနှင့် စပ်လျဉ်းသည့် အချက်အလက်များ လွှဲပြောင်းပေးအပ်ခြင်း၊

(၅) နိုင်ငံတော်အတွင်းရှိ မြီစားပိုင်ပစ္စည်းအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ စီမံခန့်ခွဲရန် သို့မဟုတ် ရောင်းချရန် တရားရုံးမှ ခန့်အပ်သောအခြားသူ သို့မဟုတ် နိုင်ငံခြားကိုယ်စားလှယ်ထံ အပ်နှံခြင်း၊

(၆) ပုဒ်မ ၃၈၇ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) အရ ခွင့်ပြုထားသည့် ဆိုင်းငံ့ကာလကို တိုးမြှင့်ခြင်း၊

(၇) နိုင်ငံတော်၏တည်ဆဲဥပဒေများအရ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူက ဆောင်ရွက်နိုင်သည့် နောက်ဆက်တွဲ သက်သာခွင့်ကို ပေးခြင်း။

( ခ ) နိုင်ငံခြားအဓိကလူမွဲမှုခင်း သို့မဟုတ် နိုင်ငံခြားအဓိက မဟုတ်သည့် လူမွဲမှုခင်းအား အသိအမှတ်ပြုသည့်အခါတွင် တရားရုံးသည် နိုင်ငံတော်အတွင်းရှိ မြီရှင်များ၏ အကျိုးစီးပွားကို လုံလောက်စွာ အကာအကွယ်ပေးထားသည်ဟု ကျေနပ်ပါက နိုင်ငံခြားကိုယ်စားလှယ်၏ လျှောက်ထားချက်အရ နိုင်ငံတော်အတွင်းရှိ မြီစားပိုင်ပစ္စည်းအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ စီမံခန့်ခွဲရန် တရားရုံးမှ ခန့်အပ်သော အခြားသူ သို့မဟုတ် နိုင်ငံခြားကိုယ်စားလှယ်ထံ အပ်နှံနိုင်သည်။

( ဂ ) နိုင်ငံခြားအဓိကမဟုတ်သည့်လူမွဲမှုခင်း၏ ကိုယ်စားလှယ်အား ဤပုဒ်မအရ သက်သာခွင့်ပေးရာတွင် ထိုလူမွဲမှုခင်းတွင် ဤဥပဒေအရ စီမံခန့်ခွဲသင့်သော လူမွဲပိုင်ပစ္စည်းစာရင်းနှင့် ဆက်စပ်နေသည့် သက်သာခွင့်ဖြစ်ကြောင်း သို့မဟုတ် ထိုမှုခင်းတွင် လိုအပ်သည့် အချက်အလက်များကို စီမံခန့်ခွဲသင့်ကြောင်း တရားရုံးက ကျေနပ်ရမည်။

**မြီရှင်များနှင့် အခြားအကျိုးသက်ဆိုင်သူများအား ကာကွယ်ခြင်း**

၃၉၀။ (က) ပုဒ်မ ၃၈၇ သို့မဟုတ် ပုဒ်မ ၃၈၉ အရ သက်သာခွင့်ပေးခြင်း သို့မဟုတ် ငြင်းဆိုခြင်း သို့မဟုတ် ပုဒ်မခွဲ (ဂ) အရ သက်သာခွင့်ကို ပြောင်းလဲခြင်း သို့မဟုတ် ရပ်စဲခြင်းပြုရာတွင် တရားရုံးသည် မြီစားအပါအဝင် မြီရှင်များနှင့် အခြားအကျိုးသက်ဆိုင်သူများ၏ အကျိုးစီးပွားကို လုံလောက်စွာ ကာကွယ်ပေးထားပြီးဖြစ်ကြောင်း ကျေနပ်ရမည်။

( ခ ) ပုဒ်မ ၃၈၇ သို့မဟုတ် ပုဒ်မ ၃၈၉ အရ သက်သာခွင့်တစ်ရပ်ရပ်ကို ခွင့်ပြုရာတွင် တရားရုံးက သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များကို သတ်မှတ်နိုင်သည်။

( ဂ ) ပုဒ်မ ၃၈၇ သို့မဟုတ် ပုဒ်မ ၃၈၉ အရ ပေးအပ်ထားသည့် သက်သာခွင့်အရ အကျိုးထိခိုက်သူ သို့မဟုတ် နိုင်ငံခြားကိုယ်စားလှယ်၏ လျှောက်ထားချက်အရဖြစ်စေ တရားရုံး၏ ဆင်ခြင်တုံတရားအရဖြစ်စေ တရားရုံးသည် အဆိုပါသက်သာခွင့်ကို ပြောင်းလဲနိုင်သည် သို့မဟုတ် ရပ်စဲနိုင်သည်။

**မြီရှင်များ၏ အကျိုးနစ်နာပျက်စီးဆုံးရှုံးမှုဖြစ်စေမည့် ဆောင်ရွက်ချက်များကို ရှောင်ရှားရန် ဆောင်ရွက်မှုများ**

၃၉၁။ (က) နိုင်ငံခြားလူမွဲမှုခင်းအား အသိအမှတ်ပြုသည့်အခါ မြီရှင်များ၏ အကျိုးစီးပွားများကို ထိခိုက်နစ်နာစေသော ပြုလုပ်မှုများအား အကျိုးသက်ရောက်မှုမရှိစေရန် သို့မဟုတ် ရှောင်ရှားရန် ဤဥပဒေအရ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူရရှိနိုင်သော အရေးယူဆောင်ရွက်ခွင့်များကို နိုင်ငံခြားကိုယ်စားလှယ်က ရရှိစေရမည်။

( ခ ) နိုင်ငံခြားလူမွဲမှုခင်းတစ်ရပ်သည် နိုင်ငံခြားအဓိကမဟုတ်သည့် လူမွဲမှုခင်းဖြစ်သည့် ကိစ္စတွင် အရေးယူဆောင်ရွက်ချက်တစ်ရပ်သည် ဤဥပဒေအရ နိုင်ငံခြားအဓိကမဟုတ်သည့် လူမွဲမှုခင်း၌ စီမံခန့်ခွဲရမည့် လူမွဲပိုင်ပစ္စည်းနှင့်ဆက်စပ်နေကြောင်း တရားရုံးကကျေနပ်ရမည်။

**နိုင်ငံတော်အတွင်းရှိ လူမွဲမှုခင်းတွင် နိုင်ငံခြားကိုယ်စားလှယ်က ဝင်ရောက်ဆောင်ရွက်ခြင်း**

၃၉၂။ နိုင်ငံခြားလူမွဲမှုခင်းကို အသိအမှတ်ပြုသည့်အခါ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီပါက နိုင်ငံခြားကိုယ်စားလှယ်သည် မြီစားက အမှုသည်အဖြစ်ပါဝင်သည့် မည်သည့်လူမွဲမှုခင်းတွင်မဆို ပါဝင်ဆောင်ရွက်နိုင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ထားဝယ်မြို့၌ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပ

**ထားဝယ် မတ် ၁၄**

အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ တနင်္သာရီတိုင်းဒေသကြီး သုံးပွင့်ဆိုင်ဆွေးနွေးပွဲကို ယမန်နေ့က ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးအနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးကျော်မင်းက အနည်းဆုံးအခကြေးငွေဥပဒေကို ၂၀၁၃ ခုနှစ်တွင် ပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊ အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေးဥပဒေကို နှစ်နှစ်လျှင် တစ်ကြိမ်ပြင်ဆင်သတ်မှတ်ရန် ပြဋ္ဌာန်းထားသည့်အတွက် လာမည့်မေလတွင် နှစ်နှစ်ပြည့်ပြီးဖြစ်ကြောင်း၊ ယခုဆွေးနွေးပွဲတွင် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင်ဆွေးနွေးပွဲဖြစ်သည့်အတွက် မိမိတို့၏ အမြင်၊ အသိများအပေါ် လွတ်လပ်စွာသုံးသပ်၍ အကြံပြုပေးစေလိုကြောင်း၊ တိုင်းဒေသကြီးရှိ ခရိုင်သုံးခုတွင် ယခုလို သုံးပွင့်ဆိုင်ဆွေးနွေးပွဲများ ကျင်းပပြီး ခရိုင်အလိုက် အဆိုပြုတင်ပြချက်များ အပေါ်အလုပ်ရှင်၏ အမြင့်ဆုံးပေးနိုင်အား၊ အလုပ်သမား၏ အနိမ့်ဆုံးတင်ပြ ချက်များအပေါ် သုံးသပ်ပြီး နှုန်းထားတစ်ခုကို အမျိုးသားကော်မတီသို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း၊ အမျိုးသားကော်မတီက တိုင်းဒေသကြီး/ ပြည်နယ်အသီးသီး၏ တင်ပြချက်များအပေါ် သုံးသပ်ပြီး အဆိုပြုနှုန်းထားတစ်ခု ကို ဆက်လက်ကြေညာပေးမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၏ ဖြစ်နိုင်ခြေရှိသောနှုန်းထားတစ်ခုကို အကြံပြုပေးကြရန် လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးအနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာကော်မတီအတွင်းရေးမှူး တိုင်းဒေသကြီးအလုပ်သမားညွှန်ကြားရေးဦးစီးဌာနတာဝန်ခံ ဒေါ်မို့မို့သွင်က အနည်းဆုံးအခကြေးငွေသတ်မှတ်ရာတွင် သတိပြုရန်အချက်များအကြောင်း၊ လုပ်ငန်းအမျိုးအစားအလိုက် အလုပ်သမားတစ်ဦး တစ်နေ့ကုန်ကျစရိတ် အခြေအနေအကြောင်းနှင့် အနည်းဆုံးအခကြေးငွေ ပြင်ဆင်ထုတ်ပြန်နိုင်ရေးဆောင်ရွက်ရန်အကြောင်း စသည်တို့အား ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မိတ္ထီလာမြို့နယ် ကန်နီကျေးရွာနှင့် အောင်ကန်ကျေးရွာတို့တွင် ချည်မျှင်ရှည်ဝါ အထူးဇုန် ဧက ၁၀၀ စတင် စိုက်ပျိုး

**မိတ္ထီလာ မတ် ၁၄**

မိတ္ထီလာမြို့နယ် ကန်နီကျေးရွာနှင့် အောင်ကန်ကျေးရွာတို့တွင်တို့ မိုးကြိုချည်မျှင်ရှည်ဝါ အထူးဇုန် ဧက ၁၀၀ ကို ဖေဖော်ဝါရီ ၂၆ ရက်မှ စတင်၍ စိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ချည်မျှင်ရှည်ဝါ အထူးဇုန် ဧက ၁၀၀ ၌ စတင်စိုက်ပျိုးစဉ်။

စိုက်ပျိုးရေးဦးစီးဌာနမှ ကျေးလက်နေတောင်သူများ၏ လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လယ်ယာလုပ်ငန်းကို အခြေခံလုပ်ဆောင်နေကြသည့် ကျေးလက်နေပြည်သူများ လယ်ယာလုပ်ငန်းဖြင့် စီးပွားရေးလုပ်ငန်းများ ဦးမော့လာစေရန် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ကျေးလက်ဒေသများတွင် စီးပွားရေးတွက်ချေကိုက်၍ဒေသနှင့် အဆင်ပြေပြီး အထွက်နှုန်းကောင်းသည့် သီးနှံကို ရွေးထုတ်ရာတွင် ဝါသီးနှံမှာ ရာသီဥတုဒဏ်ခံနိုင်ပြီး ဈေးနှုန်းမှာလည်း လျော့နည်းခြင်းမရှိသည့်အတွက် ယခုလို ကန်နီကျေးရွာနှင့် အောင်ကန်ကျေးရွာတို့တွင် တစ်ဆက်တစ်စပ်တည်း ချည်မျှင်ရှည်ဝါ ဧက ၁၀၀ စိုက်ပျိုးဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ချည်မျှင်ရှည်ဝါ စိုက်ပျိုးရာတွင်လည်း ဒေသခံတောင်သူများ မျိုးကောင်းမျိုးသန့်စိုက်ပျိုးရရှိစေရန်နှင့် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်၊ လယ်ကွက်များ၏ ပုံသဏ္ဌာန်၊ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲစိုက်ပျိုးထုတ်လုပ်ရန် စသည့် စိုက်ပျိုးရေးနည်းပညာ သိရှိစေရန် အသိပညာပေး ဆွေးနွေးခြင်းများ၊ သင်တန်းများ ဖွင့်လှစ်ပို့ချခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် တစ်ဆက်တစ်စပ်တည်း ချည်မျှင်ရှည်ဝါ ဧက ၁၀၀ စိုက်ပျိုးရာတွင်လည်း တစ်ဧက ပိဿာတစ်ထောင် ထွက်ရှိရေး စိုက်ပျိုးရေးဝန်ထမ်းများမှ လိုအပ်သည့်နည်းပညာများ ပံ့ပိုးကူညီ၍ဒေသခံတောင်သူများနှင့်အတူ ချည်မျှင်ရှည်ဝါများကို စိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ငြိမ်းက ပြောကြားသည်။

မိတ္ထီလာမြို့နယ်တွင် မိုးကြိုချည်မျှင်ရှည်ဝါ အထူးဇုန် ဧက ၁၀၀ စိုက်ပျိုးလျက်ရှိရာ မိတ္ထီလာကန်ရေဖြင့် ကွင်းအမှတ် ၆၀၆၊ ၆၀၇ တို့တွင် မကျီးစုကျေးရွာနှင့် ကန်နီကျေးရွာတို့မှ တောင်သူ ၃၀ တို့က တစ်ဆက်တစ်စပ်တည်း မိုးကြိုချည်မျှင်ရှည်ဝါ(ရွှေတောင်-၁၀) အထူးဇုန် ဧက ၅၀ ကို စိုက်ပျိုးလျက်ရှိသည်။ ယင်းအပြင် ညောင်ကုန်းဆည်ရေဖြင့် ကွင်းအမှတ် ၁၀၂၇ ၊ ၁၀၂၈ တို့တွင် အောင်ကန်၊ တည်ပင်ကုန်း၊ ဥသျှစ်ကုန်းကျေးရွာများမှ တောင်သူ ၂၈ ဦးတို့မှ တစ်စပ်တစ်ဆက်တည်း(ရွှေတောင်-၈) အထူးဇုန် ဧက ၅၀ ကို စိုက်ပျိုးရေးဝန်ထမ်းများနှင့်အတူ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

# စေတုတ္တရာမြို့နယ် ကျောက်ပုံကျေးရွာ၌ အချိန်ပြည့်လျှပ်စစ်မီးရရှိရေးဆောင်ရွက်မှု ရာနှုန်းပြည့်ပြီးစီး

**စေတုတ္တရာ မတ် ၁၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျောက်ပုံကျေးရွာ၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ထောက်ပံ့ရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် အချိန်ပြည့်လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျောက်ပုံကျေးရွာလျှပ်စစ်မီးရရှိရေးကို ယခင်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေ ဖြင့် ၁၁ ကေဗွီခတ်အားလိုင်းနှင့် ၂၀၀ ကေဗွီအေထရန်စဖော်မာ တည်ဆောက်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပြီး ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်းများ သွယ်တန်းနိုင်မှုမရှိခြင်းကြောင့် မီးမရရှိသေးကြောင်း ယခုအခါ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းထောက်ပံ့ရန်ပုံငွေကျပ် သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၄၅ သိန်းဖြင့် ကျန်ရှိသည့်ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်း ၆၉၉၅ ပေ သွယ်တန်းခြင်းလုပ်ငန်းကို မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၏ နည်းပညာအကူအညီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်က ပြောသည်။ အဆိုပါ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဦးစီးမှူးနှင့် ဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ကျောက်ပုံရွာ၌ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ထားစဉ်။

စေတုတ္တရာမြို့နယ်အတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို ကျောက်ပုံကျေးရွာအပါအဝင် ဖအိုင်းအနောက်ကျေးရွာ၊ ဖျင်ကြီးကျေးရွာ၊ တန့်လည်ကျင်းကျေးရွာတို့တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းထောက်ပံ့ရန်ပုံငွေ ကျပ်သိန်း ၄၀၀၊ ကျေးရွာနေပြည်သူများ၏ လုပ်အား၊ ငွေအားထည့်ဝင်မှုတို့ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သန်းလွင်(မကွေး)

# အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းဆင်းပွဲများ ကျင်းပ

**မုဒုံ**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန မွန်ပြည်နယ် မုဒုံမြို့အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းအမှတ်စဉ်(၁)နှင့် မွန်ရိုးရာလက်ရက်ကန်းသင်တန်း အမှတ်စဉ်(၁၈)ဆင်းပွဲ အခမ်းအနားကို မတ် ၁၃ ရက်က အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေထွဋ်ဦးက အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းမှ သင်တန်းထူးချွန်ပထမဆုရရှိသူအား အပ်ချုပ်စက်တစ်လုံးဆုချီးမြှင့်ခဲ့ပြီး အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းမှ ကျောင်းအုပ်က သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်သည်။

အဆိုပါသင်တန်းတွင် အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းသူ ၄၇ ဦးနှင့် မွန်ရိုးရာလက်ရက်ကန်းသင်တန်းသူသုံးဦး တက်ရောက်သင်ကြားခဲ့ပြီး သင်တန်းကာလမှာ ၁၈ ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**ကွန်ဟိန်း**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ကွန်ဟိန်းမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၏ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းအမှတ်စဉ် (၁) ဆင်းပွဲကို မတ် ၁၃ ရက်က အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ စစ်ဗျူဟာအဖွဲ့(အခြေချ)မှ ဗိုလ်မှူးကြီး အောင်ကိုဝင်းကသင်တန်းဆင်း အမှာစကားပြောကြားသည်။

ထို့နောက် ထူးချွန်ဆုပေးအပ်ရာတွင် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ရှမ်းပြည်နယ်ဦးစီးမှူး ဦးရွှေဝင်းက အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းအမှတ်စဉ်(၁)တွင် ထူးချွန်ပထမဆုရရှိသူ မယဉ်ယဉ်ဝေအား အပ်ချုပ်စက်တစ်လုံးပေးအပ်၍ သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းကျောင်းမှ ကျောင်းအုပ် ဒေါ်နန်းငွေလှက ပေးအပ်သည်။

အဆိုပါ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းအမှတ်စဉ်(၁)တွင် သင်တန်းသူ ၅၀ တက်ရောက်သင်ကြားခဲ့ပြီး သင်တန်းကာလမှာ ၁၈ ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

၀၀၇

**မတူပီ**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန မတူပီမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၁)သင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၁၃ ရက်က မတူပီမြို့ အိမ်တွင်းမှုသင်တန်းကျောင်းခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ကျော်က အမှာစကားပြောကြားပြီး သင်တန်းထူးချွန်ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကာ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းမှ ကျောင်းအုပ် ဒေါ်လျန်ဒိုမာန်က သင်တန်းဆင်းလက်မှတ်ကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၁) သင်တန်းတွင် သင်တန်းသူ ၅၀ တက်ရောက်သင်ကြားကြပြီး နယ်ဝေးဒေသများမှ လာရောက်သင်ကြားသည့် သင်တန်းသူများကိုလည်း အပြန်စရိတ်များ ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

ခင်သူဇာမျိုး(ပြန်/ဆက်)



ရေတာရှည်မြို့နယ် ကြံသီးနှံမျိုးသန့်ခြံ(ဘိုးတော်ကုန်း) ရှိ ကြံစိုက်ခင်းများအား အစက်ချရေသွင်းနည်းစနစ်နှင့် မြေဩဇာကျွေးခြင်း၊ အပင်ပြုစုနည်းများ ကွင်းပြပွဲကို မတ် ၁၀ ရက်က ပြုလုပ်ရာ နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန သကြားထွက်သီးနှံဌာနခွဲမှ တာဝန်ရှိသူများ၊ ခရိုင်/ မြို့နယ်မှ ဝန်ထမ်းများနှင့် ဒေသခံတောင်သူများက ရေသွင်းနည်းစနစ်များ၊ မြေဩဇာကျွေးနည်းများနှင့် အပင်ပြုစု နည်းစနစ်များကို ကြည့်ရှုလေ့လာကြစဉ်။

မောင်ကျော်ကြီး

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် တောင်ကြီးမြို့မဈေးမှ ဈေးသူဈေးသားများနှင့် တွေ့ဆုံ

**တောင်ကြီး မတ် ၁၄**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်သည် မတ် ၁၃ ရက်က တောင်ကြီးမြို့ မြို့မဈေးနှင့် City Square သို့ သွားရောက်၍ ဈေးသူဈေးသားများအား တွေ့ဆုံပြီး ကိုရိုနာဗိုင်းရပ်စ်(COVID-19) ကာကွယ်ရေးနှင့် ပတ်သက်သည့် သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး၊ ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်၊ ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်၊ ပြည်နယ်ဥပဒေချုပ် ဦးတင်ဦး၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးစိုးစိုးဇော်နှင့် တာဝန်ရှိသူများနှင့်အတူ ဈေးအတွင်း လှည့်လည်ကြည့်ရှုကြပြီး**(ယာပုံ)** ဈေးသူဈေးသားများအား ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုဖြစ်နိုင်သည့် နည်းလမ်းများနှင့် ရောဂါကာကွယ်နိုင်သည့် နည်းလမ်းများကိုရှင်းလင်းပြောကြားခဲ့သည်။ **စိုင်းသန်းကျော်(တောင်ကြီး)**



# ပုခူးတိုင်းဒေသကြီး၌ COVID-19 ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်တွင် အသုံးပြုရန် အလှူငွေများ လှူဒါန်း

**ပဲခူး မတ် ၁၄**

ပဲခူးတိုင်းဒေသကြီးအတွင်း ကိုရိုနာဗိုင်းရပ်စ် (COVID -19) ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် အလှူငွေ ကျပ်သိန်း ၁၀၀၀ ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ရန်ကုန်)က ပဲခူးတိုင်းဒေသကြီး ကျန်းမာရေး ဦးစီးဌာနထံသို့ မတ် ၁၃ ရက်က လာရောက်လှူဒါန်းခဲ့သည်။



ပဲခူးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် လှူဒါန်းပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟို အလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးဉာဏ်ဝင်းက အလှူငွေ ပေးအပ်လှူဒါန်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အလှူငွေကို ပဲခူးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေးထံ ပေးအပ်ကာ ဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ **(ဝဲပုံ)**

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ကိုရိုနာဗိုင်းရပ်စ် (COVID-19) ကူးစက်မှုကို ကာကွယ်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်အဆင့် ဆောင်ရွက်နေမှု အခြေအနေများနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း၌ တိုင်းဒေသကြီးအဆင့် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြား၍ အလှူငွေ ပေးအပ်လှူဒါန်းခြင်းအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

**တင်စိုး(ပဲခူး)**

# ချင်းပြည်နယ်အတွင်း ဆောင်ရွက်မည့် အမျိုးသားဓာတ်အားရရှိရေးစီမံကိန်းတွင် ပူးပေါင်းထည့်ဝင်မည့် အီတလီအတိုးမဲ့ချေးငွေအကြောင်း မိတ်ဆက်ရှင်းလင်း

**ဟားခါး မတ် ၁၄**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ချင်းပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းတွင် ပူးပေါင်းထည့်ဝင်မည့် အီတလီ အတိုးမဲ့ချေးငွေ အကြောင်း မိတ်ဆက်ရှင်းလင်းပွဲကို မတ် ၁၂ ရက်က ဟားခါးမြို့ရှိ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှင်းလင်းပွဲတွင် ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာစေရန် ဦးစားပေး၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခင်က သွားလာရေး ခက်ခဲခဲ့သော ဒေသများတွင် လမ်းပန်းဆက်သွယ်ရေးကဏ္ဍနှင့်အတူ လျှပ်စစ်မီးလင်းရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍများပါ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်လျက်ရှိကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်းက ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၄၀ ဖြင့် ဆောင်ရွက်လျက်ရှိသည့် အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း၏ မဟာဓာတ်အားလိုင်းပြင်ပစနစ် (Off-grid)တွင် Co-Financing အဖြစ် အီတလီအစိုးရမှ အတိုးမဲ့ ချေးငွေ ပူးပေါင်းထည့်ဝင်ခြင်းဖြစ်ကြောင်း၊ ချေးငွေပမာဏမှာ ယူရို သန်း ၃၀ ဖြစ်ပြီး ချေးငွေကာလမှာ ဆိုင်းငံ့ကာလ ၁၈ နှစ်နှင့် ပြန်လည်ပေးဆပ်ရမည့်ကာလ ၁၀ နှစ် အပါအဝင် ၂၈ နှစ်ဖြစ်ကြောင်း၊ စီမံကိန်းကာလမှာ ၂၀၁၉-၂၀၂၀ မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အထိဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် အီတလီအစိုးရမှ တာဝန်ရှိသူ Mr.Alessandro နှင့် ကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူ ဦးမျိုးမြင့်တို့က အတိုးမဲ့ချေးငွေဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတိုးဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးကာ ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

အဆိုပါစီမံကိန်း၏ မျှော်မှန်းချက်အနေဖြင့် ချင်းပြည်နယ်အတွင်းနှင့် ပြည်နယ်နှင့် နယ်နိမိတ်ထိစပ်နေသော ဒေသများတွင် အိမ်သုံးဆိုလာစနစ်ဖြင့် အိမ်ခြေ ၉၀၀၀၀ နှင့် အသေးစားဓာတ်အားစနစ် (Mini-grid System)ဖြင့် အိမ်ခြေ ၆၅၀၀ အတွက် လျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စွာ(ပြန်/ဆက်)**

# ခင်ဦးမြို့နယ်၌ ကျေးရွာလျှပ်စစ်မီးလင်းရေးဖွင့်ပွဲ ကျင်းပ

**ခင်ဦး မတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် အောင်သာကျေးရွာ၌ အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းအရ ဆောင်ရွက်ပြီးစီးခဲ့သော လျှပ်စစ်မီးလင်းရေး လုပ်ငန်းဖွင့်ပွဲကို မတ် ၁၃ ရက်က ကျင်းပရာ တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သင်းသင်းကြူနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်တို့က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ထရန်စဖော်မာကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ခင်ဦးမြို့နယ်၌ ကျေးရွာများ လျှပ်စစ်မီးရရှိရေးအတွက် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် အမျိုးသားလျှပ်စစ် ဓာတ်အားရရှိရေးစီမံကိန်း ပထမအဆင့်ကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် စီမံကိန်းကို ၁၁ ကေဗွီဓာတ်အားလိုင်းမှ နှစ်မိုင်အတွင်းရှိသော ကျေးရွာပေါင်း ၄၁ ရွာ၌ ဆောင်ရွက်လျက်ရှိပြီး ယနေ့အထိ ကျေးရွာ ၃၇ ရွာ၌ လျှပ်စစ်မီးရရှိပြီဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာထံမှ သိရသည်။ **စိုးဝေအောင်(ခင်ဦး)**

# အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း သင်တန်းများဆင်းပွဲ လွိုင်ကော်၌ကျင်းပ

**လွိုင်ကော် မတ် ၁၄**

ကယားပြည်နယ် လွိုင်ကော်မြို့ရှိ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာ သင်တန်းကျောင်း၌ ဖွင့်လှစ်ခဲ့သော အဆင့်မြင့် အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၁)၊ ကယားရိုးရာ ဂျပ်ခုတ်သင်တန်း အမှတ်စဉ်(၁၈)နှင့် အခြေခံ သိုးမွေးစက်ဆွဲသင်တန်း အမှတ်စဉ်(၁၅)သင်တန်းများ ဆင်းပွဲကို မတ် ၁၃ ရက်က ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက သင်တန်းသူများအနေဖြင့် သင်ယူထားသည့်ပညာရပ်များနှင့် ကိုက်ညီသည့် လုပ်ငန်းများကို တည်ထောင် လုပ်ကိုင်နိုင်အောင် ကြိုးပမ်းကြရန်နှင့် ယခုလိုသင်တန်းကို မတက်ရောက်ရသေးသူများကိုလည်း သင်တန်းတက်ရောက်နိုင်သည့် အခွင့်အရေးများရှိသည်ကို တစ်ဆင့်စကား ပြောကြားကြစေလိုကြောင်း၊ သင်တန်းတွင် သင်ကြားပို့ချပေးသည့် ဆရာ ဆရာမများကိုလည်း ကျေးဇူးတင်ရှိကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် သင်တန်း ဘာသာရပ်အလိုက် ထူးချွန်သည့် သင်တန်းသူများအား အပ်ချုပ်စက်နှင့် ဆုငွေများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေးအပ်ပြီး သင်တန်းဆင်းလက်မှတ်များကို ကျောင်းအုပ်ကြီး ဒေါ်မြမြအေးက ပေးအပ်ခဲ့ကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက သင်တန်းသူများ ကိုယ်တိုင် ချုပ်လုပ်ထားသည့် အထည်များကို လိုက်လံကြည့်ရှု အားပေးခဲ့သည်။

**ကိုစိုင်း(လွိုင်ကော်)**

# အမျိုးသားပို့ကုန်မဟာဗျူဟာဆိုင်ရာ ဆွေးနွေးညှိနှိုင်းပွဲများ ထားဝယ်မြို့နှင့် မြိတ်မြို့၌ ကျင်းပ

**ထားဝယ် မတ် ၁၄**

တနင်္သာရီတိုင်းဒေသကြီးမှ ဒေသခံ စီးပွားရေးလုပ်ငန်းများ၏ ပို့ကုန်ဆောင်ရွက်ချက်ကို တိုးမြှင့်ရန်အတွက် မဟာဗျူဟာကျ အခွင့်အရေးများကို အတည်ပြုအကောင်အထည်ဖော်ရန်အတွက် အမျိုးသားပို့ကုန် မဟာဗျူဟာ(NES) ၂၀၂၀-၂၀၂၅ ဆွေးနွေးညှိနှိုင်းပွဲကို မတ် ၁၀ ရက်က မြိတ်မြို့ မြင့်မိုရ်ဟိုတယ်နှင့် မတ် ၁၁ ရက်က ထားဝယ်မြို့ Diamond Crown ဟိုတယ်တို့၌ ကျင်းပခဲ့သည်။

ထားဝယ်မြို့၌ကျင်းပသည့် ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဒေါ်ရီရီချိုက တနင်္သာရီတိုင်းဒေသကြီးသည် စိုက်ပျိုးရေး၊ ရေထွက်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ ပုလဲမွေးမြူရေးလုပ်ငန်း၊ ငှက်သိုက်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် သစ်သီးဝလံကဲ့သို့ အဓိကကျသည့် မြန်မာ့ပို့ကုန်များကို ထုတ်လုပ်နေပြီး အချက်အချာကျသော တိုင်းဒေသကြီးဖြစ်၍ အမျိုးသားပို့ကုန် မဟာဗျူဟာ(NES) ၂၀၂၀-၂၀၂၅ တွင် ကဏ္ဍအလိုက် မဟာဗျူဟာများ ရေးဆွဲသည့်အခါ အထောက်အကူဖြစ်စေရန်အတွက် လာရောက်တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း၊ အစည်းအဝေးတက်ရောက်ကြသော သက်ဆိုင်ရာ ကဏ္ဍအလိုက် ကျွမ်းကျင်သူများ၏ အကြံဉာဏ်နှင့် ပညာရပ်ပိုင်းဆိုင်ရာ လမ်းညွှန်မှုများကို ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် တိုင်းဒေသကြီး၏ ထုတ်လုပ်မှုနှင့် ပို့ကုန်ကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးက မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သည် ပို့ကုန်မြှင့်တင်ရေး လုပ်ငန်းတာဝန်များအပြင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန်လွယ်ကူရေးတို့ကို တာဝန်ယူ ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် မြန်မာ့ပို့ကုန်များ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာဈေးကွက်တွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် အမျိုးသားအဆင့် ပို့ကုန်မဟာဗျူဟာကို ၂၀၁၃ ခုနှစ်က စတင်ရေးဆွဲခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် အကောင်အထည်ဖော်ခဲ့ကြောင်း၊ ၂၀၁၅ မှ ၂၀၁၉ အတွင်း ဦးစားပေးကဏ္ဍကြီး ၁၁ ရပ်ကို ရွေးချယ်ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းရှင်များ၏ တောင်းဆိုချက်အရ ကဏ္ဍအသစ်(၅)ရပ်ကို ထပ်မံထည့်သွင်းခဲ့ကြောင်း၊ ၂၀၂၀ မှ ၂၀၂၅ အထိ ငါးနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့် ကဏ္ဍကြီး (၁၈)ရပ်ရှိရာ မဟာဗျူဟာများရေးဆွဲရာတွင် အထောက်အကူပြုနိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ထည့်သွင်းပါဝင်သင့်သည့် အချက်အလက်များကို ညှိနှိုင်းရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက ရေထွက်လုပ်ငန်းကဏ္ဍ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ကဏ္ဍ၊ စားသောက်ကုန်ထုတ်လုပ်ခြင်းကဏ္ဍ၊ ရော်ဘာကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာကဏ္ဍ စသည်တို့နှင့် ပတ်သက်၍ အကြံပြု ဆွေးနွေးခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**

# ဒေးဒရဲမြို့၌ သဘာဝဘေးအန္တရာယ် ကြိုတင်သတိပေးခြင်းနှင့် ဆောလျင်စွာ တုံ့ပြန်ဆောင်ရွက်ခြင်းသင်တန်းဖွင့်

**ဒေးဒရဲ မတ် ၁၄**

ဒေးဒရဲမြို့နယ် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အမေရိကန်ကြက်ခြေနီအသင်းတို့ ပူးပေါင်း၍ သဘာဝဘေးအန္တရာယ် ကြိုတင်သတိပေးခြင်းနှင့် ဆောလျင်စွာ တုံ့ပြန်ဆောင်ရွက်ခြင်းသင်တန်းကို ဒေးဒရဲတံတားချဉ်းကပ်လမ်းရှိ သုခဝတီခန်းမ၌ ယမန်နေ့ နံနက် ၉ နာရီက ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် မြို့နယ်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ မြို့နယ်တပ်ဖွဲ့မှူး ဦးနေဝင်းအောင်က သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက ကြိုတင်သတိပေးချက်များကို ရယူနည်း၊ ချိတ်ဆက်ရမည့် ဌာနများနှင့် ကြိုတင်ပြင်ဆင်ရမည့် နည်းလမ်းများ သင်ကြားပို့ချခဲ့သည်။ သင်တန်းတွင် ကျေးရွာများရှိ သင်တန်းသား၊ သင်တန်းသူ ၃၀ တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ မတ် ၁၃ ရက်မှ ၁၅ ရက်အထိ ဖြစ်သည်။ **မြင့်မြင့်ခိုင်(ပြန်/ဆက်)**

## ထန်းတပင်မြို့နယ်အတွင်းမှ ကျေးရွာသုံးရွာ၌ ကျေးလက် ရေသန့်စင်စနစ် ဆောင်ရွက်နေ

**ထန်းတပင် မတ် ၁၄**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်အတွင်း၌ နွေရာသီ သောက်သုံးရေ ပြတ်လပ်မှုများ မဖြစ်ပေါ်စေရေးနှင့် ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေများ ရရှိစေရေးအတွက် မြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် ကျေးလက် ရေသန့်စင်စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနေကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

"ရေတွင်းကုန်းကျေးရွာ၊ ရေပေါ်သောင်ကျေးရွာနဲ့ ဘိုးနတ်ပေးကျေးရွာတွေမှာ ရေသန့်စင်စနစ်ကို ၂၀၂၀ မတ်လ ပထမပတ်ကစပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးနေတာပါ၊ လာမယ့်နှစ်တွေမှာလည်း နောက်ထပ် ကျေးရွာ ၁၀ ရွာမှာ ထပ်မံ အကောင်အထည်ဖော်ပေးဖို့ကိုလည်း စီစဉ်ဆောင်ရွက်နေပါတယ်"ဟု ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအေးနိုင်က ပြောသည်။

ကျေးလက်ရေသန့်စင်စနစ်ကို အကောင်အထည်ဖော်ရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တင်ဒါစနစ်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အဆိုပါ ရွာသုံးရွာ၌ ရေသန့်စင်စနစ်တည်ဆောက်ခြင်း လုပ်ငန်းကို တင်ဒါအောင်မြင်ထားသည့် Hyper Myanmar Relief International ကုမ္ပဏီက ကျေးရွာတစ်ရွာလျှင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၁၉ ဒသမ ၉၁၆ သန်းဖြင့် တာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများ လျင်မြန်စွာပြီးစီးစေရေးအတွက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကျေးရွာသုံးရွာအပြင် ထန်းတပင်မြို့နယ်အတွင်းမှ အခြား ကျေးရွာများ၌ နွေရာသီကာလ ရေရှားပါးပြတ်လပ်မှု အခက်အခဲများ ဖြစ်ပေါ်လာပါက ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး ဖုန်း-၀၁-၆၁၉၀၀၅၊ မြို့နယ်ဦးစီးမှူး ဦးအေးနိုင် ဖုန်း-၀၉-၅၂၈၀၄၉၇ နှင့် အငယ်တန်းအင်ဂျင်နီယာ(၃) ဦးရဲလင်းထိုက် ဖုန်း-၀၉-၄၂၀၁၃၃၂၅၈ တို့ထံသို့ ဆက်သွယ်၍လည်း အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

## ရန်ကုန်စတော့အိတ်ချိန်းတွင် မတ် ၂၀ ရက်မှစ၍ နိုင်ငံခြားသားများ အစုရှယ်ယာရောင်းဝယ်နိုင်မည်

**ရန်ကုန် မတ် ၁၄**

ရန်ကုန်စတော့အိတ်ချိန်းမှ စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများ နေ့စဉ် အရောင်းအဝယ် ပြုလုပ်ရာတွင် မတ် ၂၀ ရက်မှစတင်၍ နိုင်ငံခြားသားများ အရောင်းအဝယ်ပြုလုပ်နိုင်မည်ဖြစ်ကြောင်း ရန်ကုန်စတော့အိတ်ချိန်းတွင် မတ် ၁၃ ရက်က ပြုလုပ်သော မီဒီယာရှင်းလင်းပွဲမှ သိရသည်။

ထိုသို့ အရောင်းအဝယ်ပြုလုပ်ရာတွင် ရန်ကုန်စတော့အိတ်ချိန်းအနေဖြင့် မြန်မာနိုင်ငံ ငွေကြေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၏ အမိန့်ကြော်ငြာစာ(၁/၂၀၁၉)အရလည်းကောင်း၊ ညွှန်ကြားချက် အမှတ်(၁/၂၀၂၀)အရလည်းကောင်း စာရင်းဝင် ကုမ္ပဏီတစ်ခုချင်းက သတ်မှတ်မည့် နိုင်ငံခြားသားပါဝင်မှု အချိုးအစားကို ထိန်းသိမ်းဆောင်ရွက်ခြင်းနှင့် စာရင်းထပ်/ စာရင်းပွားများ မဖြစ်စေရေးကို တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

စာရင်းဝင် ကုမ္ပဏီတစ်ခုချင်းအလိုက် ခွင့်ပြုမည့် ရာခိုင်နှုန်းများနှင့် စတင်မည့်နေ့ကို ရန်ကုန်စတော့အိတ်ချိန်း၏ အင်တာနက်စာမျက်နှာတွင် သီးခြား ထုတ်ပြန်မည်ဖြစ်ပြီး စာရင်းဝင်ကုမ္ပဏီတစ်ခုချင်း၏ နေ့စဉ် နိုင်ငံခြားသားဝယ်ယူမည့် ရှယ်ယာပမာဏကိုလည်း အင်တာနက်စာမျက်နှာတွင် နေ့စဉ် ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံခြားသား စာရင်းဖွင့်လှစ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များကိုလည်း ၎င်းစာမျက်နှာမှ ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန် စတော့အိတ်ချိန်းအနေဖြင့် နိုင်ငံခြားသားများ ဝယ်ယူထားပြီးသည့် လချုပ်စာရင်းကို မြန်မာနိုင်ငံ ငွေကြေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ထံသို့ တင်ပြမည်ဖြစ်ပြီး နိုင်ငံခြားသားများ ပူးပေါင်းပါဝင်မှုကိစ္စကို ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများ သိရှိလာစေရေးအတွက် နိုင်ငံခြား ကုန်သည်ကြီးများအသင်းနှင့် စက်မှုလုပ်ငန်းများ ပူးပေါင်းကာ ဈေးကွက်မြှင့်တင်ရေးများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ငွေကြေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်သည် ရန်ကုန်စတော့အိတ်ချိန်း၌ စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများ နေ့စဉ် အရောင်းအဝယ်ပြုလုပ်ရာတွင် နိုင်ငံခြားသားများ ပါဝင်ဆောင်ရွက်ခြင်းဆိုင်ရာ အချက် ၂၂ ချက်ပါ ညွှန်ကြားချက် အမှတ် ၁/၂၀၂၀ ကို မတ် ၆ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာထားခဲ့ပြီးဖြစ်သည်။

ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - ထိန်လင်း



ရန်ကုန်စတော့အိတ်ချိန်းတွင် မီဒီယာရှင်းလင်းပွဲ ပြုလုပ်နေစဉ်။

## အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းဆင်း

**အမ်း မတ် ၁၄**

ရခိုင်ပြည်နယ် အမ်းမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၌ ဖွင့်လှစ်ခဲ့သည့် အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၁) ဆင်းပွဲကို မတ် ၁၃ ရက်က အဆိုပါကျောင်း သင်တန်းခန်းမ၌ ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသူများအား သင်တန်းဆင်း အောင်လက်မှတ်များနှင့် ထူးချွန်သော သင်တန်းသူများအား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

အမ်းမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းတွင် ဒေသခံ အမျိုးသမီးငယ်များအား အသက်မွေးဝမ်းကျောင်း ပညာရပ်များကို ကျောင်းအိပ်ကျောင်းစား စရိတ်ငြိမ်းအဖြစ် သင်ထောက်ကူပစ္စည်း စုံလင်စွာဖြင့် စာတွေ့လက်တွေ့ သင်ကြားပေးနေပြီး သင်တန်းပြီးဆုံးပါက တစ်ပိုင်တစ်နိုင် အလုပ်လုပ်ကိုင်နိုင်ရန်အတွက် အပ်ချုပ်စက်များကိုလည်း သင်တန်းသူများအား သင်တန်းကျောင်းမှ အရစ်ကျစနစ်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း၊ ယနေ့အထိ ဖွင့်လှစ်ခဲ့ပြီးသော အခြေခံအိမ်တွင်းမှု သင်တန်းများမှ သင်တန်းပြီးဆုံးသူ ၄၇၉ ဦး၊ အဆင့်မြင့် စက်ချုပ်သင်တန်း ပြီးဆုံးသူ ၁၅၁ ဦးနှင့် အဆင့်မြင့် အိမ်တွင်းမှု စက်ချုပ်သင်တန်း ပြီးဆုံးသူ ၅၀ ဦးရှိပြီး သင်တန်းမှ ပညာရပ်များဖြင့် ကိုယ်ပိုင် အသက်မွေးဝမ်းကျောင်းအလုပ် လုပ်ကိုင်နေသူများမှာ ၂၃၆ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

ကိုထူး

## ကျေးရွာ ၁၉ ရွာရှိ အများပြည်သူဆိုင်ရာ နေရာများ၌ ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိရေး အခမဲ့ဆောင်ရွက်ပေး

**ပေါင်းတည် မတ် ၁၄**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ်အတွင်းမှ ကျေးရွာ ၁၉ ရွာရှိ အများပြည်သူဆိုင်ရာ နေရာများတွင် အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းအရ တစ်အိမ်သုံးဆိုလာစနစ်ဖြင့် အခမဲ့ လျှပ်စစ်မီးရရှိရေးအတွက် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပေးထားကြောင်း သိရသည်။


တပ်ဆင်ပြီးသော ဆိုလာလမ်းမီးတိုင်တစ်တိုင်ကို တွေ့ရစဉ်။

အများပြည်သူဆိုင်ရာ နေရာများတွင် မီးရရှိရေး ဆောင်ရွက်ခဲ့သော ကျေးရွာ ၁၉ ရွာမှာ ပျဉ်ကြီး၊ မရိုးကျွန်း၊ တောင်ခမောက်၊ ပေါက်ပင်ကွင်း၊ မအူကွင်း၊ လက်ပံခုန်၊ သစ်ပျောက်စမ်း၊ ရွှေဂုံပေါက်၊ ကိုင်းသာ၊ ကျောက်ခွက်စမ်း၊ မြယာစမ်း၊ ရှစ်လုံးတိုက်၊ ကိုင်းကွင်း၊ ပဒက်မြောင်၊ ငါးရှဉ့်ကွင်း၊ လဲပင်၊ ဝွေးတောက်ကွင်း၊ ကျောက်တံခါးနှင့် ရုပ်ဆိုင်ကျေးရွာများဖြစ်ပြီး အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းအရ အများပြည်သူဆိုင်ရာနေရာများဖြစ်သော မူလတန်းကျောင်း ၁၉ ကျောင်း၊ အလယ်တန်းကျောင်း နှစ်ကျောင်း၊ လမ်းမီးတိုင် ၁၄၉ တိုင်၊ ဘာသာရေးအဆောက်အအုံ ၁၉ ခုနှင့် ကျန်းမာရေးအဆောက်အအုံ နှစ်ခုတို့တွင် လျှပ်စစ်မီးရရှိရေးလုပ်ငန်းများကို အခမဲ့ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် တပ်ဆင်ထားသော ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ၏ အရည်အသွေး စံချိန်စံနှုန်းစစ်ဆေးခြင်း လုပ်ငန်းများကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးယုနိုင်လင်းက ဆိုလာများတပ်ဆင်ခဲ့သော Talent and Technology ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ မတ် ၁၃ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ငြိမ်းသူ

## ရေတာရှည် တောင်ပေါ်ဒေသထွက် ငှက်ပျောများဖြိုင်ဖြိုင်ပေါ်ချိန် ဈေးကောင်းရရှိ၍ စိုက်ပျိုးသူများအဆင်ပြေ

**ရေတာရှည် မတ် ၁၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၏ အရှေ့ဘက်တောင်ပေါ်ဒေသများတွင် ကွမ်း၊ ကွမ်းသီး၊ ရော်ဘာ၊ ဒူးရင်း၊ မင်းဂွတ်၊ ငှက်ပျော၊ လိုင်ချီး၊ ဖာလာ အစရှိသော သီးနှံများစွာ စိုက်ပျိုးလျက်ရှိပြီး ဒေသထွက် ရာသီပေါ်သီးနှံများအား ဈေးကွက်သို့ တင်ပို့ရာတွင် တောင်ဖီလာ-ရေနီ၊ ဝွေးသဲ-သာဂရ၊ ရေတာရှည်လေး- ဆွာ၊ ထုံဘိုကြီး-ကရင်ချောင်း-ရေတာရှည် အစရှိသော လမ်းပိုင်းများမှတစ်ဆင့် ဝင်ရောက်ကာ တောင်ငူနှင့် နေပြည်တော် ပျဉ်းမနားဈေးကွက်သို့ တင်ပို့ရောင်းချကြသည်။



### နေ့စဉ် တင်ပို့ပေး

ယခုအချိန်တွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့သို့ တောင်ပေါ်ဒေသ ငှက်ပျောခြံများမှ ထွက်ရှိသော ရခိုင်၊ ဖီးကြမ်းငှက်ပျောများကို နေ့စဉ် တင်ပို့ပေးနေရပြီး တောင်ပေါ်ဒေသများမှ လာရောက်ရောင်းချသူများထံမှ ရခိုင်ငှက်ပျော တစ်ဖီးလျှင် ငွေကျပ် ၃၀၀၊ ဖီးကြမ်းငှက်ပျော တစ်ဖီးလျှင် ငွေကျပ် ၅၀၀ အလုံးဈေးဖြင့် ဝယ်ယူလျက် ရှိကြောင်း ငှက်ပျောအဝယ်ဒိုင်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

### မြို့တွေကို ပြန်ဖြန့်

"အရှေ့ တောင်ပေါ်ကနေဆိုင်ကယ်ခွခြင်းတွေနဲ့ တစ်နေ့ကို အစီးရေ ၂၀ ကျော်လောက်လာတယ်။ ငှက်ပျောဖီးရေ နှစ်ထောင်လောက်ပေါ့။ အဓိက တင်ပို့တာကတော့ မြင်းခြံကိုပို့တယ်။ မြင်းခြံကနေ တစ်ဆင့် မလှိုင်၊ တောင်သာ အခြားမြို့တွေကို ပြန်ဖြန့်တာပါ" ဟု ၎င်းက ဆက်လက်ပြောသည်။

### အဆင်ပြေလျက်ရှိ

ထို့အတူ လယ်ယာစိုက်ပျိုးကြသော တောင်သူများလည်း လယ်ယာမြေနှင့်ထိစပ်လျက်ရှိသော မြေနေရာများ၊ မြေလွတ်များတွင် ငှက်ပျောများကို ရာနှင့်ချီကာ စိုက်ပျိုးထားကြရာ ယခုလို ငှက်ပျောပေါ်ချိန်၌ အပိုဝင်ငွေရရှိ၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

သန်းလွင်(ဆွာ)

## ကွင်းဆင်းတီဘီရောဂါရှာဖွေဖော်ထုတ် ကုသပေး

**စေတုတ္တရာ မတ် ၁၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် တယ်ဇားအုပ်စုရှိ ကျေးရွာများတွင် ကွင်းဆင်းတီဘီရှာဖွေဖော်ထုတ်ကုသပေးခြင်းကို တယ်ဇားကျေးရွာ၌ ယနေ့နံနက် ၈ နာရီက အခမဲ့ကုသခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးကြည့်ရှုရာတွင် မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန တီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း ကွင်းဆင်းတီဘီရောဂါရှာဖွေကုသရေးအဖွဲ့ ဒေါက်တာသဥ္စာမင်း ဦးဆောင်သော အဖွဲ့ဝင် ၁၂ ဦးနှင့် မြို့နယ်ကျေးလက်ကျန်းမာရေးဌာနမှဝန်ထမ်းများက မိဘပြည်သူများအား ကွင်းဆင်းတီဘီရောဂါရှာဖွေဖော်ထုတ်ရန်အတွက် အဆင့်မြင့်ဓာတ်မှန်စက်ကြီးများဖြင့် အခမဲ့ ဓာတ်မှန်ရိုက်ပေးခြင်း၊ သလိပ်စစ်ဆေးပေးခြင်းအပြင် အထွေထွေရောဂါများကိုလည်း လိုအပ်သလို အခမဲ့ကုသပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပေါက်ပေါက်(ပြန်/ဆက်)

## အများအားဖြင့် သာယာမည်

**နေပြည်တော် မတ် ၁၄**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မိုး/ဇလ

**တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ**
**အင်ဂျင်နီယာသင်တန်းသားများ**
**အလိုရှိသည်**

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၉-၃-၂၀၂၀** ရက်နေ့မှ စတင်၍ **၂၃-၅-၂၀၂၀** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ**။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ **၂၀၂၀ ပြည့်နှစ်၊ မေလ ၂၄ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို ဟိုပုံးမြို့(တောင်ကြီးခရိုင်)တွင်လူတွေ့စစ်ဆေးမည်။ လူတွေ့အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းနှင့်သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် **၂၆-၆-၂၀၂၀** မှ **၂၇-၆-၂၀၂၀** ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊လမ်း ဒါယကာကြီး

# ဦးစိုးမင်း

### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းစက်မြေရပ်ကွက်၊ ထီးတန်း ၂လမ်း၊ အမှတ် ၃(မြေညီထပ်)နေ (ဦး ဘို-ဒေါ်ကြွေ)တို့၏သား၊ (ဦးမြမောင်-ဒေါ်လှရင်)တို့၏သားသမက်၊ (ဒေါ်ညွန့်တင်)၏ချစ်လှစွာသော ခင်ပွန်း၊ ဦးမြင့်ကြူ-ဒေါ်တင်တင်စိုး၊ ဦးတင်မောင်စိုး-ဒေါ်စန်းယု၊ (ဦးခင်မောင်စိုး)-ဒေါ်ခင်မာချို၊(ဦးမောင်မောင်စိုး-ဒေါ်ဝါဝါလွင်)၊ (ဦးလှထွေး-ဒေါ်ခင်ခင်စိုး)၊ ဗိုလ်မှူးတင်အောင်စိုး(ငြိမ်း)-ဒေါ်ကေသွယ်ဝင်း၊ ဗိုလ်ကြီးခင်အောင်စိုး(ငြိမ်း)-ဒေါက်တာအိအိချို၊ ဦးခွန်စိုင်း-ဒေါ်ယဉ်ယဉ်စိုးမင်းတို့၏ ဖခင်၊ မြေး ၁၀ ယောက်၊ မြစ်၁၁ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၃-၃-၂၀၂၀ရက် (သောကြာနေ့)နံနက် ၇:၂၀ နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၂၀ရက် (တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအား ရည်စူး၍ ၁၉-၃-၂၀၂၀ ရက်(ကြာသပတေးနေ့) နံနက်၇နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

# ဒေါ်မြင့်ကြည်

### အသက်(၈၀)

တောင်ကြီးမြို့နေ (ဦးအုံ-ဒေါ်မြ)တို့၏သမီး၊ ကြံခင်းမြို့နေ (ဦးချစ်ဦး-ဒေါ်ထွေး)တို့၏ချွေးမ၊ ရန်ကုန်မြို့နေ (ဗိုလ်မှူးသန်းဌေး)၏ဇနီး၊ (ဦးရွှေထူး-ဒေါ်နန်းမေဝင်း)၊(ဦးမြစိုး)-ဒေါ်တင်ရီတို့၏ညီမ၊(ဒေါ်ခင်မြင့်)၊ (ဒေါ်ခင်လေး)၊ ဦးထွန်းဝင်း-ဒေါက်တာနန်းခမ်းလှိုင်ကော်၊ (ဦးခင်မောင်ဝင်း)-ဒေါ်ခင်သန်းထွေးတို့၏အစ်မ၊ ဦးသီဟဌေး-ဒေါ်ဝင်းဝင်းဝါ၊ ရဲမှူးသူရိန်ထွန်း-ဒေါ်ဥမ္မာဌေးတို့၏မိခင်၊ မောင်ထွဋ်မြတ်ဌေး၊ မသီဂီကျော့စံ၊ မခိုင်သီရိဇွန်၊ မစုမြတ်ထက်စံတို့၏အဘွားသည် ၁၃-၃-၂၀၂၀ရက် (သောကြာနေ့)နံနက်၉:၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့်ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၅:၅၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၉-၃-၂၀၂၀ရက်(ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

### သက်တော်ရှည်ဆရာတော်

# ဦးသူရိယ

### သက်တော်(၉၇)နှစ်၊ သိက္ခာတော်(၅၇)ဝါ

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ သီရိမင်္ဂလာကျောင်းတိုက်၊ ပဓာန နာယက ဆရာတော် ဦးသူရိယသည်(၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်) ၁၃-၃-၂၀၂၀ရက်(သောကြာနေ့) နံနက် ၄နာရီတွင် သီရိမင်္ဂလာကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်) ၁၇-၃-၂၀၂၀ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂:၃၀နာရီတွင် သီရိမင်္ဂလာကျောင်းတိုက်၌ အန္တိမအဂ္ဂိစျာပနပူဇာသဘင်အခမ်းအနားဆင်ယင်ကျင်းပပြီး ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့် သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**စျာပနကျင်းပရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7C/8314 Toyota Celsior UCF 39 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဌေး ၇/ပမန(နိုင်)၁၁၉၅၂၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မိတ္ထီလာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ယ/၈၃၀၈၈ Honda Scoopy-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုလှိုင်နှင်း ၉/မထလ(နိုင်)၂၆၇၄၀၂ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မိတ္ထီလာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 10W/95750 Honda Wave -100 ယာဉ်လက်ဝယ်ရှိသူ ဦးလှမိုး ၉/တကန(နိုင်)၀၉၃၃၂၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မိတ္ထီလာ)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2L/4651 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3E/7725, Suzuki Swift ZC 71S Hatch Back (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးအေးလင်းကိုကို ၁၂/သကတ (နိုင်) ၁၄၂၅၈၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5P/2364 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။ **ကညန၊ တိုင်းရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5G/9633 Toyota KLUGER SW(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမြင့် ၁၂/ဥကတ(နိုင်) ၁၁၄၆၁၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၁၊ မြေကွက်အမှတ် ၁၄၂၊ မြေကွက်တည်နေရာအမှတ် ၁၄၂၊ သိမ်ချောင်းရှမ်းလမ်း၊(၂၁)ရပ်ကွက်၊ ဒဂုံတောင်၊ ဦးညီညီထွန်း ၁၂/ဒဂန(နိုင်)၀၂၃၇၇၃ အမည်ပေါက်မြေအား ဂရန်မြေအမည်ပေါက် ဦးညီညီထွန်း ညီဖြစ်သူ လူပျိုကြီးဘဝဖြင့် (ကွယ်လွန်)၍ အစ်ကိုရင်းဖြစ်သူ ဦးမောင်မောင်ထွန်း ၁၂/ဒဂန(နိုင်)၀၂၆၄၈၆မှ ညီဖြစ်သူ ဦးညီညီထွန်း၊ ညီမဖြစ်သူ ဒေါ်အေးအေးထွန်းတို့ လူပျိုကြီး၊ အပျိုကြီးဘဝဖြင့် ကွယ်လွန်ကြောင်း ကျမ်းကျိန်လွှာအမှတ် ၁/၂၁၀၈/၂၀၂၀ (၁၇-၁-၂၀၂၀)၊ ထပ်ဆင့်ကျမ်းကျိန်လွှာ(၂)စောင်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ညီဖြစ်သူ၊ ညီမဖြစ်သူတို့၏ သေစာရင်း၊ ဂရန်မူ ရင်း၊ ခရစ်ယာန်ဘာသာကိုးကွယ်သူဖြစ်၍ သေတမ်းစာရေးသားခဲ့ခြင်းမရှိကြောင်း တင်ပြသဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးရာ ပျဉ်ကာ/ သွပ်မိုး(၁)ထပ်အိမ်ဖြစ်ပြီး ကိုယ်တိုင်နေထိုင်ကြောင်း တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံရာဇဝင်လျှောက်ထားလာခြင်းကို တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်လုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ဦးသိန်းလှိုင်

### လ/ထညွှန်ကြားရေးမှူး (နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန)

### အသက်(၈၂)နှစ်

ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ အေ-၆လမ်း၊ တိုက်အမှတ်(၉)၊ အမှတ်(၁၀၂)နေ (ဦးသာလှိုင်-ဒေါ်သိန်း)တို့၏သား၊ (ဦးမောင်ထွန်း-ဒေါ်နုတင်)တို့၏သားသမက်၊ ဒေါ်ခင်မြင့်ရီ (ရုံးအဖွဲ့မှူး၊ စီမံ/ဘဏ္ဍာဝန်ကြီးရုံး-ငြိမ်း)၏ခင်ပွန်း၊ ဒေါ်သီသီလှိုင်၊ ဦးသစ်လွင်-ဒေါ်နီနီလှိုင်၊ ဦးသန့်ဇော်-ဒေါ်ဥမ္မာလှိုင်၊ ဗိုလ်မှူးဇော်လွင်ဦး(ငြိမ်း)-ဒေါ်နုနုလှိုင်တို့၏ဖခင်၊ မြေးသုံးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၃-၃-၂၀၂၀ရက် ည ၇:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ကျီစုသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအား ရည်စူး၍ ၁၉-၃-၂၀၂၀ရက် (ကြာသပတေးနေ့) တွင်အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အရောင်းကိုယ်စားလှယ်ကြီးများနှင့် အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်တွင်တည်ထောင်ဖွင့်လှစ်ထားသော G.F Shwe La Win Family Co,Ltd မှဒါရိုက်တာ ဦးနေဝင်းလင်း ၉/မထလ(နိုင်)၀၇၄၄၆၈ ၏ လွှဲအပ်ညွှန်ကြားချက်အရအောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

G.F Shwe La Win Family Co,Ltd မှထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသော Golden Fish ဟင်းခတ်အချိုမှုန့်များကို စားသုံးသူကာ ကွယ်ရေးဥပဒေနှင့် မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးကွပ်ကဲမှုဦးစီးဌာန၏ သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ အိတ်ခွံများပေါ်တွင် မြန်မာဘာသာဖြင့် မှန်ကန်သောအလေးချိန်များ၊ သတင်းအချက်အလက်များကိုထည့်သွင်းဖော်ပြ၍ ထုတ်လုပ်ဖြန့်ဖြူးသွားမည်ဖြစ်ပါသည်။ မူလအရည်အသွေးအတိုင်းထုတ်လုပ်ထားခြင်းကြောင့် ယုံကြည်စိတ်ချစွာဖြင့် ဝယ်ယူရောင်းချနိုင်ပါ ကြောင်းအသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

**ဒေါ်နွယ်နီအောင်(LL.B, LL.M, D.I.R)** **ဒေါ်ခိုင်ခိုင်ထွန်း (LL.B, DIPL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၄၈)** **အထက်တန်းရှေ့နေ(စဉ်-၄၆၉၆၄)**
**အမှတ်(၂၇/၂၉)၊ ဒုထပ်၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၀၅၈၃၅၈၊ ၀၉-၆၉၇၃၃၁၃၅၅**

## အများသိစေရန် ကြေညာခြင်း

မိခင် ဒေါ်စန်းမြင့် ၁၂/သကတ(နိုင်)၁၀၆၆၉၄ ပိုင်ဆိုင်သော မြေကွက်အမှတ် ၅၃၁၊ အိမ်အမှတ် ၂၀၊ အနော်မာ ၂၁လမ်းအနောက်၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ရှိ (အလျား ပေ၂၀xအနံ ပေ၆၀) အကျယ်အဝန်းရှိ အိမ်ခြံမြေအား သမီး ဒေါ်ခင်ထွေးထွေး ၁၂/သကတ(နိုင်)၁၁၄၆၄၄ နှင့် မြေး မောင်မင်းခန့်ပိုင် ၁၂/သကတ(နိုင်) ၂၂၀၁၅၈တို့အား အပြီးအပိုင်ပေးကမ်းပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲမင်းထွဋ် LL.B, Diploma in Business Law**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၄၇၅၊ ဇမ္ဗူသီရိ ၃လမ်းအရှေ့၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ဖုန်း-၀၉-၇၉၉၆၁၁၃၀၀**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ ဥတ္တရသီရိမြောက်ရပ်၊ မြေဧရိယာ ဝဒသမ၁၆၀ ဧကာ၊ မြေကွက်အမှတ် (ဥ-၆၀၃၆)၊ ဦးစိုးမင်းသန့်(ဘ) ဦးစိုးလွင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်မီမီ နိုင် ၁၂/သကတ(နိုင်) ၁၆၂၉၅၄ (ဘ)ဦးမောင်မောင်မှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၄၈၀/၂၀၁၈(၂၉-၃-၂၀၁၈)တင်ပြ၍ ဦးကောင်းမြတ်မျိုး ၁၂/သကတ(နိုင်) ၁၅၇၆၈၃ (ဘ)ဦးမျိုးနိုင်အမည်ဖြင့် မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း

# ဦးသိမ်းစံ

### အသက်(၇၆)နှစ်

အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင်-၇၀၀)၊ ပြင်ဦးလွင်နှလုံးရောဂါကုသမှုဌာနမှ ဒုတိယဗိုလ်မှူးကြီးထက်သူရစံ၏ ချစ်လှစွာသော ဖခင်ကြီးသည် ၁၄-၃-၂၀၂၀ရက်(စနေနေ့) နံနက် ၂:၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နှလုံးရောဂါကုသမှုဌာနများ**
**ဆေးဝန်ထမ်းတပ်ဖွဲ့**

## ရဟန်း၊ ကျောင်း ဒါယိကာမကြီး

# ဒေါ်စိန်အေး(စစ်တွေ)

### B.A(History)

### အသက်(၅၈)နှစ်

စစ်တွေမြို့နေ (ဦးထွန်းအောင်ဖြူ-ဒေါ်ဦးစိန်ညွန့်) (၉၉၉-ဆေးပေါ့လိပ်)၏သမီး၊ ဦးညိုလှအောင်-(ဒေါ်ဖြူမ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၈)ရပ်ကွက်၊ ဝတ်ကျောင်းလမ်း၊ အမှတ်(၄၆)(ပ)ထပ်နေ ဦးကျော်ရင်သာ၏ ချစ်လှစွာသော ဇနီး၊ မလဲ့ရည်မွန်ကျော်-မောင်တေဇာဝင်း၊ မမေသဇင်ကျော်၊ မောင်ဟိန်းထက်အောင်တို့၏မိခင်သည် ၁၄-၃-၂၀၂၀ရက် နံနက် ၅:၅၆နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၃-၂၀၂၀ရက်(တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကား များမွန်းလွဲ ၁၂:၄၅နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၀-၃-၂၀၂၀ရက်(သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ရဟန်း၊ ကျောင်း၊ ဒါယိကာမကြီး

# ဒေါ်စိန်အေး(စစ်တွေ)

### B.A(History)

### အသက်(၅၈)နှစ်

စစ်တွေမြို့နေ (ဦးထွန်းအောင်ဖြူ-ဒေါ်ဦးစိန်ညွန့်)(၉၉၉ ဆေးပေါ့လိပ်)၏သမီး၊ ဦးညိုလှအောင်-(ဒေါ်ဖြူမ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၈)ရပ်ကွက်၊ ဝတ်ကျောင်းလမ်း၊ အမှတ် ၄၆(ပ)ထပ်နေ ဦးကျော်ရင်သာ၏ ချစ်လှစွာသောဇနီး၊ ဒေါ်ခင်သန်း-ဦးထွန်းဦးကျော်၊ ဒေါ်အေးခိုင်-ဗိုလ်မှူးလှမြင့်(ငြိမ်း)၊ ဒေါ်နုနု-ဒုမှူးကြီးထွန်းဝေ(ငြိမ်း)တို့၏ညီမ၊ ဒေါ်တင်လှ၊ ဒေါ်သန်းသန်းညွန့်၊ ဒေါ်ခင်ခင်-ဦးမြနိုင်တို့၏ အစ်မ၊ တူ၊တူမ ၁၃ ယောက်တို့၏ အဒေါ်သည် ၁၄-၃-၂၀၂၀ရက် နံနက် ၅:၅၆ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၃-၂၀၂၀ ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူညီအစ်မများ**

# မောင်ဟိန်းထက်ဇော်

### B.E(E.C)(Final Year)

### နည်းပညာတက္ကသိုလ်(မော်လမြိုင်)

### အသက်(၂၅)နှစ်

ပခုက္ကူမြို့နေ (ဦးကုလား-ဒေါ်ခင်ကြည်)၊ ရန်ကုန်မြို့နေ ဦးဝင်းမြင့်-(ဒေါ်လှလှမြင့်)တို့၏မြေး၊ မော်လမြိုင်မြို့၊ ချောင်းစောက်ရပ်၊ အမှတ်(၃၉/က)နေ ဗိုလ်မှူးစိုးမြင့်ဦး-ဒေါ်စိမ်းလဲ့ဝင်းတို့၏ တစ်ဦးတည်းသောသား၊ ရဲမှူးချုပ်နေဝင်း(ငြိမ်း)-ဒေါ်ကြူကြူဝင်း၊ ဦးထွန်းထွန်းဝင်း-ဒေါ်သီညွန့်၊ ဦးမျိုးမြင့်အောင်-ဒေါ်မြကြည်ကြည်စန်း၊ ဒေါ်လတ်လတ်ဌေး၊ ဦးဇော်ထွန်းအောင်-ဒေါ်မြမြအေး၊ ဦးဇေယျာအောင်-ဒေါ်တင်ဌေးဝင်းတို့၏ တူသည် ၁၄-၃-၂၀၂၀ရက် (စနေနေ့) မွန်းလွဲ ၁:၄၀ နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၃-၂၀၂၀ရက် (တနင်္လာနေ့)နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးကျေးဇူးတင်ရှိခြင်း

# ဒေါ်စန်းမြင့် အသက်(၇၈)နှစ်

၁-၃-၂၀၂၀ရက်(စနေနေ့)ညနေ ၆:၁၀နာရီတွင် ဂရင်းဟံသာဆေးရုံ၌ ကွယ်လွန်သွားပါသော မိခင်ကြီးဒေါ်စန်းမြင့်နာမကျန်း၍ဆေးရုံတက်ရောက်ကုသမှုခံယူစဉ် အထူးဂရုစိုက်ကုသပေးခဲ့ကြသော ဂရင်းဟံသာဆေးရုံမှ အဆုတ်နှင့် ရင်ခေါင်းအထူးကုဆရာဝန်ကြီး ဒေါက်တာဦးရဲထွန်း၊ ကင်ဆာအထူးကုဆရာဝန်ကြီးဒေါက်တာ ဒေါ်ဝေဝေလွင်၊ ဓာတ်ရောင်ခြည်အထူးကုဆရာဝန်ကြီးဒေါက်တာ ဒေါ်ယဉ်သူဝင်း၊ HDU မှတာဝန်ကျဆရာဝန်နှင့်သူနာပြုများ၊ လာရောက်အားပေးကြသော ဆွေမျိုးမိတ်ဆွေများ၊ နာရေးကိစ္စတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော Shwe FM အသံလွှင့်ဌာနဥက္ကဋ္ဌ ဒေါ်နန်းမောက်လောဝ်ဆိုင်(မမီး)နှင့် ဝန်ထမ်းများ၊ ရွှေပုန်းညက်ရိပ်မွန်အိမ်ရာကော်မတီနှင့် ဝေယျာဝစ္စအဖွဲ့များ၊လိုက်ပါပို့ဆောင်ကြသော ဆွေမျိုးမိတ်ဆွေများနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးကို ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

# ဦးစိန်ဝင်း

### (ကား အကျိုးဆောင်)

### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ကန်တော်ကလေး၊ ဗညားဒလလမ်း(ဘိုးလိန်း)၊ အမှတ် ၄၈ (ပထမထပ်)နေ (ဦးအေးလှိုင်-ဒေါ်အေး) တို့၏သား၊ ဒေါ်ခင်စန်းမြင့်၏ချစ်လှစွာသောခင်ပွန်း၊ မသီတာဝင်း၊ မခိုင်ခိုင်ဝင်း၊ မောင်ညီညီဝင်း-မတင်မိုးဝေ၊ မချောစုဝင်းတို့၏ ဖခင်၊ ညီဘုန်းမြတ်၊ မြခွန်းချိုတို့၏ဘိုးဘိုးကြီးသည် ၁၄-၃-၂၀၂၀ရက် (စနေနေ့)နံနက် ၉:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၃-၂၀၂၀ ရက် ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကား ညနေ ၃:၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

# ဒေါ်မေစီသန်းလွင်

### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မကြီးကြီးလမ်း၊ အမှတ် ၂၁နေ (ဦးသန်းလွင်-ဒေါ်ခင်နှင်းရီ)တို့၏သမီး၊ ဒေါ်အေးသန်းလွင်၊ ဦးမင်းဟန်-ဒေါ်လတ်သန်းလွင်တို့၏ ညီမ၊ ဦးလှသန်း-ဒေါ်နိုင်နိုင်အေး၊ ဦးနိုင်သန်း- ဒေါ်ခင်ယုဝေ၊ဦးဝင်းမော်-ဒေါ်ခင်ခင်လေး၊ ဦးကိုကိုနိုင်-ဒေါ်ခင်ခင်ဆွေ၊ ဒေါ်ခင်ခင်စုတို့၏ချစ်လှစွာသောအစ်မ၊ မခင်ငြိမ်းငြိမ်းအေး၊ ကိုဝင့်ကိုကိုကောင်းဇံ-မဝိုင်းရွှေယံလင်း၊ ဒေါက်တာကောင်းဇော်၊ ဒေါက်တာဟိန်းထက်အေး-ဒေါက်တာ ခင်လင်းမော်၊ ဒေါက်တာခင်မျိုးနိုင်၊ မဇင်ဇင်နိုင်၊ မရတနာသန်းတို့၏ ချစ်လှစွာသော ကြီးကြီးသည် ၁၄-၃-၂၀၂၀ရက် (စနေနေ့)နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၀-၃-၂၀၂၀ ရက်(သောကြာနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

# ဒေါ်ခင်လှမူ (နည်းပြ-ငြိမ်း)

### အထက(၅)ဗိုလ်တထောင်၊ အထက(၂) ပန်းဘဲတန်း

### အထက(၄)ပုဇွန်တောင်

### ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် (ရွာသစ်ကြီး)စစ်ကိုင်း

### အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ သဇင်ပန်းလမ်း၊ အမှတ် ၄၀နေ (ဦးကံလှိုင်-ဒေါ်အုန်းကြည်)တို့၏ သမီး၊ ဦးဌေးဟန်၏ဇနီး၊ [မတိုးဟေမာဌေးဟန်(ခ)မဇင်မျိုးသော်] ၏ မိခင် ဒေါ်ခင်လှမူသည် ၁၄-၃-၂၀၂၀ရက် မွန်းလွဲ ၂:၄၀ နာရီတွင် ဗဟိုအမျိုးသမီးဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်ခဲ့သော ခန္ဓာကိုယ်အား(ဆေးတက္ကသိုလ်-၁၊ရန်ကုန်)သို့ လှူဒါန်းပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## သင့်သွေးဖြင့် အသက်ကယ်ပါ

# ပညာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်

ပညာရေးဝန်ကြီးဌာနအနေဖြင့် COVID–19 ရောဂါ ကာကွယ်နှိမ်နင်းရေး အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်အရ တက္ကသိုလ်ဝင်စာမေးပွဲ ကျင်းပနေသည့် စာစစ်ဌာနများတွင် အောက်ပါအချက်များ လိုက်နာဆောင်ရွက်ရန် သက်ဆိုင်ရာတာဝန်ရှိသူများသို့ အကြောင်းကြားခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ COVID–19 ကြိုတင်ကာကွယ်ရေးအချက်များအား တက္ကသိုလ်ဝင်စာမေးပွဲ စတင်ကျင်းပသည့် ၁၁–၃–၂၀၂၀ ရက်နေ့ကစ၍ စာစစ်ဌာနများတွင် ဆောင်ရွက်လျက်ရှိပါသည်။

(၁) စာမေးပွဲ မစတင်မီ ကျောင်းသား/ကျောင်းသူများအား ဖျားခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း စသည့် ရောဂါလက္ခဏာများ ဖြစ်ပွားနေမှု ရှိ/မရှိ မေးမြန်းရန်၊

(၂) ဖျားခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း စသည့်ရောဂါလက္ခဏာများ ခံစားနေရသော ကျောင်းသား/ကျောင်းသူများရှိပါက အဆိုပါ ကျောင်းသား/ကျောင်းသူများအား Surgical Mask နှာခေါင်းစည်း စနစ်တကျ တပ်ဆင်အသုံးပြု၍ ဖြေဆိုစေရန် (သို့မဟုတ်) သီးခြားနေရာ သတ်မှတ်ပေး၍ စာမေးပွဲ ဖြေဆိုစေရန်၊

(၃) စာစစ်ဌာနများတွင် သီးခြားအခန်းတစ်ခန်း စီစဉ်ထားရှိစေ၍ ရောဂါလက္ခဏာ ခံစားနေရသော ကျောင်းသား/ကျောင်းသူများအား ဖြေဆိုစေရန်နှင့် စာမေးပွဲခန်းစောင့် ဆရာ/ဆရာမများအားလည်း ရောဂါမကူးစက်နိုင်ရေး အလေးထား ဆောင်ရွက်စေရန်၊

(၄) ထိုသို့ ရောဂါလက္ခဏာများ ခံစားနေရသော ကျောင်းသား/ကျောင်းသူများရှိပါက သက်ဆိုင်ရာကျန်းမာရေးဌာနများသို့ သတင်းပေးပို့၍ ကုသမှုခံယူစေရန်၊

(၅) လက်ဆေးရန် ရေနှင့်ဆပ်ပြာများ၊ Hand Gel များ၊ Surgical Mask နှာခေါင်းစည်းများအား အလုံအလောက်ထားရှိပေး၍ စနစ်တကျအသုံးပြုရေး ကြီးကြပ်ပေးရန်၊

(၆) စာမေးပွဲခန်းအတွင်းရှိ စာပွဲများအား အနည်းဆုံး (၃)ပေခန့် ဝေးကွာအောင် ထားရှိဖြေဆိုစေရန်၊

(၇) စာမေးပွဲခန်းအတွင်းသို့ မဝင်ရောက်မီ ကျောင်းသား/ကျောင်းသူများအား Hand Gel များဖြင့် လက်သန့်စင်စေပြီးမှ ဝင်ရောက်စေရန်၊

(၈) စာမေးပွဲခန်းစောင့် ဆရာ/ဆရာမများ ဖျားခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း စသည့်ရောဂါလက္ခဏာများ ခံစားနေရပါက စာမေးပွဲခန်း မစောင့်စေဘဲ သက်ဆိုင်ရာ ကျန်းမာရေးဌာနသို့ သတင်းပေးပို့၍ ကုသမှုခံယူစေရန်၊

(၉) စာမေးပွဲခန်းအား လေဝင်/လေထွက် ကောင်းစေရေး ဆောင်ရွက်ပေးရန်၊

**ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID–19) ကာကွယ်နိုင်မည့် နည်းလမ်းများ**

(၁) လက်ကို စင်ကြယ်အောင် မကြာခဏ စနစ်တကျ ဆေးကြောပါ။

(၂) နှာချေ၊ ချောင်းဆိုးသည့်အခါ နှာခေါင်းနှင့် ပါးစပ်ကို လုံခြုံအောင် ဖုံးအုပ်ပါ။ တစ်ရှူးအသုံးပြုပါက အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ပါ။ လက်ကို စနစ်တကျ ပြန်လည်ဆေးကြောပါ။

(၃) တစ်ကိုယ်ရေသန့်ရှင်းမှု ဂရုပြုဆောင်ရွက်ပါ။ အာဟာရပြည့်ဝစွာ စားသုံးပါ။ ကောင်းစွာ အိပ်စက် အနားယူပါ။

ပညာရေးဝန်ကြီးဌာန

## COVID–19 ရောဂါကြောင့် သက်ထားသူဇာ ယှဉ်ပြိုင်ရန် ဥရောပနှင့် အာရှနိုင်ငံများ၌ စီစဉ်ထားသည့်ပြိုင်ပွဲများ ပျက်ပြယ်

**ရန်ကုန် မတ် ၁၄**

မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာသည် မတ်နှင့် ဧပြီလဆန်းတွင် ဥရောပနှင့် အာရှနိုင်ငံများ၌ ပြိုင်ပွဲများယှဉ်ပြိုင်ရန် စီစဉ်ထားသော်လည်း COVID–19 ရောဂါကြောင့် ပြိုင်ပွဲအားလုံး ပျက်ပြယ်ခဲ့ရသည်။

သက်ထားသူဇာသည် ဖေဖော်ဝါရီတွင် ယူဂန္ဓာနှင့် ကင်ညာနိုင်ငံတို့၌ ကျင်းပသည့်ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ပြီး နောက်ပိုင်း ဥရောပနိုင်ငံများတွင် ပြိုင်ပွဲများ ယှဉ်ပြိုင်ရန် ပေါ်တူဂီနိုင်ငံသို့ ထွက်ခွာခဲ့သည်။ သို့သော် ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားနေသည့် COVID–19 ရောဂါကြောင့် ပြိုင်ပွဲများဆက်တိုက် ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။ သက်ထားသူဇာသည် ပေါ်တူဂီနှင့် ချက်နိုင်ငံသို့ ရောက်ရှိပြီးမှ ပြိုင်ပွဲများ

စာမျက်နှာ ၁၂ ကော်လံ ၅ ❀



မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာ။ ဓာတ်ပုံ–ဖိုးသော်ဇင်

## COVID-19 ရောဂါကြောင့် MNL ပြိုင်ပွဲ ပွဲစဉ် (၁၀) နှင့် (၁၁)ပွဲ အားလုံးကို ကွင်းပိတ်ကစားရန် ဆုံးဖြတ်

**ရန်ကုန် မတ် ၁၄**

ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားနေသည့် COVID–19 ရောဂါကြောင့် ၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၀) နှင့် (၁၁) မှ ပွဲအားလုံးကို ကွင်းပိတ်ကစားရန် ဆုံးဖြတ်ခဲ့သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်ကော်မတီ ဥက္ကဋ္ဌ ဦးဇော်ဇော်သည် ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းများ၊ လိဂ်ကော်မတီဝင်များနှင့် အစည်းအဝေးပြုလုပ်ပြီးနောက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်အတိုင်း ဧပြီ ၃၀ ရက်အထိ ပြည်တွင်းပွဲများကို ပရိသတ်မပါဘဲ ကွင်းပိတ်ကစားရန်၊ လူစုလူဝေးဖြင့် ကျင်းပရမည့် ဘောလုံးလှုပ်ရှားမှုများအားလုံး ခေတ္တရပ်ဆိုင်းထားရန် ဆွေးနွေးဆုံးဖြတ်ခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီ အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်နှင့် ပြိုင်ပွဲကျင်းပရေးမှ တာဝန်ရှိသူများသည် မတ် ၁၃ ရက် ညနေပိုင်းတွင် MNL ကလပ်အသင်းများနှင့် အစည်းအဝေးပြုလုပ်ပြီးနောက် MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၀) နှင့် (၁၁) ကို ပရိသတ်မပါဘဲ ကွင်းပိတ်ကစားရန်၊ ပွဲအားလုံးကို ရန်ကုန်မြို့ရှိ သုဝဏ္ဏနှင့် YUSC ကွင်းသို့ ပြောင်းလဲကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ပထမအကျော့လက်ကျန်ပွဲများကို

စာမျက်နှာ ၁၂ ကော်လံ ၁ ❍

## MNL ပွဲအပြောင်းအလဲကြောင့် လက်ရွေးစင်နှင့် ယူ-၂၁ အသင်းတို့၏ လေ့ကျင့်ရက်လျှော့ချ

**ရန်ကုန် မတ် ၁၄**

ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာ ပြိုင်ပွဲများအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် မြန်မာ ယူ–၂၁ အသင်းတို့သည် MNL ပွဲ ပထမအကျော့ အပြောင်းအလဲကြောင့် လေ့ကျင့်ရက်လျှော့ချခဲ့သည်။

ယင်းနှစ်သင်းစလုံးသည် ယခင်က မတ် ၂၀ ရက်အထိ လေ့ကျင့်ရန် စီစဉ်ထားသော်လည်း MNL အမှတ်ပေးပြိုင်ပွဲကို မတ် ၂၃ ရက်တွင် ပြန်လည်ကျင်းပရန် ဆုံးဖြတ်ခဲ့သောကြောင့် လေ့ကျင့်ရက်ကို လျှော့ချကာ မြန်မာ့လက်ရွေးစင်အသင်းက မတ် ၁၇ ရက်၊ မြန်မာ ယူ–၂၁ အသင်းက မတ် ၁၈ ရက် နံနက်ပိုင်းအထိသာ လေ့ကျင့်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် မတ် ၁၂ ရက် ညနေပိုင်းတွင် စတင်လေ့ကျင့်ခဲ့ပြီး ကစားသမား ၂၃ ဦးဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ယခုလအတွင်းယှဉ်ပြိုင်ရမည့် ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲများ ရွှေ့ဆိုင်းခဲ့သော်လည်း နည်းပြချုပ် အန်တွမ်နီပေါ့အနေဖြင့် လေ့ကျင့်မှုပြုလုပ်လိုသောကြောင့် ကာလတို လေ့ကျင့်ပြင်ဆင်ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းတွင် **နည်းပြချုပ်**အဖြစ် အန်တွမ်နီပေါ့ (ဂျာမနီ)၊ **လက်ထောက်နည်းပြ**များအဖြစ် ဦးကြည်လွင်၊ ဦးမင်းထွန်းလင်း၊ ဦးအောင်ကျော်မိုး၊ **ဂိုးနည်းပြ**အဖြစ် ဦးစိုင်းမောင်မောင်ဦး၊ ကစားသမားများအဖြစ် **ဂိုး**– ကျော်ဇင်ထက် (ရန်ကုန်)၊ ကျော်ဇင်ဖြိုး (ရှောဝတီ)၊ ပြည့်လျှံအောင်(ရတနာပုံ)၊ **နောက်တန်း**–ဟိန်းသီဟဇော်၊ ဒေးဗစ်ဒန်း၊ နန္ဒကျော်၊ ငြိမ်းချမ်း (ရှမ်းယူနိုက်တက်)၊ ဇော်ရဲထွန်း၊ ရဲရင့်အောင် (ရတနာပုံ)၊ သိန်းသန်းဝင်း၊

စာမျက်နှာ ၁၂ ကော်လံ ၅ ●



မြန်မာ့လက်ရွေးစင်အသင်း မတ် ၁၄ ရက်က လေ့ကျင့်နေစဉ်။ ဓာတ်ပုံ–ဖိုးသော်ဇင်

## ထူးခြားသည့် နေ့အပူချိန်များ

၁၄–၃–၂၀၂၀

| | | | |
|---|---|---|---|
| ဘော်လခဲမြို့ | ၄၃ ဒီဂရီစင်တီဂရိတ် | အောင်လံမြို့ | ၄၁ ဒီဂရီစင်တီဂရိတ် |
| ချောက်မြို့ | ၄၂ ဒီဂရီစင်တီဂရိတ် | ဆင်ဖြူကျွန်းမြို့ | ၄၁ ဒီဂရီစင်တီဂရိတ် |
| မကွေးမြို့ | ၄၁ ဒီဂရီစင်တီဂရိတ် | ဖားဆောင်းမြို့ | ၄၁ ဒီဂရီစင်တီဂရိတ် |

**ကံမတွင် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေသည့် ကျောင်းသား ကျောင်းသူ ၁၃ ဦး ဝမ်းပျက်ဝမ်းလျှော ဖြစ်သဖြင့် ဆေးကုသမှုခံယူရ**

စာ » ၁၂

**မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ**

စာ » ၁၃